
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မပဲ့ဝါမဝင်ရ . . . . . . . . . . . . . . . . . . . . ၅

၂။ အဆောင်းဓားကောင် . . . . . . . . . . . . . . . ၅၃

၃။ တစ္ဆေမယား . . . . . . . . . . . . . . . . . . ၉၃

၄။ ကြက်ခွဲသောင် . . . . . . . . . . . . . . . . . ၁၂၅


www.burmeseclassic.com

www.burmeseclassic.com



# မပဲတီ မဝင်ရ

ဒီတုန်းက တာတေ မြို့မှာ ကျောင်းနေတုန်းဗျ။ ရှစ်တန်း လောက်ထင်တာပဲ။ ကျုပ်က မြို့ကျောင်းတက်တုန်းက အမေ့ရဲ့

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ဘကြီးရဲ့အိမ်မှာ နေရတာလေဗျာ။ ဘကြီးက အမေ့ရဲ့ အစ်ကိုလို့ မပြောရဘူးဗျ။ ကျုပ်အမေလိုပဲ ဝက်သားချက် လွတ်ကောင်းတာ။

ကျုပ် ဝက်သားကြိုက်မှန်းသိလို့ထင်တယ် ဘကြီးက ကျုပ်ကို ဝက်သား မကြာ မကြာ ချက်ကျွေးတာဗျ။ ဘကြီးချက်တဲ့ ဝက်သနီချက်က လွတ်ကောင်းတာဗျို့။ ဘကြီးက လူပျိုကြီးဆို တော့ အိမ်မှာ သူ့ဟာသူပဲ ချက်တာလေဗျာ။ လျှော်တာ ဖွပ်တာ ကတော့ နာမိုးနိုးလို့ ခေါ်တဲ့ ကုလားမတစ်ယောက် ခေါ်ထား တယ်ဗျ။

ဘကြီးက တစ်ယောက်တည်းနေရတဲ့သူဆိုတော့ တစ်ခါ တလေတော့လည်း ပျင်းမှာပေါ့ဗျာ။ ရွာလေးတွေဘက်ကို တစ်ခါ တလေ သွားလည်တတ်တယ်။

"တာတေ မင်း သိတင်းကျွတ်ကျောင်းပိတ်ရက် ရွာပြန်ဦး မှာလား"

ဘကြီးက ဆိုင်းမဆင့် ဗုံမဆင့်ကြီး မေးလိုက်တာဗျ။

"ဘကြီး ဘာကိစ္စရှိလို့တုံး"

"မင်း ရွာမပြန်ရင် ဘကြီး မင်းကို ခေါ်သွားမလို့ကွ"

"ဟင် ဘယ်ကိုတုံး ဘကြီး"

"ဘကြီး ငယ်သူငယ်ချင်းတစ်ယောက် ရှိတယ်ကွ၊ ဘရှင်း ဆိုတဲ့ကောင် အသက်ကတော့ ဘကြီးထက် နှစ်နှစ် သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြီးတယ်၊ ဘဂျမ်းတို့ရွာက ကုန်းတန်းလို့ခေါ်တယ်။ ကုန်းခေါင်ခေါင်ကြီးပေါ့ကွာ။ မိုးရွာမှ ရေမြင်ရတဲ့ သဲချောင်းလေးတွေတော့ ရှိတယ်ကွ။ ဒါလည်း မိုးတွင်းလောက်ပဲ ရေမြင်ရတာကွ၊ ပူပြီဆိုရင် လွတ်ပူပြီး အေးပြီဆိုရင် လွတ်အေးတဲ့ရွာပေါ့ကွာ"

ကျုပ်က ဘကြီးပြောတဲ့ ကုန်းခေါင်ခေါင်ရွာကြီးဆိုတာကို တော်တော်လေးစိတ်ဝင်စားသွားတာဗျို့။

"ဒီကနေဆိုရင် တော်တော်ဝေးလား ဘကြီး"

"ဒီကနေ မန်ကျည်းတန်းကားကိုစီးပြီး မန်ကျည်းတန်းမှာ တစ်ညအိပ်ရမယ်၊ နောက်နေ့မနက် စောစောထပြီး လှည်းငှားသွားရမှာကွ"

"မန်ကျည်းတန်းမှာက ဘကြီးအသိရှိလား"

"ဟာ ရှိတာပေါ့ တာတေရ၊ မန်ကျည်းတန်းမှာလည်း ဘကြီးသူငယ်ချင်း သုံးယောက် ရှိတယ်။ အရပ်ရှည်ရှည်ကောင်ကြီး ဘစောရယ်၊ အရပ်ပုပြတ်ပြတ်နဲ့ ကျော်ပုဆိုတဲ့ ကောင်ရယ်၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့ ကရင်ကြီးရယ်လေကွာ"

"သွားလေ ဘကြီး၊ ကုန်းတန်းက ပြန်လာတော့မှပဲ ကျုပ်ရွာကို ပြန်မှာပေါ့"

"အေး. . ဒါဆိုရင် ဟန်ကျတာပေါ့ကွာ၊ ဘကြီးလည်း ငယ်သူငယ်ချင်းတွေကို သတိရလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သွား . . သွား . . ဘကြီး ကျုပ်လိုက်ခဲ့မယ်"

"အေး အေး ဒါဆိုရင် ဘကြီး စိစဉ်လိုက်တော့မယ် ဒီကြားထဲ ကုန်းတန်းက လူကြုံတွေ့ရင်လည်း ဘဂျမ်းကြီးဆီကို မှာလိုက်မှာပေါ့ကွာ၊ အင်း မှတ်မိသေးတယ်ကွာ၊ ဘဂျမ်းတို့ရွာက မြစ်တွေ ချောင်းတွေနဲ့လည်း မနီးတော့ ဘစောတို့ ကရင်ကြီးတို့က ဘဂျမ်းကို တွေ့တာနဲ့ တန်းစကြတာကွ"

"ဟင် ဘယ်လိုစတာတုံးဗျ ဘကြီးရ"

"မန်းမနီး ရေဝေး

တန်ရေသောက် မြက်ခြောက်စား

ပြားခလောက်ဆွဲ"

လို့ စတာကွ။

"ဟား ဟား ဟား ဟား"

ဘကြီးပြောတဲ့ မန်းမနီးရေဝေးကို ကျုပ်စိတ်ထဲမှာ ဆိုကြည့်ပြီး သဘောကျသွားတာဗျို့။

ကျောင်းစပိတ်တဲ့နေ့မှာပဲ ဘကြီးနဲ့ ကျုပ်နဲ့ မန်ကျည်းတန်းကားနဲ့ လိုက်ခဲ့ကြတာဗျို့။ မန်ကျည်းတန်းကားက ဒေါ့ဂျစ်အစုတ်ကြီးဗျ။ ဒါပေမဲ့ အင်ဂျင်ကတော့ အကောင်းသား၊ တောလမ်းမှာ လမ်းကလေး နည်းနည်းသာလို့ကတော့ ဝီးကနဲ ဝီးကနဲနေအောင် ဆွဲတော့တာဗျို့။

တောလမ်းဆိုတော့ ထမင်းဆိုင်တွေဘာတွေ ဘယ်ရှိမှာ



www.burmeseclassic.com

www.burmeseclassic.com



တုံးဗျာ။ ထမင်းစားချိန်လောက်ကျတော့ ရွာကြီးတစ်ရွာရဲ့ အပြင်ဘက်က အကြော်တဲကြီးတစ်လုံးရှေ့မှာ ကားရပ်ပေးတယ်။

ဘူးသီးကြော်နဲ့ ငှက်ပျောကြော်ကြီးတွေမှ ကောင်းလိုက်တာဗျာ။ ရေနွေးကြမ်းကလည်း ကောင်းပါဘိသနဲ့။ ကျုပ်ဖြင့် ဘူးသီးကြော် နှစ်ခု ဆက်တိုက်စားပစ်လိုက်ရောဗျို့။

"နေပါဦး ဆရာကြီးရဲ့၊ ဒီရွာကို ဘာရွာခေါ်တုံးဗျ"

ဘကြီးက ကျုပ်တို့နဲ့ တစ်ဝိုင်းတည်းမှာ လာထိုင်ပြီး အကြော်စားတဲ့ အဘိုးကြီးတစ်ယောက်ကို မေးတာဗျ။

မျက်ခုံးမွေးတွေရော နှုတ်ခမ်းမွေးတွေရော ဖြူနေတဲ့ အဘိုးကြီးက အံသွားလေးနဲ့ အကြော်ကို ကြိတ်ဝါးရင်းက. . .

"ဒါကျွတ်ချောင်းလေဗျာ၊ ရွာတောင်ဘက်မှာ ကျွတ်ချောင်းလို့ခေါ်တဲ့ တောင်ကျချောင်းလေးတစ်ခု ရှိတယ်၊ လူတော့ အားကြီးစားတာဗျ၊ တစ်နှစ်ကို နှစ်ယောက်တော့ အနည်းလေးပဲ ကိုယ့်လူရေ"

"ဟင် ဟုတ်လားဗျ၊ သတိနည်းကြလို့ ထင်ပါရဲ့ဗျာ"

မျက်ခုံးဖြူ အဘိုးကြီးက သူ့မျက်ခုံးဖြူဖြူကြီးတွေကို ပင့်လိုက်ပြီး. . .

"ဒီလိုတော့လည်း ဟုတ်မထင်ပါဘူးဗျာ၊ လူဆိုတာ သေမှာကြောက်ကြတာချည်းပဲ ကိုယ့်လူရဲ့၊ ကျွတ်ချောင်းကိုက လူစားတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးလည်း ဘာမှပြန်မပြောတော့ဘဲ ခေါင်းလေးပဲ ညိတ်နေရောဗျို့။ ဒီတော့မှ မျက်ခုံးဖြူကြီးက ကျေနပ်သွားပြီး စကားဆက်တော့တာဗျို့။

"ကိုယ့်လူက ဒီနယ်ဘက်က မဟုတ်လို့ဗျ၊ ဒီတစ်ဝိုက်မှာ ဟိုတုန်းကဆိုရင် ကျတ်တွေ တော်တော်ကို သောင်းကျန်းခဲ့တာဗျို့"

"ဟင် ဟုတ်လား ဆရာကြီးရဲ့၊ ကျုပ်က ကျတ်ဆိုတာ လူတွေ ဖန်တီးပြီးပြောတဲ့ဇာတ်လမ်းတွေလို့ ထင်နေတာဗျ"

"ဘယ့်နှယ်ဖန်တီးရမှာတုံးဗျာ၊ တကယ်ကြုံခဲ့ရတဲ့လူတွေက ပြန်ပြောတဲ့ အဖြစ်အပျက်တွေပေ့ါဗျာ၊ အင်း ပြောရရင်တော့ ကျုပ်အဘကိုယ်တိုင်ကို ကြုံခဲ့ရတာဗျ"

"ဟင် ဟုတ်လား အဘိုး"

ကျုပ်ပါးစပ်ကနေ လွှတ်ကနဲ ပြောလိုက်မိတာဗျို့။ မျက်ခုံးဖြူဖြူနဲ့ အဘိုးကြီးက ကျုပ်ကို အကြော်ဝါးရင်းနဲ့ လှည့်ကြည့်တယ်။

"လူလေးက ဒါတွေ စိတ်ဝင်စားတယ်မှတ်တယ်"

"ဟုတ်ကဲ့ အဘိုး"

ကျုပ်ဘကြီးက ရယ်ပြီးဝင်ပြောတယ်ဗျ။

"ဒီကောင် ကျုပ်တူပါ၊ နာမည်က တာတေလို့ခေါ်တယ်၊ သိပ်စပ်စပ်စုစုနိုင်တဲ့ကောင်ဗျ ဆရာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ကလေးဆိုတာ ဒီလိုပေါ့ဗျာ၊ ဒါမှလည်း ဗဟုသုတဖြစ်မှာပေါ့ ကိုယ့်လူရာ"

မျက်ခုံးဖြူကြီးက ရယ်ရင်းမောရင်း ပြောတာဗျ။ ပြီးတော့မှ သူ့ရှေ့မှာ ငှဲ့ထားတဲ့ ရေနွေးပန်းကန်ကို ကောက်ယူပြီး ပါးစပ်မှာ တေ့လိုက်တယ်။ ဖူး ဖူးနဲ့ နှစ်ချက်လောက် မှုတ်လိုက်ပြီး ဖရှူး ဖရှူးနဲ့ ရေနွေးတွေကို သောက်လိုက်သဗျ။ ပြီးတော့မှ ပြောတာဗျို့။

"ဒီလို ကိုယ့်လူရေ. . ကျုပ်တို့ရွာက မန်ကျည်းတန်း မရောက်ခင်ပေါ့၊ သစ်မလဲရွာလို့ ခေါ်တယ်၊ ကျုပ်အဘနာမည်က ဘစိုးတဲ့ဗျ၊ အဘက လွှတ်ဘဏ်ကောင်းတဲ့လူဗျ၊ ဘာကိစ္စပဲဖြစ်ဖြစ် သေသေချာချာ ကြည့်ခွင့်ရရင် တစ်ခါနဲ့ တတ်တဲ့လူဗျ၊ ရဟန်းခံရှင်ပြုရှိသမျှ၊ မင်္ဂလာဆောင်ရှိသမျှမှာ ထမင်းဟင်းချက်တဲ့နေရာမှာ ကျုပ်အဘက နာမည်ကြီးဗျ၊ ဘုရားတည် ကျောင်းဆောက်ဆိုလည်း ကျုပ်အဘ ပါရတာဗျ၊ ရွာထဲ အိမ်ဆောက်ရင်လည်း ကျုပ်အဘ ပါရတာဗျ။ ဒါကြောင့် ကျုပ်အဘကို 'သစ်နင်းသစ်ကျိုး၊ ဝါးနင်း ဝါးကျိုး ကိုဘစိုး' တဲ့ဗျ။ အဘက မြင်းလည်း အတော်နားလည်တာ ကိုယ့်လူရေ၊ ကိုယ့်လူလည်း ကြားဖူးမှာပေါ့၊ 'ကျောက်နဲ့မြင်း၊ စိုးစဉ်းသိက ထမင်းဝ' ဆိုတာလေဗျာ၊ ငွေပေါတဲ့လူတွေက မြင်းကောင်းစီးချင်ရင် ကျုပ်အဘကိုပဲ မြင်းရှာခိုင်းကြတာဗျ၊ အဘရှာပေးတဲ့ မြင်းများ စီးရရင် လွှတ်ဘုံးဘဏ်ယူ



www.burmeseclassic.com

www.burmeseclassic.com



ကြတာကလားဗျာ၊ ကျုပ်မြင်းက ဘစိုးကိုယ်တိုင် ဝယ်ပေးတဲ့ မြင်းဗျ ဆိုပြီး ကြွားဝါပြောကြရတဲ့အထိပဲဗျို့”

ဘကြီးရော ကျုပ်ရော ခေါင်းလေးတွေညိတ်ပြီး နားထောင်နေကြတာပေါ့ဗျာ။ မျက်ခုံးဖြူအဘိုးကြီးကလည်း ပြောရတာ အာတွေ့သွားပြီ ထင်ပါရဲ့ဗျာ။ အာကို ရွှင်နေတာဗျ။ ကျုပ်ကလည်း သူ့အကြမ်းပန်းကန်မှာ ကုန်သွားရင် မြေကရားထဲက ရေနွေးကို ငှဲ့ထည့်ပေးထားရတာပေါ့ဗျာ။

‘သစ်နင်းသစ်ကျိုး ကိုဘစိုး’ ရဲ့သား မျက်ခုံးဖြူအဘိုးကြီးက သူ့ရဲ့အဖေကို သတိရသွားပုံပဲဗျ။

“တစ်ရက်ကျတော့ ကျုပ်အဘဆီကို ကျုပ်တို့ရွာရဲ့ မြောက်ဘက် ဆယ်တိုင်လောက်ဝေးတဲ့ ခေါင်းပြတ်တောင်ခြေက ဆင်ကျုံးရွာသူဌေးသား ကိုမင်းလွင် ဆိုတာ ရောက်လာတယ်ဗျ။ ဒီတုန်းက ကျုပ်က အသက်ဆယ်နှစ်သားလောက် ရှိသေးတာဗျ။ အဘက အသက်သုံးဆယ်ကျော်လောက်ပဲ ရှိဦးမယ်။ ကျုပ်တို့ဆီကို ရောက်လာတဲ့ သူဌေးသား ကိုမင်းလွင်က အသက်အစိတ်လောက်ဗျ။

သူက မြင်းကောင်းကောင်း လိုချင်လို့တဲ့ဗျို့။ ဘယ်လောက်ပေးရ ပေးရ မြင်းကောင်းရရင်တော်ပြီ အဘကိုယ်တိုင် လိုက်ဝယ်ပေးပါလို့ ပြောသဗျ”

“ကျုပ် သတင်းတစ်ခုတော့ ရထားတာရှိတယ် ကိုမင်းလွင်



www.burmeseclassic.com

www.burmeseclassic.com


ရဲ့၊ ကျတ်ချောင်းဘက်မှာ မြင်းကောင်းတစ်စီး ရှိတယ်ဆိုပဲ။ အရောင်က အုန်းခွံရောင်တဲ့ဗျ၊ မြင်းက ဒေါက်လည်း တော်တော်မြင့်တယ်ဆိုပဲ၊ ဗွေကောင်းလည်း တော်တော်ပါတယ်တဲ့၊ ကျုပ်မိတ်ဆွေတစ်ဆင့် ပြန်ပြောတာကို ကြားရတာကတော့ တော်တော်ကို သဘောကျစရာပဲ ကိုမင်းလွင်ရဲ့"

"ကိုဘစိုး ကြိုက်တဲ့မြင်းဆိုရင် ကျုပ်က ငြင်းဖို့ လိုဦးမှာလားဗျာ"

ကိုမင်းလွင်က အဖော်တစ်ယောက်နဲ့ လာတာဗျ။ တစ်ယောက် မြင်းတစ်ကောင်စီနဲ့ လာကြတာပျို့။ ကျုပ်အဘကလည်း သူ့ရဲ့လက်စွဲတော် တိမ်ညို ဆိုတဲ့ မြင်းညိုကြီးကို စီးလို့ပေါ့ဗျာ။ ကျတ်ချောင်းကို မြင်းဝယ်ဖို့ သွားကြရောဗျ။

"ဆရာကြီးအဘက မြင်းစီးလည်း ကျွမ်းကျင်တယ် မှတ်တယ်"

"ဟာ ကျွမ်းပ့ါ ကိုယ့်လူရာ၊ မြင်းပေါ်မှာ မတ်တတ်ရပ်စီးတတ်တယ်၊ မြင်းဘေးမှာလည်း တွယ်ပြီးစီးတတ်တယ်ဗျ၊ တော်ရုံတန်ရုံ မြင်းကြမ်း မြင်းဆတ်များတော့ ကျုပ်အဘဆီကို တစ်ရက် နှစ်ရက်လောက် ပို့ထားလိုက်ရင် ယဉ်သွားတော့တာပျို့၊

အင်း. . အဲဒါနဲ့ စောစောကအကြောင်း ဆက်ရဦးမယ်ပျို့၊ အဘတို့ ကျတ်ချောင်းရောက်တော့ မိုးချုပ်သွားပြီတဲ့ဗျ၊ အဘတို့လည်း မြင်းသုံးစီးနဲ့ ရွာထဲ ဝင်ကြတာပေါ့ဗျာ၊ ကျတ်ချောင်းက



www.burmeseclassic.com

www.burmeseclassic.com



ရွာကြီး အကြီးကြီးဆိုပဲ။ အိမ်ကြီးအိမ်ကောင်းတွေမှ ပေါလိုက်တာတဲ့ဗျာ၊ ခေါင်နှစ်လုံးနဲ့ အိမ်ကြီးတွေ၊ ဆင်ဝင်ကြီးတွေနဲ့ အိမ်တွေ၊ ပြီးတော့ ရွာလမ်းကြီးကလည်း ဖြူနေတာတဲ့ဗျာ"

"နို့ နေပါဦး ဆရာကြီးရဲ့၊ ဆရာကြီးအဘက ဒီကျွတ်ချောင်းကို အရင်မရောက်ဘူးလို့လားဗျ"

ဘကြီးက ဝင်မေးတာဗျို့။ ဟုတ်တော့ ဟုတ်သားဗျ။ ဦးဘစိုးလိုလူက မြင်းတစ်စီးနဲ့ သွားလာနေရဲ့သားနဲ့ ကျွတ်ချောင်းကို မရောက်ဖူးသလို အံ့ဩနေတယ်ဆိုတော့ ဘကြီးက အံ့ဩပြီး မေးလိုက်တာပေါ့ဗျာ။

"အဘက ဒီကျွတ်ချောင်းကို မရောက်တာ နှစ်တော်တော်ကြာသွားပြီတဲ့ဗျ၊ အရင် သူရောက်ဖူးတဲ့ ကျွတ်ချောင်းက ဒီလိုမဟုတ်ဘဲ အခုလို တအားတိုးတက်သွားတော့ အဘက အံ့ဩနေတာတဲ့ဗျို့။ ဒီရွာ စီးပွားရေး တော်တော်ကောင်းသွားတာပဲဆိုပြီး မှုဒိတာပွားမိသတဲ့ဗျာ။ ဒါနဲ့ပဲ ရွာထဲမှာ သွားလာနေတဲ့လူတွေကို မြင်းအကြောင်း ထောက်လှမ်းရတာပေါ့ဗျာ၊ အရပ်ရှည်ရှည် လက်ပြင်ကိုင်းကိုင်းနဲ့ လူတစ်ယောက်ကို မြင်းကောင်းရှိသလား၊ မြင်းဝယ်ချင်လို့ပါလို့ အဘက စုံစမ်းတော့ အဲဒီလူက-

"ဟာ ရှိတာပေါ့ မိတ်ဆွေရာ၊ လာပါ၊ ကျုပ် လိုက်ပို့ပေးပါ့မယ်"

ဆိုပြီး အဘတို့ကို ခေါ်သွားရောတဲ့ဗျ။ တစ်ရွာလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



အောက်လင်းဓာတ်မီးတွေကို ထွန်းထားလိုက်တာ အိမ်စေ့ပါပဲ တဲ့ဗျာ။

ဝိုင်းကြီး အကျယ်ကြီး တစ်ခုထဲမှာ ဆောက်ထားတဲ့ ဆင်ဝင်နဲ့ အိမ်ကြီးတစ်လုံးဆီကို အဘတို့ မြင်းသုံးစီးကို ခေါ်သွားရော တဲ့ဗျ”

“ဟာ လာကြပါဗျာ၊ လာကြပါ၊ သစ်ကျိုး ဝါးကျိုး ကိုဘစိုး ကြီးတို့ပါလား”

လို့ ဆီးကြိုပြီး နှုတ်ဆက်သတဲ့ဗျ။ ဒီတော့ အဘက ဒီရွာမှာ ငါ့ကိုသိတဲ့သူ ရှိသားပဲဆိုပြီး ဝမ်းသာသွားတာပေါ့ဗျာ။ အိမ်ထဲ ဝင်ပြီး ထိုင်ကြရောတဲ့ဗျို့။

အိမ်ထဲမှာတော့ အောက်လင်းဓာတ်မီးကြီးထွန်းထားတာ ထိန်နေတာပဲတဲ့ဗျ။ အိမ်ထဲမှာ ထိုင်နေတဲ့ လူကြီးက အသက် ငါးဆယ်လောက်တဲ့၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့တဲ့ဗျို့။ လူကြီး က ဥပဓိရုပ်ကောင်းကောင်းနဲ့ ခန့်ခန့်ညားညားကြီးဆိုပဲ။

“ဩော်. . ကိုဘစိုး မြင်းကောင်း ဝယ်ချင်လို့ လိုက်ရှာ တယ် မှတ်တယ်”

“ဟုတ်ပါတယ် ဦးကြီး၊ နို့ ဦးကြီးက ကျုပ်ကို သိနေလို့ပါ လား”

“ဩော်. . ကိုဘစိုးနှယ်၊ သစ်ကျိုးဝါးကျိုး ကိုဘစိုး ဆိုတာ မြင်းအကြောင်း ကောင်းကောင်းနားလည်တယ်ဆိုပြီး လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သိနေတာပဲဟာ”

လို့ ပြောသတဲ့ဗျ။ ကျုပ်အဘကလည်း မြင်းဝယ်ဖို့ ဆရာတင်ထားတဲ့ ကိုမင်းလွင်တို့ရှေ့မှာ ဒီလိုချီးမွမ်းခံရတော့ စိတ်ထဲမှာ ပီတိဖြစ်သွားတယ်ဆိုပဲဗျ။

“နို့ နေပါဦး ဦးကြီးရဲ့၊ ဦးကြီးဆီမှာ မြင်းကောင်းရှိတယ်ကြားလို့ လာခဲ့တာဗျ၊ မြင်းကောင်းရှိရင် ကြည့်ပါရစေဗျာ”

လို့ ကျုပ်အဘက ယဉ်ယဉ်ကျေးကျေး ပြောလိုက်တော့-

“ဟာ ကြည့်ရမှာပေါ့ ကိုဘစိုးရယ်၊ ကြည့်ရပါတယ်”

လို့ ပြောပြီး အိမ်ထဲကို လှည့်ကြည့်သတဲ့ဗျ။ အိမ်ထဲမှာက သူ့ဇနီးရယ်၊ သူ့သမီးရယ်ပဲ ရှိတာတဲ့ဗျ။

“ဟဲ့ သမီး စောရှင်၊ နင့်အစ်ကို သီဟ ခေါ်လိုက်စမ်း၊ ဒီမှာ မြင်းဝယ်မယ့်သူ ရောက်နေတယ်၊ မြင်းညိုကြီး ဆွဲလာခဲ့လို့ ပြောလိုက်”

“ဟာ အဘ၊ အုန်းညိုကြီးကို ရောင်းတော့မလို့လား၊ အစ်ကိုက အဲဒီမြင်းကို သိပ်သဘောကျတာ အဘရဲ့”

ကျုပ်အဘက မြင်းရောင်းမှာကို ဝင်ဖျက်နေတဲ့ စောရှင်ဆိုတဲ့ မိန်းမကို ခပ်ဆတ်ဆတ် လှမ်းကြည့်လိုက်သေးသတဲ့ဗျ။

“စောရှင် သီဟကိုသာ သွားပြောလိုက်စမ်းပါအေ၊ စကားရှည်မနေစမ်းပါနဲ့၊ ကိုဘစိုးတို့ အချိန်မီပြန်ကြရမှာ”

“အဖေ ဒီမှာ အုန်းညိုကို ဆွဲလာပြီ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဝိုင်းထဲက အသံကြားလို့ အဘတို့က လှည့်ကြည့်တော့ ဓာတ်မီးရောင်အောက်မှာ မြင်းကြီးဆွဲလာတဲ့ လူငယ်တစ်ယောက်တဲ့ဗျ။ လုံချည်ကို ခါးတောင်းကျိုက်ထားပြီး ခေါင်းမှာ ပဝါအစိမ်းကလေး ပေါင်းလို့တဲ့၊ တော်တော့်ကို ချောမောခန့်ညားတဲ့ လူငယ်တစ်ယောက်တဲ့ဗျို့။ သူဆွဲထားတဲ့ အုန်းခွံရောင် မြင်းညိုကြီးကလည်း လှလိုက်တာ မပြောပါနဲ့တော့ ကိုယ့်လူရာ၊ ဒေါက်ကြီးမှ မြင့်လိုက်တာတဲ့။ ကျုပ်အဘက မြင်းကောင်းတွေ့ရင် ပြေးကြည့်တဲ့လူဆိုတော့ အိမ်ထဲက ချက်ချင်းပြေးထွက်ပြီး မြင်းကြည့်သတဲ့။ အို. . ကြန်အင်ကောင်းတွေ၊ ဗွေကောင်းတွေမှ စုံလို့တဲ့ဗျာ။ ဘာပြောကောင်းမတုံး၊ အဘတို့က သူတို့တောင်းတဲ့ဈေးကို တစ်ခွန်းမှ မဆစ်ဘဲနဲ့ကို ဝယ်လိုက်တာတဲ့ဗျာ။ မြင်းဖိုးလည်း ချေပြီးရော မြင်းပိုင်ရှင်လူကြီးက ပြောတယ်တဲ့ဗျ။

"သစ်ကျိုးဝါးကျိုး ကိုဘစိုးကြီး မှတ်ထားဗျာ၊ ကျုပ်နာမည်က ဦးဒီပတဲ့၊ ဟောဒါ ကျုပ်သား သီဟ၊ ဟိုက ကျုပ်သမီး မစောရှင်၊ ဟိုဘက်ကဟာက ကျုပ်ဇနီး ဒေါ်မာလာတဲ့၊ နောက်လည်း ဒီရွာရောက်ရင် ကျုပ်တို့အိမ်ကို ဝင်ပါ ထွက်ပါဗျာ၊ ဒီကပြန်ရင် လမ်းခွဲနှစ်ခွကို ရောက်လိမ့်မယ်၊ ဘယ်ဘက်လမ်းခွဲကနေ လိုက်သွားလိုက်၊ တူမောင်တို့နေတဲ့ရွာကို ခဏအတွင်းရောက်ပါလိမ့်မယ်"

ကျုပ်အဘလည်း သူ့အဖော်နှစ်ယောက်နဲ့ မြင်းပိုတစ်ကောင်ဆွဲပြီး ရွာထဲက ထွက်လာခဲ့ရောတဲ့ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ရွာကြီးက တော်တော်စည်မဲ့ပုံပဲဗျ ကိုဘစိုးရဲ့"

လို့ ကိုမင်းလွင်က ပြောသတဲ့။ ဒီတော့ ကျုပ်အဘက. .

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဒီရွာကို ကျုပ် တစ်ခေါက် ရောက်ဖူးတယ်၊ ဒီလောက် အိမ်ကြီးအိမ်ကောင်း မများဘူးဗျ၊ ဒီနောက်ပိုင်းမှာမှ စီးပွားဥစ္စာ ဖြစ်ထွန်းကြတယ် ထင်ပါရဲ့ဗျာ၊ တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းတွေချည်း ဖြစ်ကုန်တာဗျ"

ဒီလိုနဲ့ အဘတို့ လမ်းနှစ်ခွကို ရောက်လာရောတဲ့ဗျို့။ အဘက လမ်းခွဆုံမှာ ဆင်းပြီးတော့ သူ့မြင်းက ကုန်းနှီးကို ဖြုတ်ယူပြီး မြင်းညိုကြီးကို ကုန်းတင်လိုက်တယ်။ အဘရဲ့ မြင်းကြီး တိမ်ညိုကို ကိုမင်းလွင်က သူ့မြင်းပေါ်ကနေ ဆွဲလာခဲ့တယ်တဲ့ဗျ။ အဘက အုန်းညိုလို့ခေါ်တဲ့ မြင်းကြီးကိုစီးရင်း မြင်းရှင် အဘိုးကြီး မှာတဲ့အတိုင်း ဘယ်ဘက်လမ်းခွဲကို လိုက်ခဲ့ရောတဲ့ဗျို့။ အုန်းညို ကြီးကိုလည်း အမျိုးမျိုးစီးကြည့်လာသတဲ့ဗျ။ နာရီဝက်လောက် ကြာတော့ အဘတို့လာတဲ့လမ်းက ဆုံးသွားပြီး ရှေ့မှာ ရွာကြီး တစ်ရွာကို သွားတွေ့တယ်ဆိုပဲ။

"ဟာ ဒါ ကျုပ်တို့ရွာပဲဗျ ကိုမင်းလွင်ရဲ့"

"ဟင် ဟုတ်သားပဲ၊ ကျုပ်တို့ သွားတုန်းက တစ်နေ့ခင်းလုံး မြင်းစီးသွားခဲ့ကြရတာ၊ အခု ဘယ်လိုဖြစ်တာပါလိမ့် ကိုဘစိုးရဲ့"

လို့ ကိုမင်းလွင်ကလည်း အံ့သြပြီး ပြောသတဲ့။

"ဟား ဟား ဟား ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ မြန်မြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ကောင်းတာပေါ့ဗျာ၊ ခင်ဗျားအတွက် မြင်းကောင်းကြီးတစ်စီးလည်း ရလာခဲ့ပြီပဲ၊ ဟား ဟား ဟား ဟား"

လို့ ကျုပ်အဘက ဝမ်းသာအားရ ပြောသတဲ့ဗျ။ ကိုမင်းလွင်ကလည်း သူ့ရဲ့ အုန်းခွဲရောင် အုန်းညို ဆိုတဲ့ မြင်းကြီးကိုပဲ တကြည့်ကြည့် လုပ်နေတာတဲ့ဗျို့။ အဲဒီညက ခရီးကလည်းပန်းလာ၊ ဗိုက်ကလည်း ဆာဆိုတော့ ထမင်းတဝစားပြီး အိပ်ကြရောတဲ့ဗျ။

အမေနဲ့ ကျုပ်လည်း တစ်နေ့လုံး ဆီပွတ်နေကြတာဆိုတော့ ပင်ပန်းပြီး အိပ်ကြတော့တာပေါ့ဗျာ။ မနက်ရောက်တော့ အစောဆုံး နိုးတာက ကိုမင်းလွင်ဗျ။ ဒီလူက နိုးတာနဲ့ မြင်းဇောင်းကိုသွားပြီး သူ့မြင်းကြီးကို ကြည့်တော့တာဗျို့။

"ဟာ. . ဘယ်လိုဟာတုံးဗျ၊ ကိုဘစိုး၊ ကိုဘစိုး လာပါဦးဗျ"

အလန့်တကြား အော်လိုက်တဲ့ ကိုမင်းလွင်အသံကြောင့် ကျုပ်အဘရော၊ ကိုမင်းလွင်နဲ့ အဖော်လိုက်လာတဲ့သူရော အိမ်နောက်ဘက်က မြင်းဇောင်းကို အလန့်တကြား ပြေးကြရောဗျို့။ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတာက ညကမှ ဝယ်လာတဲ့ မြင်းကြီး ပိုးတွေ ဘာတွေများ ထိသွားသလားလို့ပေါ့ဗျာ။

"ဟာ. . ဒါဘာဖြစ်တာတုံး၊ အုန်းညိုကြီးရော"

ကျုပ်အဘအသံဗျ။ အဘ ဒီလောက်အလန့်တကြား အော်တဲ့အသံမျိုး ကျုပ် တစ်ခါမှ မကြားဖူးဘူးဗျ။ ကျုပ် အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထဲက ပြေးထွက်ပြီး မြင်းဇောင်းကို ရောက်တော့. . .

"ဟာ. . ခေါင်းကြီးပါလား"

ကျုပ်ပါးစပ်က လွှတ်ကနဲ ထွက်သွားတာဗျို့။ လူသေထည့်တဲ့ ခေါင်းတလားအဟောင်းကြီးဗျာ။ မြေကြီးတွေတောင် ကပ်လို့ဗျ။

အဘတို့ သေသေချာချာကြည့်တော့ ညက အုန်းညိုဆိုတဲ့ မြင်းကြီးလည်း မြင်းဇောင်းထဲမှာ မတွေ့တော့ဘူးဗျ။ အုန်းညိုကို ချည်ထားတဲ့ကြိုးက ခေါင်းတလားကြီးမှာ ချည်လို့ဗျို့။

"တောက်"

ကျုပ်အဘက တောက်တစ်ချက် ခေါက်တယ်။

"ဒါ ဘာဖြစ်တာတုံး ကိုဘစိုး"

"ကျုပ်တို့ကို ပညာသည် ပြုစားလွှတ်လိုက်တာ ဖြစ်မယ်ဗျ၊ လာဗျာ၊ ကျတ်ချောင်းကို အခုချက်ချင်း ပြန်သွားမယ်၊ တွေ့လို့ကတော့ အသေကို သတ်ပစ်မယ်၊ ဦးဒီပ ဆိုတဲ့ လူတော့ဗျာ"

အဘက မြင်းဇောင်းထဲက ခေါင်းတလားကြီးကို ရွာထဲက လူတွေ မနိုးခင် ခပ်သုတ်သုတ် ထုတ်သွားပြီး သချိုင်းထဲမှာ သွား ပစ်လိုက်တယ်။ ပြီးတာနဲ့ ညက သူတို့သွားခဲ့တဲ့ ကျတ်ချောင်းဆိုတဲ့ရွာကို ပြန်သွားကြရောဗျို့။

"ဟင် ဟိုရောက်တော့ တွေ့ရောလား ဘိုးရဲ့"

"ဘယ်တွေ့မှာတုံး မောင်တာတေရဲ့၊ ကျတ်ချောင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွာကိုရောက်တော့ သူတို့ညကရောက်တဲ့ရွာမှ မဟုတ်တာ။ အခု ဒီအကြော်တဲကြီးရဲ့ နောက်ကျောက ရွာအတိုင်းပေါ့။ ကျွတ်ချောင်းမှာ အိမ်ကြီးအိမ်ကောင်းဆိုတာ သိပ်ရှိတာမှ မဟုတ်တာ။ ဒါနဲ့ အခြေအနေကို နည်းနည်းလေ့လာကြည့်တော့ ကျွတ်ချောင်းသားတွေက ပြောကြသတဲ့"

"ဟာ ခင်ဗျားတို့ ညကရောက်တာ ကျုပ်တို့ရွာ မဟုတ်ဘူးဗျ၊ ကျွတ်ရွာကြီးကို ရောက်သွားကြတာ၊ ဒီအနားမှာ ကျွတ်ရွာရှိတယ်လို့တော့ ကြားဖူးတယ်ဗျ၊ ကျုပ်တို့တော့ မရောက်ဖူးဘူး၊ တစ်လောကမှ ဆုံးသွားတဲ့ ဘိုးတောင်လုံး ဆိုတဲ့ အဘိုးကြီးကတော့ ရောက်သွားဖူးတယ်လို့ ပြောတယ်။ တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းတွေချည်းပဲတဲ့၊ မာတ်မီးတွေမှ ထွန်းထားတာ ထိန်နေတာပဲတဲ့ဗျ။ ရွာထဲမှာ လူတွေစီးပြီးသွားနေတဲ့ မြင်းကြီးတွေဆိုတာ မြင်းကောင်းကြီးတွေချည်းပဲတဲ့ဗျ။ အခု ခင်ဗျားတို့ပြောတာနဲ့တော့ ကိုက်နေတာပဲဗျာ"

"ဘယ်က မြင်းကောင်တွေ စီးရမှာတုံးဗျာ၊ အဲဒါ လူသေသည့်တဲ့ခေါင်းတွေကို သူတို့အစွမ်းနဲ့ မြင်းလုပ်ပြီး စီးနေကြတာဗျို့"

လို့ ကျုပ်အဘက ပြောပြီး ရွာကို ပြန်ခဲ့ကြရတာပေါ့ဗျာ။

ပြန်တဲ့လမ်းမှာ လမ်းနှစ်ခွဆုံတဲ့နေရာလည်း လုံးဝမတွေ့တော့ဘူးတဲ့ဗျ။

"ဟာ ဒါဆိုရင် မြင်းလာဝယ်တဲ့လူတော့ ငွေတွေ ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ဟုတ်လား အဘိုး”

“အေး. . ဆုံးတော့တာပေါ့ မောင်တာတေရယ်၊ သူကိုယ်တိုင် ပါလို့သာပေါ့၊ ပါသာမပါရင် ကျုပ်အဘကို လိမ်တယ်လို့တောင် ထင်ချင်ထင်မှာကွ”

“ကဲ. . အကြော်စားပြီးရင် ကားပေါ်တက်ကြတော့ဗျို့၊ ကားထွက်တော့မယ်”

ကားဆရာရဲ့ အော်သံနဲ့အတူ ‘ဗြီး ဗြီး’ ဆိုတဲ့အသံကြီးမြည်လာပြီး ဒေါ်ဂျစ်ကားကြီး စက်နိုးလာပါရောဗျာ။ ကျုပ်ရယ်၊ ဘကြီးရယ်၊ မျက်ခုံးဖြူအဘိုးကြီးရယ် ကားပေါ်ကို ခပ်သုတ်သုတ်တက်လိုက်ကြတယ်။

‘သစ်မလဲ’ ဆိုတဲ့ရွာကိုရောက်တော့ မျက်ခုံးဖြူ အဘိုးကြီးက ကျုပ်တို့ကို နှုတ်ဆက်ပြီး ဆင်းသွားတယ်။ မိုးချုပ်စရောက်တော့ ဒေါ်ဂျစ်ကားကြီး မန်ကျည်းတန်းကို ရောက်ရောဗျို့။

ဘကြီးသူငယ်ချင်း အဘိုးကြီးတွေက ဘကြီးကိုတွေ့တော့ဝမ်းသာလိုက်ကြတာဗျ။ အဲဒီညက ဘကြီးသူငယ်ချင်း ဦးဘစောရဲ့အိမ်မှာ ကျုပ်တို့အိပ်တယ်။ ဘကြီးပြောတဲ့ ဘိုးကျော်ပုနဲ့ဘိုးကရင်ကြီးကလည်း ဦးဘစောတို့အိမ်မှာ လာပြီးစကားပြောကြတာ သန်းခေါင်ကျော်မှ ပြန်သွားကြတာဗျို့။ သူတို့ ငယ်သူငယ်ချင်းတွေ တော်တော်ခင်ကြတာပဲဗျ။

ကျုပ်ဖြင့် သူတို့ငယ်ငယ်က အကြောင်းတွေကို လွမ်းလွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေးဆွေး ပြန်ပြောနေကြတာကိုကြည့်ပြီး ပီတိတွေ ဖြစ်ရတာ ပေါ့ဗျာ။

နောက်နေ့မနက် ဝေလီဝေလင်းအချိန် အိပ်ရာက ထကြပြီး ဦးဘစောရဲ့မိန်းမ အရီးသိန်းလှ ချက်ထားတဲ့ ထမင်းပူပူလေးကို အမဲခြောက်ဖုတ် ဆီဆမ်းနဲ့ တစ်ဝစားကြရတယ်ဗျ။ စားသောက်ပြီးတာနဲ့ မိုးမလင်းခင်ပဲ ဘိုးကရင်ကြီး စီစဉ်ပေးထားတဲ့ လှည်းနဲ့ 'ကုန်းတန်း' ကို စထွက်ခဲ့ကြတယ်။

ကျုပ်တို့ကို လှည်းမောင်းပို့တာက ဘိုးကရင်ကြီးရဲ့သမက် ကိုမိုးခေါင် ဆိုတဲ့လူဗျ။ လူပုံက အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနဲ့ လှည်းမောင်းတာတော့ လွတ်ကျွမ်းတဲ့လူဗျ။ နွားအကြောလည်း တော်တော်သိပုံရတယ်။

"ဟင်း နွားပြာကြီး အဖြောင့်ဆွဲလေ တောက်"

နွားတွေကို သိပ်ပြီးအော်တာ ငေါက်တာလည်း မလုပ်ဘူးဗျ။ နှင်တံလေးဝှေ့ကာ ဝှေ့ကာနဲ့ပဲ မောင်းတာ။ သူ့နွားတွေကလည်း ဆွဲလိုက်တာမှ တန်းနေတာပျို့။

"မိုးခေါင်ရေ. . ရှေ့ကရွာက ဘာရွာတုံးကွ၊ ငါလည်း မရောက်တာကြာလို့ မေ့နေပြီဟေ့"

"ဘထွေးကလည်း ဟိုမှာ ကညင်ပင်ကြီး မြင်နေပြီကော"

"အေး ဟုတ်သားပဲ၊ ဒါ 'ကညင်တပင်' မို့လား"

"ဟုတ်တယ်လေ ဘထွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တာတေ မြင်လား ကညင်ပင်အမြင့်ကြီး၊ ရွာပေါ်ကို ကျော်ပြီး မားမားကြီး ဖြစ်နေတာ"

"မြင်တယ် ဘကြီး"

"အေး အဲဒီကညင်ပင်ကြီးက အသက်ရာကျော်နေပြီကွ၊ အပင်ခြေရင်းက ယောက်ျားကြီး ငါးယောက်ဖက်စာလောက် ရှိတယ်ကွ"

"ဟာ ဟုတ်လား၊ အကြီးကြီးပါလားဗျ"

"ဟုတ်တယ်ကွ တာတေရ၊ ဒီကညင်ပင်ကြီးက အဓိကရ အပင်ကြီးကွ၊ သူတို့ရွာသားတွေ တစ်နှစ်ကို တစ်ခါ၊ ရုက္ခစိုး ပ,သတဲ့ပွဲ အမြဲလုပ်ရတယ်၊ ကညင်တပင် ရုက္ခစိုးပွဲဆိုတာ အတော်စည်တဲ့ပွဲကွ"

"ဟင် ဟုတ်လား၊ ရုက္ခစိုးကြီးကရော တကယ်ရှိလို့လားဗျ၊ ကိုမိုးခေါင်ရဲ့"

"ဟာ ရှိတယ်ကွ တာတေရ၊ အဲဒီရွာမှာ ကညင်ပင်က ရုက္ခစိုးကြီးကို မြင်ဖူးတဲ့သူတွေ အများကြီး ရှိတယ်၊ ရုက္ခစိုးကြီးက လည်း သူတို့ရွာကို စောင့်ရှောက်တယ်ကွ၊ မိုးလောင်မှာ မိုးခေါင် မှာ ရေကြီးမှာတွေကို အမြဲကြိုတင်ပြီး အိပ်မက်ပေးတာတဲ့ကွ"

"ဩော် ဒါဆိုတော့လည်း ပ,သထိုက်တာပေါ့ဗျာ"

ကိုမိုးခေါင်ကလည်း ဒီနယ်သားဆိုတော့ ဒီဘက်ဒေသ ရွာ တွေအကြောင်း တော်တော်သိတာပေါ့ဗျာ။ တစ်လမ်းလုံး လှည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းရင်းနဲ့ ထူးခြားတာတွေ အကုန်ပြောသွားတာဗျ။ ကညင်တပင်ပြီးတော့ 'ကြက်တူရွေးကုန်း'၊ ကြက်တူရွေးကုန်းပြီးတော့ 'သဲချောင်း'၊ သဲချောင်းပြီးတော့ 'တမာတန်း'၊ တမာတန်းပြီးတော့ 'ဘုရားပြို'။

ဘုရားပြိုကိုရောက်တော့ ရှေးဘုရားပျက်ကြီးတစ်ဆူတွေ့တယ်ဗျ။ စေတီပျက်ကြီးလေ။ အခုတော့ အုတ်ပုံကြီးဖြစ်နေပါပြီ။ ဒါပေမဲ့ ကျန်နေတဲ့ ပလ္လင်အနေအထားကြည့်တာနဲ့ တော်တော်ကြီးတဲ့စေတီဆိုတာ မှန်းလို့ရတယ်ဗျ။

"ဒီစေတီကြီးက တော်တော်ကြီးတဲ့ပုံပဲ ဘကြီးရ"

ကျုပ်က ဘကြီးကို ပြောတယ်။ ကိုမိုးခေါင်က ကျုပ်ပြောလိုက်တော့ ညောင်ပင်ရော၊ တခြားအပင်တွေရော ပေါက်နေတဲ့ စေတီပျက်ကြီးကို တစ်ချက်လှည့်ကြည့်ပြီး. . .

"အစက တစ်ရာ့ရှစ်တောင်စေတီကြီးလို့ ပြောတယ်ကွ၊ တို့မိဘတွေ၊ ဘိုးဘွားတွေ ပြောတာကတော့ ဒီဘုရားကြီးအောက်မှာ ဥစ္စာစောင့်သိုက်ကြီး ရှိတယ်ဆိုပဲ၊ ဥစ္စာစောင့်မောင်နှမ စောင့်တာတဲ့ကွ။ သူတို့က ဘုရင့်သားနဲ့ သမီးလို့ ပြောတာပဲ၊ နှမလုပ်တဲ့သူက ရုပ်ရည်ချောမောတဲ့ လူငယ်တစ်ယောက်နဲ့ ချစ်ကြိုက်ပြီး အဲဒီလူငယ်ကို ဒီဥစ္စာစောင့်သိုက်ထဲအထိ ခေါ်လာခဲ့လို့ အစ်ကိုလုပ်တဲ့သူက ဒေါသတကြီးနဲ့ ထအော်လိုက်တာ ဘုရားကြီးမှာ ချက်ချင်းအက်ကြောင်းတွေထင်ပြီး ပြိုကျသွားရော



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကွ။ လေလည်းမတိုက်၊ မိုးလည်းမရွာ၊ လျှော်လည်း မလှုပ်ဘဲနဲ့ အလိုလို ပြိုကျသွားတာလို့ တို့ဘိုးတွေ ပြောတယ်ကွ။ အဲဒီကတည်းက အဲဒီသိုက်လည်း ပျောက်သွားတယ်ဆိုပဲ။ ခါတိုင်းဆိုရင် ဥစ္စာစောင့်မလေးတွေ ထွက်ထွက်လာတာ တွေ့ဖူးကြတယ်တဲ့။ ဘုရားကြီး ပြိုကျသွားတဲ့နောက် ဘာကိုမှ မတွေ့ရတော့ဘူးလို့ပြောတယ်။ တချို့က ပြောတာတော့ အစ်ကိုလုပ်တဲ့သူရဲ့ ဒေါသတကြီး အော်လိုက်တဲ့ အသံကြောင့် ဘုရားကြီးပြိုကျသွားလို့ သူ့နှမရဲ့ချစ်သူ လူငယ်ဟာ သေသွားသတဲ့။ ပြီးတော့ အစ်ကိုလုပ်တဲ့သူဟာ စိတ်ဆိုးလွန်းလို့ သိုက်ကို ဒီနေရာမှာ မထားတော့ဘူးဆိုပြီး တခြားကို ချက်ချင်းပြောင်းသွားတယ်ဆိုပဲ"

"ဒီရွာကို အစက ဘာရွာခေါ်တုံးဗျ"

"တို့ဘိုးတွေ ပြောတာတော့ အစက 'စစ်ပင်ကုန်း' လို့ခေါ်တယ်တဲ့ကွ၊ ရွာဦးရွာဖျားမှာ စစ်ပင်ကြီးတစ်ပင် ရှိတယ်ဆိုပဲ၊ နောက်တော့ ဒီဘုရားပြိုကြီးကို အစွဲပြုပြီး 'ဘုရားပြိုရွာ'လို့ပဲ ခေါ်ကြတော့တာတဲ့ကွ"

ခြုံနွယ်ပိတ်ပေါင်းတွေ အုပ်ဆိုင်းနေတဲ့ ဘုရားပြိုကြီးကို ကျုပ်ငေးကြည့်လိုက်မိတယ်။ ဘုရားပြိုကို ကျော်လာတော့ နာရီပြန်တစ်ချက် တီးပြီဗျ။ နောက်ထပ် နာရီဝက်လောက်ကြာတော့ ကျုပ်တို့လှည်း ကုန်းတန်းကို ရောက်ရောဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးခေါင်ကလည်း ကုန်းတန်းက ဘိုးဘဂျမ်းအိမ်ဝိုင်းကို သိနေတာဆိုတော့ လှည်းကို တန်းမောင်းချတာဗျ။ ကုန်းတန်းက ရွာသိပ်ကြီးကြီးတော့ မဟုတ်ဘူးဗျ။

"ကိုမိုးခေါင် ဒီရွာ သိပ်မကြီးဘူးနဲ့ တူတယ်ဗျ"

"အေးကွ တာတေရ၊ သိပ်မကြီးလှဘူး၊ အိမ်ခြေ ငါးဆယ် ကျော် ခြောက်ဆယ်လာက်ပဲရှိမယ်၊ ဒါပေမဲ့ ဒါက နောက်ရွာကွ၊ ပထမရွာက ဟိုရှေ့ကို တော်တော်လေး သွားရသေးတယ်၊ 'ရွာ ဟောင်းကြီး' လို့ ခေါ်တယ်။ အဲဒါက ပထမကုန်းတန်းပေါ့ကွာ၊ အဲဒီမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းနဲ့ အိမ်ဆယ့်ငါးအိမ် လောက် ရှိနေသေးတယ်"

"ဟင် ဟုတ်လား၊ ဘာဖြစ်လို့ ရွာပြောင်းရတာတုံးဗျ"

"အေး ဒီအကြောင်းတွေက ပြောရရင် အရှည်သားကွ၊ မင်း ကုန်းတန်းမှာ မေးကြည့်ရင် သိမှာပါကွာ၊ သိချင်ရင် မေး ကြည့်ခဲ့ပေါ့ တာတေရ"

ကိုမိုးခေါင်က ဒါပဲပြောတာဗျ။ လှည်းကလည်း ဘိုးဘဂျမ်း ရဲ့ ဝိုင်းထဲကို ဝင်ပြီလေဗျာ။

"ဘိုးဘဂျမ်း"

"ဟေ. . ဘယ်သူတုံး"

"ကျုပ်ပါ၊ မန်ကျည်းတန်းက ဦးကရင်ရဲ့သမက် မိုးခေါင် ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မိုးခေါင် လာလေကွာ"

အသံက အိမ်ကြီးရဲ့အပေါ်ထပ်က ထွက်လာတာဗျ။ လူ တော့ မတွေ့ရသေးဘူး။

"ဘိုး ဒီမှာ ဧည့်သည်တွေကို လာပို့တာဗျ။

"ဟေ ဟုတ်လား၊ ဘယ်သူတွေများတုံး မိုးခေါင်ရဲ့"

"ဘဂျမ်း ငါပါကွ၊ မင်းသူငယ်ချင်း စိန်မောင်လေကွာ"

"ဟ စိန်မောင်လား၊ ဟာ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ"

အပေါ်ထပ်က ပြတင်းပေါက်မှာ အဘိုးကြီးတစ်ယောက် ပေါ်လာတယ်ဗျ။

ဟာ သျှောင်ထုံးလေးနဲ့ဗျ။ သျှောင်တစောင်းလေး ထုံး ထားတာ။ နှုတ်ခမ်းမွေးကလည်း ဘေးကိုကားလို့။ ကျင်စွယ်လို့ ခေါ်တာပေါ့ဗျာ။ တော်တော်ခန့်ညားတဲ့ အဘိုးကြီးဗျ။ အရုပ် အမောင်းကလည်း ကောင်းတယ်။ မျက်နှာကလည်း ပြုံးရွှင်လို့ သူငယ်ချင်း လာတယ်ဆိုတော့ ဝမ်းသာနေလိုက်ပုံများဗျာ။

"ဟကောင် စိန်မောင် လာ၊ အိမ်ပေါ်တက်ခဲ့ကွ၊ ဟော့ သွားကြစမ်း၊ ဧည့်သည်တွေဆီက သယ်ကြလေ၊ ဟိုကောင်တွေ ပြောင်းရှည်တို့ မျက်မွေးတို့ ဘယ်ရောက်ကုန်ကြတုံး"

အိမ်အောက်ထပ်က မိန်းမတစ်ယောက် ထွက်လာတယ် ဗျ။

"တစ်ယောက်မှ မရှိကြဘူး အဘရေ၊ အဘမြေးတွေ ရွာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းသွားပြီး ကစားကြလို့"

"တယ်ခက်တဲ့ကောင် နှစ်ကောင်ပဲ၊ အားနေရင် ရှာရှိုးလျှောက်ဖို့ပဲ စိတ်ကူးနေတဲ့ကောင်တွေပါလား၊ သိန်းတင်မရဲ့ ညည်းသားတွေလည်း ပြောထားဦးလေ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျုပ် ဆူလိုက်မယ်တော့"

"မိုးခေါင် မင်းနွားတွေဖြုတ်ပြီး တင်းကုတ်ထဲပို့ အစာကျွေးရေမိုးတိုက်ကွ"

"ဟုတ်ကဲ့ ဘိုး၊ ကျုပ် လှည်းဖြုတ်လိုက်ဦးမယ်"

"ပြီးရင် အပေါ်တက်ခဲ့ ကြားလား မိုးခေါင်"

"ဟုတ်ကဲ့ ဘိုး၊ ဟုတ်ကဲ့"

"သိန်းတင်မရေ..ပြီးရင် ထမင်းပွဲ တန်းပြင်တော့ သမီးရေ၊ ငါ့သူငယ်ချင်း စိန်မောင်ကြီး ဆာလာရောပေါ့၊ လာဟေ့ စိန်မောင် အပေါ်ကို တန်းတက်ခဲ့ သူငယ်ချင်းရေ၊ ငါ့မှာ ဝမ်းသာလိုက်တာကွာ"

ကျုပ်နဲ့အဘ အပေါ်ရောက်တော့ ဘိုးဘဂျမ်းကြီးက ပြုံးပြုံးကြီးဗျ၊ ဘကြီးကို ကြည့်နေတာ။ အရည်ရှည်ရှည် ထွားထွား ကျိုင်းကျိုင်းကြီးပါဗျာ။ သျှောင်တစောင်းကိုလည်း ဆီအရွှဲသားနဲ့ သပ်သပ်ရပ်ရပ် ထုံးထားတာဗျ။

"ဘဂျမ်း မင်း ဒီသျှောင်ထုံးကြီးက ရှိနေတုန်းပါလားကွ၊ ငါက ထင်နေတာ ခုလောက်ရှိ မင်းသျှောင်ကြီး ဆံပင်တွေကျွတ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြုတ်သွားလောက်ပြီလို့"

ကျုပ်နဲ့ ဘကြီးက ဝါးကျော့ဖျာပေါ်မှာ ထိုင်လိုက်ရင်း ဘကြီးက ဘိုးဘဂျမ်းကို စလိုက်တာဗျ။

"ဟာ စိန်မောင်ရ၊ ငါက ဆံပင်လည်း မကျွတ်ဘူး၊ မျက်စိလည်း မမှုန်ဘူး၊ သွားတွေဘာတွေလည်း မကျိုးဘူးကွ၊ ဘယ်လိုဖြစ်တယ်မသိဘူး"

"ဟာ ဘယ်လိုဖြစ်ရမှာတုံး ဘဂျမ်းရဲ့၊ မင်းအတိတ်က သီလကောင်းခဲ့လို့ပေါ့ကွ"

"အေး ဟုတ်မလားတော့ မပြောတတ်ပါဘူး သူငယ်ချင်းရာ"

ကိုမိုးခေါင်လည်း အိမ်ပေါ်တက်လာတယ်။ ဘိုးဘဂျမ်းသမီးက ကျုပ်တို့ကို ထမင်းဝိုင်းပြင်ပြီး ထမင်းကျွေးတယ်။

"အေး စိန်မောင်ရေ လွန်ခဲ့တဲ့ နှစ်နှစ်ကပဲ ငါ့မိန်းမ မယ်ဆုံဆုံးသွားတယ်ကွ၊ ငါလည်း တစ်ယောက်တည်း ဖြစ်နေတော့ ငါ့သမီး သိန်းတင်မတို့မိသားစုကို ပြန်ခေါ်ထားရတော့တာပေါ့ကွာ၊ သိန်းတင်မယောကျ်ား ငါ့သမက်ငစုံက ရွာဟောင်းဘက်ကို သွားတယ်၊ အဲဒီက သူတို့အဘိုးဆရာကြီးကို သွားပြီး ပဲတို့၊ ဆန်တို့၊ ဆီတို့ ပို့တယ်"

"နို့ အဘိုးဆရာကြီးဆိုတာ ဘယ်သူတုံးကွ၊ ကလေးတွေကို စာသင်ပေးတဲ့ ဆရာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ ငါတို့အဘတွေ အမေတွေ လက်ထက်က ငါတို့ရွာ ကုန်းတန်းက အဲဒီရွာဟောင်းကြီးနေရာမှာလေကွာ၊ ဒီတုန်းက မဖဲဝါ ဝင်ပြီးမွှေလို့ ငါတို့ရွာ ပျက်ပါရောလား။ ဒီတုန်းက အဘိုးဆရာက ငယ်ငယ်ရှိသေးတာပေါ့ကွာ၊ ဘယ်က ဘယ်လို ရောက်လာတယ် မသိပါဘူးကွာ၊ သူရောက်လာပြီး လုပ်ကိုင်ပေးလို့ တို့တစ်ရွာလုံး မဖဲဝါဘေးက လွတ်ခဲ့တာပေါ့"

ကိုမိုးခေါင်က ထမင်းစားရင်း ကျုပ်ပေါင်ကို လက်နဲ့ကုတ်တယ်။

"မေးလေ တာတေ၊ ရွာဟောင်းကြီးအကြောင်းကို မင်းသိချင်တယ်ဆို"

"ဘာတုံးဟ မိုးခေါင်ရဲ့"

ဘိုးဘဂျမ်းက ကိုမိုးခေါင် ပြောတာကို ကြားသွားပုံရတယ်ဗျ။

"ဘိုး ဒီကလေးက ကျုပ် လမ်းမှာ ရွာဟောင်းကြီးအကြောင်း ပြောပြတော့ တော်တော်စိတ်ဝင်စားသွားလို့ သိချင်ရင် ဘိုးကို မေးလို့ပြောတာ"

"နေပါဦး ဒီကလေးက မိုးခေါင်သားလား"

"မဟုတ်ဘူးကွ စိန်မောင်ရဲ့၊ ဒါ ငါ့တူကွ၊ ငါ့ညီမ ငွေစိန်က မွေးတာ၊ နာမည်က တာတေတဲ့"

ဘကြီးက ဒီတော့မှ ကျုပ်ကို မိတ်ဆက်ပေးတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် တာတေက အဘိုးဆရာကြီးကို စိတ်ဝင်စားလို့လား"

"မဟုတ်ဘူး ဘိုးရဲ့၊ ရွာဟောင်းကြီးမှာ ဖြစ်ခဲ့တဲ့ဟာတွေကို ကျုပ်က သိချင်တာပါ"

ကျုပ်က ဘိုးဘဂျမ်းကြီးကို ပြောပြလိုက်တာဗျ။ ဘိုးဘဂျမ်းကြီးက ကျုပ်ကို ပြုံးပြီးလှမ်းကြည့်တယ်ဗျို့။

"ဒါဆိုရင် တာတေ မပြန်ခင် ရွာဟောင်းကြီးက အဘိုးဆရာဆီကို ပို့ပေးရမှာပေါ့ကွာ၊ ဘိုးသမက်ငစုံကို ဘိုး ပို့ခိုင်းပေးပါ့မယ်၊ ဒီမှာ နေကြဦးမှာမို့လား"

"အေး ရောက်တုန်း သုံးလေးရက်တော့ နေဦးမယ်ကွာ၊ မင်းရော ငါရော အသက်တွေကြီးလာကြတော့ နောက်ဆို တွေ့ချင်မှလည်း တွေ့ကြတော့မှာ"

"ငါက မင်းတို့ကို ကိုးရက်၊ ဆယ်ရက်လောက် နေစေ့ချင်တာကွ၊ စိန်မောင်ရဲ့"

"ဟာ အဲဒီလောက်တော့ နေလို့မရဘူး ဘဂျမ်းရဲ့၊ ဒီကလေးက ကျောင်းသားကွ၊ ငါ့ဆီမှာ ကျောင်းလာနေတာ၊ သူ့ကျောင်းတက်ဖို့က ရှိသေးတယ်လေကွာ"

နောက်တစ်နေ့ မနက်စောစောထပြီး ကိုမိုးခေါင် ပြန်သွားတယ်။ သုံးရက်မြောက်နေ့မှာ ကိုစုံ လိုက်ပို့လို့ ရွာဟောင်းကြီးကို ကျုပ်ရောက်တယ်။ ကိုစုံက လွတ်သဘောကောင်းတဲ့လူဗျ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



လှည်းနဲ့ ကျုပ်ကို လိုက်ပို့ပေးတာ။

"တာတေ အဘိုးဆရာကြီးက အသက်ရာကျော်နေပြီကွ၊ ဒါပေမဲ့ မင်းတွေ့ရင် အသက်ခြောက်ဆယ်လောက်ပဲ ထင်ရလိမ့်မယ်၊ ပယောဂတော့ လွှတ်နိုင်တဲ့ ဆရာကြီးကွ၊ အခုထိ ဟိုရွာသည်ရွာကိုကြွပြီး ဆေးကုပေးနေတုန်းကွ။ ကုန်းတန်းကလူတွေ အသက်ကိုလည်း သူပဲ ကယ်ထားတာ။ သူသာ မကယ်ရင် ရွာလုံးကျွတ်သွားနိုင်တယ်ကွ။ ဒါတွေကို ငါတို့ မှီတာတော့ မဟုတ်ဘူးပေါ့ကွာ။ ရှေ့ကလူတွေ ပြောခဲ့လို့ သိရတာကွ"

ကျုပ်တို့ ရွာဟောင်းကြီးရောက်တော့ ဝင်ပေါက်ရဲ့ဘေးက ခြုံနွယ်တွေကြားမှာ သစ်သားပြားကြီးတစ်ချပ်ကို ကျုပ် လှမ်းမြင်လိုက်တယ်။ သစ်သားတိုင်တစ်လုံးမှာ ကပ်ပြီးရိုက်ထားတဲ့ သစ်သားပြားကြီးဗျ။ ကျုပ်စိတ်ထင်တော့ ကျွန်းပြားကြီးလို့ ထင်တယ်။ တော်တော်ကို ဟောင်းနွမ်းနေတဲ့ သစ်သားတိုင်ကြီးနဲ့ သစ်သားပြားကြီးဗျ။ ကျုပ်ကို ကိုစုံက လှည်းရပ်ပေးတယ်။ ကျုပ်က လှည်းပေါ်က ခုန်ချလိုက်ပြီးတော့ ခြုံနွယ်တွေကိုဖယ်ပြီး ကြည့်လိုက်တယ်။ သစ်သားပြားပေါ်မှာ စာလုံးတွေ ထွင်းထားတာဗျို့။

| မဖဲဝါ မဝင်ရ |
|---|

ဆိုတဲ့ စာတန်းကို ကျုပ် ဖတ်လိုက်မိတော့ တော်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြသွားတာ။ ဟောင်းနွမ်းပြီး ဆွေးနေတဲ့ သစ်သားပြားပေါ်က သစ်ထွင်းစာလုံးတွေကို ကျုပ်လက်နဲ့ ပွတ်ကြည့်လိုက်တယ်။

"အဲဒီအမိန့်စာတန်းကို အဘိုးဆရာကြီး စိုက်ထားတာတဲ့ကွ၊ ရိုးရိုးစာတန်း မဟုတ်ဘူး၊ အဘိုးဆရာကြီးရဲ့ ပညာတွေနဲ့ စီရင်ထားတာကွ၊ အဲဒီလို စီရင်လိုက်တော့မှ မဖဲဝါလည်း ငြိမ်သွားတာဆိုပဲ"

"ဟင် ဟုတ်လားဗျ၊ ကိုစုံရဲ့"

ကျုပ်တို့ရွာထဲကို ဝင်ခဲ့ကြတယ်။ ဟာ ရွာကြီးမှဗျာ နဲ့နဲ့နောနောမှ မဟုတ်တာ။ ဒါပေမဲ့ သစ်ပင်တွေပေါက်ပြီး တောအုပ်ကြီးလို ဖြစ်နေပြီပေါ့ဗျာ။ အိမ်တွေက ဟိုနားတစ်လုံး၊ ဒီနားတစ်လုံးဗျ။ အားလုံးပေါင်း ဆယ့်ငါးအိမ်ပဲ ရှိတယ်လို့ ပြောတယ်။ ရွာရဲ့ဟိုဘက်ထိပ်မှာ ဘုန်းကြီးကျောင်းနဲ့ စေတီလေးတစ်ဆူကို ခပ်ပြပြလေး လှမ်းမြင်နေရတယ်။

"ကိုစုံ ဒီအိမ်တွေက ဘာဖြစ်လို့ ရွာပြောင်းတဲ့အထဲမှာ ပါမသွားတာတုံးဗျ"

ကျုပ်မေးတော့ ကိုစုံက လှည်းမောင်းရင်း ပြန်ဖြေတယ်ဗျ။

"သူတို့က အိမ်ကြီးအိမ်ကောင်းတွေလေကွာ၊ ပြီးတော့ မဖဲဝါကလည်း အဘိုးဆရာကြီးကြောင့် ငြိမ်သွားပြီဆိုတော့ သူတို့အိမ်တွေကို မဖျက်ကြတော့ဘူးပေါ့။ ပြီးတော့ သူတို့ယာတွေက ဒီမှာ အများကြီး ရှိတာဆိုတော့ ဒီမှာပဲ ဆက်နေကြတာပေါ့ကွာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းက သံဃာတွေကိုရော၊ အဘိုးဆရာကြီးကိုရော ဆွမ်းချိုင့် တစ်လှည့်စီ ပို့ပေးကြတယ်။ အဘိုးဆရာကြီးကလည်း ကျောင်းဝင်းထဲမှာပဲ အိမ်ကလေးဆောက်ပြီး နေတာကွ။ ဒါ လည်း ဒီလူတွေနဲ့ ကုန်းတန်းရွာသစ်က လူတွေပဲ အားလုံး ဆောက်ပေးထားတာ၊ အုတ်တိုက်ကလေးကွ"

ကျုပ်တို့ ကျောင်းဝင်းထဲကို ဝင်လာပြီး ဆရာတော်ကို ဖူးကြတယ်။ ပြီးတော့ အဘဆရာကြီးရဲ့အိမ်ကို ကျုပ်နဲ့ ကိုစုံနဲ့ လာခဲ့ကြတယ်ဗျ။

"ဟဲ့ ငစုံ ဟိုနေ့ကတင် မင်း တစ်ခါလာပြီးပါပကော"

သျှောင်တစောင်းထုံးပြီး နောက်မှီကုလားထိုင်ကြီးတစ်လုံး မှာ ထိုင်နေတဲ့ အဘိုးဆရာကြီးကို ကျုပ် တွေ့လိုက်ရပြီပေါ့ဗျာ။ လူက ခပ်သေးသေးဗျ။ သိပ်ထွားထွားကျိုင်းကျိုင်း မဟုတ်ဘူး။ အသားတွေက ဖြူပြီး သန့်နေတာဗျို့။ အထူးခြားဆုံးကတော့ အဘိုးဆရာကြီးရဲ့ မျက်လုံးတွေပဲဗျ။ ကြည်လင်ပြီး အရောင် တောက်နေတာ။ မျက်နှာက ကြည်လင်သလောက် စိတ်ထားက လည်း ကြည်လင်မယ့်ပုံပဲဗျ။

ကျုပ်လည်း စိတ်ထဲမှာ ကြည်ညိုလာတာနဲ့ အဘိုးဆရာ ကြီးရှေ့မှာ ရိုရိုသေသေထိုင်ပြီး ဦးချလိုက်တယ်။ ကိုစုံလည်း ဦးချတယ်။

"ဒီကလေးက ဘယ်ကတုံး ငစုံရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ကပါ အဘိုး၊ သူ့ဘကြီးက ကျုပ်ရဲ့ယောက္ခမနဲ့ ငယ်သူငယ်ချင်းတွေဗျ။ အခု ရွာကို လာလည်ကြတာ၊ ဒီကလေးနာမည်က မောင်တာတေပါ အဘိုး၊ သူက ဒီရွာကြီး ရွာသစ်တည်ပြီး ပြောင်းသွားရတဲ့အကြောင်းကို တော်တော်လေး စိတ်ဝင်စားနေလို့ ကျုပ်က အဘိုးဆီကို ခေါ်လာပေးတာပါ အဘိုး"

အဘိုးဆရာကြီးက ပြုံးပြီး ကျုပ်ကို ကြည့်တယ်။ ကိုစံပြောသလိုပဲဗျ။ အလွန်ဆုံးရှိမှ အသက်ခြောက်ဆယ်ပဲ။ ကိုစံကပြောတော့ အဘိုးဆရာကြီးရဲ့အသက်က ရာကျော်ပြီဆိုတော့ကျုပ်မှာ ယုံရတောင် ခက်နေတယ်။

"မောင်တာတေက စနေသား ထင်တယ်"

အဘိုးဆရာကြီးက ကျုပ်ကို မေးတယ်။

"မောင်တာတေ၊ မဖဲဝါကြီးကို မြင်ဖူးတယ်ထင်တယ်"

ကျုပ် တော်တော်ကို အံ့ဩသွားတာဗျ။ ကျုပ်လည်း အဘိုးဆရာကြီးကို မလိမ်ဝံ့ဘူးဗျ။

"သုံးခါ မြင်ဖူးပါတယ် အဘိုး၊ တစ်ခါက ကျုပ်သူငယ်ချင်းဘချစ်နဲ့ ဟားတိုက်တမ်း ဆော့ကြတော့ လူကို အောက်ပြန်ချလို့မရဘူးဖြစ်နေလို့ ဘချစ်က မဖဲဝါကို ပင့်လိုက်တာ၊ ဖွေးဖွေးအရိုပ်ကြီးတစ်ခု ရောက်လာပြီး လုပ်ပေးသွားတာ တွေ့လိုက်ရဖူးပါတယ်။ နောက်တစ်ခါကတော့ မြို့က သချိုင်းပြောင်းတော့စစ်ဗိုလ်တွေက မဖဲဝါကိုပင့်ပြီး သချိုင်းရွှေ့ခိုင်းကြတာပါ အဘိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက မဖဲဝါကြီးကို သေသေချာချာ မြင်ရတာပါ၊ ဘချစ်ရဲ့ ဆေးစောင့်ကြီးက ကျုပ်ကို အမြင်ဖွင့်ပေးလို့ မြင်ရတာပါ အဘိုး၊ နောက်တစ်ခါကတော့ ဘချစ်တို့ရွာ ဘုရားပွဲကို လိုက်သွားတော့ ခေါင်းကြီးတစ်လုံးထမ်းပြီး ချောင်းကို ခွကျော်လာတဲ့ မဖဲဝါကို တစ်ခါမြင်ဖူးပါတယ်။ ဒါလည်း ဘချစ်ရဲ့ ဆေးစောင့်က အမြင်ဖွင့်ပေးလို့ပါ အဘိုး"

"မြင်တော့ ဘယ့်နှယ်နေတုံး မောင်တာတေ"

"ဟာ အရပ်အရှည်ကြီး အဘိုးရဲ့၊ ကြောက်စရာကြီးပါဗျာ"

"ဟား ဟား ဟား ဟား မကြောက်ပါနဲ့ မောင်တာတေ၊ အဲဒီမဖဲဝါကြီးနဲ့ မင်းနဲ့ဟာ တစ်နေ့ကျရင် တော်တော်ကို ခင်ခင်မင်မင် ဖြစ်ကြလိမ့်မယ်ကွဲ့"

"ဗျာ. . ဟုတ်လား အဘိုး"

"မဖဲဝါက သရဲကြီးတွေဆိုးရင် လက်ဝါးကြီးနဲ့ ရိုက်တာကို တော့ သချိုင်းရွှေ့တုန်းက ကျုပ် မြင်ခဲ့ဖူးတယ် အဘိုးရဲ့၊ လူတွေကိုရော သူ့လက်ဝါးကြီးနဲ့ ရိုက်လို့လားဗျ"

အဘိုးဆရာကြီးက သူ့ခေါင်းက သျှောင်တစောင်းလေး လှုပ်သွားအောင် ခေါင်းညိတ်လိုက်တယ်ဗျ။

"အခုတော့ မဖဲဝါ မဆိုးတော့ပါဘူးကွယ်၊ ကာမဗိုဒ္ဒိတွေကလည်း မြင့်သွားပြီလေ၊ ဟိုတုန်းကတော့ တကယ့်အရိုင်းအစိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကွဲ့ မောင်တာတေရဲ့၊ ဒီရွာကို ကျုပ်ရောက်လာတော့ ရွာထဲမှာ လူတော်တော်ကုန်နေပြီ။ ကျုပ်သာ အရောက်နောက်ကျရင် တစ်ရွာလုံးတောင် ကုန်သွားလောက်တယ်ကွဲ့ မောင်တာတေရဲ့"

"ဟာ ဘယ်လိုများ ဖြစ်တာတုံး အဘိုးရယ်"

"အင်း မောင်တာတေက တကယ်သိချင် မြင်ချင်လို့လား ကွဲ့"

"ဟုတ်ကဲ့ပါ အဘိုး၊ ကျုပ် ကြားချင်ပါတယ်ဗျာ"

ကျုပ်ဆိုတဲ့ကောင်က ငယ်ငယ်ကလေးတည်းက လွတ်စပ်စုတဲ့ကောင်မို့လား။ ဒါမျိုး ကြားရမယ်ဆိုရင် ဘယ်ငြင်းလိမ့်မတုံးဗျာ။

"ဟာ မောင်တာတေ၊ ဒီအကြောင်းတွေကို ကျုပ်က ထိုင်ပြီး ပြောပြမှာ မဟုတ်ဘူးကွဲ့၊ ကျုပ်မှာရှိတဲ့ ဖြစ်တော်ပေါင်း အင်းချထားတဲ့ အင်းလက်ကိုင်ပုဝါကို မောင်တာတေရဲ့ မျက်လုံးမှာ စည်းပေးလိုက်မှာကွဲ့၊ မောင်တာတေကိုယ်တိုင် အတိတ်အချိန်တစ်ခုက ဖြစ်ခဲ့တဲ့ အဲဒီအဖြစ်အပျက်ထဲမှာ ကိုယ်တိုင်ပါဝင်ပြီး ကိုယ်တိုင်ခံစား မြင်တွေ့နေရမှာကွဲ့၊ ကြောက်တတ်လို့ကတော့ မဖြစ်ဘူး"

အဘိုးဆရာကြီးက ကျုပ် မကြောက်တတ်မှန်းသိနေပုံပဲဗျ။

"ကျုပ် မကြောက်ပါဘူး အဘိုး"

"ဟာ ဒါဆို ဟန်ကျပြီပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဆရာကြီးကို မကြောက်ဘူးလို့သာ ပြောလိုက်တာဗျ။ တကယ်တော့ ကျုပ်လည်း ကြောက်တတ်တာပါပဲ။ ဒါပေမဲ့ ကျုပ်က လွတ်စပ်စုတဲ့ကောင်ဆိုတော့ ကြောက်တာကိုမေ့ပြီး စပ်စုနေတဲ့ကောင်ပါဗျာ။

အဘိုးဆရာကြီးက သူ့ဘုရားစင်မှာ ထားတဲ့ ဆေးလွယ်အိတ်ထဲက အင်းလက်ကိုင်ပုဝါကို ထပြီးယူတယ်။ ပြီးတော့ ဘုရားစင်မှာ ဖယောင်းတိုင်မီးထွန်းတယ်။ အဘိုးဆရာကြီးက အသက်ရာကျော်သာ ဆိုတယ်၊ လုပ်တာကိုင်တာက သွက်လက်ပေါ့ပါးနေတာဗျ။

"ကျုပ်က ဒီနေ့အထိ မြင်းဖြူကြီးတစ်ကောင်စီးပြီး ဒီနယ်တစ်ကျောမှာ ဆေးလိုက်ကုနေတုန်းပါကွဲ့. မောင်တာတေရဲ့ ငစုံတို့ မပြောပြဘူးလား"

ကျုပ်တွေးလိုက်တာကို အဘိုးဆရာကြီးက သိသွားပုံပဲဗျ။

"ဟုတ်ကဲ့၊ ကိုစုံက လမ်းမှာ ပြောပြပါတယ် အဘိုး"

"အေး အေး"

"ဟုတ်တယ်ကွ တာတေရ၊ အဘိုး ဆေးကုထွက်တဲ့ 'ဘော်ဖြူ' ဆိုတဲ့ မြင်းကြီးက လွတ်လှတာကွ၊ ရွာဟောင်းကြီးထဲမှာ နေတဲ့ ကိုကြီးမောင်စံတို့ အိမ်ဝိုင်းထဲမှာ ထားတာကွ"

"ကဲ မောင်တာတေ၊ အတိတ်ကာလကို သွားကြည့်ဖို့ အဆင်သင့်ဖြစ်ပြီလားကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘိုး၊ အဆင်သင့်ဖြစ်ပါပြီ"

"ကဲ ဒါဆိုရင်လာ၊ ဘုရားစင်ရှေ့မှာထိုင်၊ ဘုရားကို ရှိခိုး၊ ပြီးတော့ ဟောဒီကုတင်ပေါ်မှာထိုင်၊ ဒါမျိုးက လူတိုင်းကိုတော့ လုပ်ပေးလို့ မရဘူးကွဲ့၊ မောင်တာတေလို ပညာဆက်ပါလာတဲ့ သူမျိုးမှရတာ"

ကျုပ်က အဘိုးဆရာကြီး ခိုင်းတဲ့အတိုင်း ဘုရားစင်ရှေ့မှာ ထိုင်ပြီး ဘုရားကို ရှိခိုးလိုက်တယ်။ ပြီးတော့ ကုတင်ပေါ်မှာ ထိုင်လိုက်တယ်။ ဒီကုတင်က အဘိုးဆရာကြီး အိပ်တဲ့ကုတင် ဟုတ်ပုံမပေါ်ဘူးဗျ။ လူနာတွေ ဘာတွေလာရင် ဆေးကုတဲ့ ကုတင်ပဲဖြစ်မယ်။ အဘိုးဆရာကြီးက ကျုပ်မျက်လုံးတွေပေါ်မှာ ရှည်ရှည်လေးခေါက်ထားတဲ့ ဖြစ်တော်ပေါင်း အင်းလက်ကိုင်ပုဝါ အဖြူလေးကို စည်းပေးလိုက်တယ်။

"အစကြိုးကြာ ဆယ့်ခြောက်ခါတည့်၊ ဟသ်ာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညိုသုံးခါ၊ သံသာကျူးဟိတ်၊ ကရဝိက်ငါး၊ လေးကား ကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကား တစ်ဆယ်၊ ဆင်ဝယ် ဆယ့်တစ်. . . . . . . ."

အဘိုးဆရာကြီးက ကျုပ်က ခေါင်းအုံးပေါ်မှာ လှဲအိပ်ခိုင်းပြီး ဖြစ်တော်ပေါင်းဂါထာနဲ့ အင်းဟိန်းလိုက်တယ်။ အဘိုးဆရာကြီးရဲ့အသံဟာ ကြည်လင်ပြီး ဩဇာသံအပြည့်ပါတယ်ဆိုတာ ကျုပ်သိနေတယ်။ အဘိုးဆရာကြီးက အင်းဟိန်းဂါထာကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြန်ပြီး ကျော့ရွှတ်နေတယ်။ ကျုပ်စိတ်တွေ ဝေဝါးလာပြီ။ ဟာ အိပ်ချင်လိုက်တာဗျာ။ ကျုပ်မျက်ခွံတွေ အလေးကြီး ဖြစ်လာတယ်။ အလေးကြီးဗျ။ တော်တော်ကိုလေးတာ။ နောက်တော့ ကျုပ် . . .

"ဟဲ့ကောင်မ ဒူးတုပ်စမ်း၊ ငါ့ရှေ့မှာ"

ကျုပ် ဆတ်ကနဲတောင် တုန်သွားတယ်ဗျာ။ ကြားလိုက်ရတဲ့အသံကြီးက တော်တော်ကို ကြောက်စရာကောင်းတာဗျို့။ အိမ်ဝိုင်းကြီးမှ အကျယ်ကြီးဗျာ။ သရက်ပင်တွေ၊ မန်ကျည်းပင်တွေကလည်း ဝိုင်းကြီးထဲမှာ အုပ်ဆိုင်းပြီး မှိုင်းနေတာဗျို့။

နှုတ်ခမ်းမွေးကားကားကြီးနဲ့ သျှောင်တစောင်းထုံးထားတဲ့ လူကြီးက ပုဆိုးကြီးတိုတိုဝတ်ထားသဗျ။ သူ့ပခုံးမှာလည်း ဆေးလွယ်အိတ်တစ်လုံးလည်း လွယ်ထားတယ်။ သူ့နောက်မှာ သူ့တပည့်နှစ်ယောက် ရပ်လို့ဗျ။ သူ့လိုပဲ နှုတ်ခမ်းမွေးနဲ့ သျှောင်ထုံးတွေနဲ့ပဲဗျ။ ဆေးလွယ်အိတ် ကိုယ်စီလွယ်ထားကြတယ်။ စောစောက ကြောက်စရာအသံကြီးနဲ့ အမိန့်ပေးလိုက်တဲ့လူကြီးရဲ့မျက်နှာပေါ်မှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုက ဒီလူကြီးကို ပိုပြီးကြောက်စရာကောင်းနေတာဗျ။ ဒီလူကြီးက လက်ထဲမှာ ဆေးနီသုတ်ထားတဲ့ ကြိမ်လုံးကြီးတစ်လုံးလည်း ကိုင်ထားတယ်။

"မြေမှာလျှိုး၊ မိုးမှာပျံ၊ တိမ်ယံကိုဖောက်၊ တိမ်အောက်မှာ စက်ဖွဲ့၊ ငါဟဲ့ယောက်ျား၊ ဆရာထွားတဲ့၊ ငါ့စကားနားထောင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါနိုင်းတာလုပ်၊ ငါကျွေးတာစား ကြားသလားဟဲ့၊ မဖဲဝါ"

ဒီတော့မှ ကျုပ် သေသေချာချာ ကြည့်လိုက်တယ်ဗျ။ အောင်မယ်လေး ကျုပ် တကယ်ကိုလန့်ပြီး အော်လိုက်တာဗျို့။ ဒါပေမဲ့ ထူးတော့ ထူးဆန်းသားဗျ။ ကျုပ်အသံကို ဘယ်သူမှ ကြားပုံမပေါ်ဘူးဗျာ။ ဝိုင်းထဲက အိမ်မဲကြီးရှေ့မှာ ထိုင်နေတဲ့ လူတွေ တစ်ရာလောက် ရှိတယ်ဗျ။ ဒီရွာထဲမှာ လူမှ ကျန်သေးရဲ့လား မသိပါဘူးဗျာ။ ဝိုင်းကြည့်နေကြတာဗျို့။ ဆရာထွားဆိုတဲ့ ဆရာကြီးနဲ့ သူ့တပည့်နှစ်ယောက်ကို ဝိုင်းကြည့်နေကြတာဗျ။ အားလုံးငြိမ်နေလိုက်ကြတာ။ အပ်ကျရင်တောင် ကြားရမယ့် အတိုင်းပဲဗျာ။

"မဖဲဝါ၊ ငါဆရာ မောင်ထွား အမိန့်ထားမယ်၊ သေချာ မှတ်သားကာ လိုက်နာပေတော့"

ဟာ မဖဲဝါကြီးမှ မဖဲဝါကြီးအစစ်ပဲဗျာ။ ကျုပ်ကို ဘချစ် အမြင်ဖွင့်ပေးလို့ သချိုင်းပြောင်းတဲ့ညမှာ မြင်ခဲ့ဖူးတဲ့ပုံအတိုင်းပဲဗျာ။ ဟာ အရုပ်ကြီးက ဆယ်ပေလောက်ရှိတယ်။ ဆံပင်ဖားလျားကြီးချလို့ဗျာ။ မျက်လုံးကြီးနှစ်လုံးက ရေနွေးကြမ်းပန်းကန်လောက်ကြီးတွေမှ နီရဲနေတာဗျို့။ အချိန်က ညကိုးနာရီလောက်ရှိမယ်။ ဝိုင်းထဲမှာ ကညင်ဆီမီးတိုင်တွေ စိုက်ထားတော့ လင်းထိန်နေတာဗျ။

မဖဲဝါက ထဘီအနက်၊ အင်္ကျီအနက်ကြီး ဝတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့။ ဆရာထွားနဲ့ မလှမ်းမကမ်းမှာ ကြဲ့ကြဲ့ကလေး ဝင်ထိုင်လိုက်တယ်။ ကြည့်နေတဲ့လူတွေကတော့ မဖဲဝါကို ဘယ်မြင်မှာတုံးဗျာ။ ဆရာထွားရဲ့ တပည့်နှစ်ယောက်လည်း မြင်ပုံမပေါ်ဘူးဗျ။ ဆရာထွားကတော့ သေသေချာချာကို မြင်နေတယ်ဆိုတာ ကျုပ် သိတယ်ဗျ။ ကြည့်နေတဲ့လူတွေကတော့ ဆရာထွားကိုပဲ ကြည့်နေကြတာပေါ့ဗျာ။

"မောင်ထွန်းနဲ့ ငရွှေ ထမင်းဟင်းတွေ သွားယူကြ"

ဆရာထွားရဲ့ တပည့်နှစ်ယောက်က သူတို့နောက်မှာ အသင့်ချထားတဲ့ ထမင်းထုပ်ကိုယူပြီး မြေကြီးပေါ်မှာပဲ ဖြည်ချလိုက်တယ်။ သူတို့ ထမင်းထုပ်ခင်းတဲ့နေရာက မဖဲဝါရှေ့တည့်တည့် မဟုတ်ဘဲ ဘေးဘက်ရောက်နေတယ်ဗျ။

"ဟဲ့ကောင်နှစ်ကောင် ဟောဒီမှာ လာချစမ်း"

ဆရာထွားက ပြောလိုက်ပြီး သူ့လက်ထဲက အနီရောင်ဆေးကြိမ်လုံးနဲ့ ထမင်းထုပ်ခင်းရမယ့်နေရာကို ထောက်ပြတယ်။ မဖဲဝါရဲ့ ရှေ့တည့်တည့်ဗျ။ သူ့တပည့်နှစ်ယောက်က ဆရာထွားပြတဲ့နေရာကို ထမင်းထုပ် ခင်းလိုက်တယ်။

"မဖဲဝါ ကျုပ်ကျွေးတာ စားပါ"

ဆရာထွားရဲ့ အမိန့်ပေးသံကြီး ဟိန်းထွက်လာတယ်။

ဟာ စားပြီဗျို့။ မဖဲဝါကြီး စားပြီ။ ဆရာထွားရဲ့ တပည့်တစ်ယောက်ကို ဆရာထွားက ရေခွက်တစ်လုံးနဲ့ ရေအပြည့်ခပ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပြီး မဖဲဝါရှေ့မှာ ချထားခိုင်းလိုက်တယ်။

"ဟာ ဟိုမှာ၊ ဟိုမှာ၊ ထမင်းတွေရော၊ ဟင်းတွေရော၊ လျော့လျော့သွားပြီဟေ့၊ ကြည့်စမ်း၊ ကြည့်စမ်း"

"အေး ဟုတ်တယ်ဟေ့၊ ဟာ ဒါဆိုရင် မဖဲဝါ တကယ် ရောက်နေတာပေါ့ဟ၊ ဆရာထွားက တော်တော်ကိုစွမ်းတာပါလား"

လူတွေ တိုးတိုး တိုးတိုး ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ ဆရာထွားကို ချီးမွမ်းနေကြတာဗျို့။

"ဟဲ့ကောင်မတွေ တိတ်တိတ်နေကြစမ်း၊ ဘာမသိ ညာမသိတွေ ရမ်းပြောမနေနဲ့၊ မဖဲဝါဆိုတာ သရဲမဟုတ်၊ ဟိုက ဆရာ၊ မြေလျှိုး မိုးပျံနိုင်တဲ့ ဆရာဟဲ့၊ စောစောက ဆရာထွား ပြောသွားတာ နင်တို့ မကြားဘူးလား"

ဟာ ကုန်သွားပြီဗျို့။ ထမင်းရော ဟင်းရော ကုန်သွားပြီဗျို့။ မဖဲဝါက ရေခွက်ကို ယူသောက်လိုက်တယ်။

"ဟာ ခွက်ထဲကရေတွေလည်း လျော့သွားပြီဟေ့"

မဖဲဝါက မျက်လုံးနီနီကြီးနဲ့ လူတွေကို တစ်ချက်လှည့်ကြည့်တယ်။ လူတွေကတော့ မဖဲဝါ သူတို့ကို စိမ်းစိမ်းကြီး ကြည့်နေတာကို မသိကြဘူးပေါ့ဗျာ။

ဆရာထွားက သူတပည့်နှစ်ယောက်ကို တိုးတိုး၊ တိုးတိုးနဲ့ ပြောလိုက်တယ်။ ဟိုလူတွေ အိမ်ကြီးထဲကို ဝင်သွားပြီဗျ။ ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြီးသယ်လာတာတုံးဗျ။ ဆရာထွားရဲ့ တပည့်နှစ်ယောက်နဲ့ လူငါးယောက်လောက် မ,ပြီးယူလာတာဗျ။

ဟာ ဟိုလူတွေ သယ်လာတာ အလောင်းကြီးပါလား။ ဆရာထွားက မဖဲဝါရဲ့ရှေ့မှာ အလောင်းကို ချထားခိုင်းလိုက်တယ်ဗျို့။

ဆရာထွားက သူ့လက်ထဲက ဆေးကြိမ်လုံးနဲ့ အလောင်းမှာ လွှမ်းထားတဲ့ အညာစောင်လေးကို ထိုးကော်လိုက်တယ်။ ဟာ မိန်းမတစ်ယောက်ပါလား။ အပျိုအရွယ်ဗျ။ အများဆုံးရှိမှ အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိဦးမှာ။ ဇော်တော်ကိုချောတဲ့ မိန်းမပဲဗျာ။ သေတာနဲ့တောင် မတူဘူး၊ အိပ်ပျော်နေသလိုပဲဗျ။

ဆရာထွားက သေနေတဲ့ မိန်းကလေးရဲ့ မိဘနှစ်ယောက်ကို ခေါ်လိုက်တယ်။ မိဘနှစ်ယောက် အနားကိုရောက်လာတော့ ဆရာထွားက ပြောသဗျ။

"ခင်ဗျားတို့သမီးကို ကျုပ် အခုပဲ အသက်ပြန်သွင်းပေးတော့မှာနော်၊ စောစောက ခင်ဗျားတို့ ကျုပ်ကိုပေးထားတဲ့ ကတိတော့ တည်ကြမယ်မို့လား၊ ခင်ဗျားတို့သမီး အသက်ပြန်ရှင်လာရင် ကျုပ်နဲ့ လက်ထပ်ပေးစားမယ် ဆိုတာလေ"

"ဟုတ်၊ ဟုတ်ပါတယ် ဆရာ၊ သမီးလေး အသက်ပြန်ရှင်လာရင် တော်ပါပြီဗျာ၊ ကျုပ်တို့သမီးကို ဆရာနဲ့ ပေးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩော် လက်စသတ်တော့ ဒီလိုကိုးလို့ ကျုပ်က သဘော ပေါက်သွားတယ်ဗျ။ ကျုပ်လိုပဲ မဖဲဝါလည်း သဘောပေါက်သွား ပုံပဲဗျ။ သူ့ခေါင်းကြီးကို တညိတ်ညိတ်လုပ်နေတယ်ဗျို့။

"ကဲ ကောင်းပြီ၊ ခင်ဗျားတို့ သွားတော့ ရပြီ"

ဆရာထွားက မဖဲဝါဘက်ကိုလှည့်ပြီး ကြည့်တယ်၊ လက်ထဲက ဆေးကြိမ်လုံးကိုလည်း လေထဲမှာ ဝှေ့လိုက်တယ်။

"မဖဲဝါ ဒီသူငယ်မ သေတာ နာရီပိုင်းပဲ ရှိသေးတယ်၊ သူ့ဝိညာဉ်ဟာ အဝေးကြီးကို မရောက်နိုင်သေးဘူး၊ ဒါကို နင် လည်း သိတယ်၊ ငါလည်း သိတယ်၊ နင် အခုချက်ချင်း အဲဒီဝိညာဉ် ကိုတွေ့အောင် လိုက်ရှာပါ၊ ချက်ချင်းခေါ်လာပြီး သူ့ခန္ဓာကိုယ်ထဲ ကို ပြန်သွင်းပေးရမယ်။ တိမ်ညွှန့်စားတဲ့ ငါဆရာထွားရဲ့ အမိန့် အခုချက်ချင်းနာခံစေ၊ ငါ့အမိန့်ကို မနာခံရင် ဘာဖြစ်မယ်ဆိုတာ နင်တွေးသာကြည့်ပေတော့"

ဟာ ပျောက်သွားပြီဗျို့။ မဖဲဝါကြီး ဖြုန်းကနဲ ပျောက်သွား ပြီဗျာ။

"ဟား ဟား ဟား ဟား ဟား"

ဆရာထွားက သူ့ခေါင်းကြီးကို အပေါ် မော့ပြီး အားရပါးရ အော်ရယ်နေပြီဗျို့။

ကြည့်နေတဲ့လူတွေဆိုတာ ပါးစပ်တွေတောင် ဟပြီး ကြက်သေ သေနေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ထင် ငါးမိနစ်လောက်ပဲ ရှိမယ်ထင်တယ်။ မိန်းကလေးချောချောလေးရဲ့ အလောင်းက ဆတ်ကနဲ တွန့်သွားတယ်။ ဆရာထွားက မျက်နှာကြီးပြုံးပြီး ငုံ့ကြည့်နေတယ်။ ဟော မိန်းကလေးက လက်တွေလှုပ်လာပြီ။ ဆရာထွားရဲ့ မျက်နှာကြီးမှာ ရမ္မက်တွေလျှံပြီး မျက်နှာတစ်ခုလုံး အဆီတွေပြန်နေပြီဗျို့။

"ဟား ဟား ဟား ဟား ဟား"

ဆရာထွား မျက်နှာကြီးကို ကောင်းကင်မော့ကြည့်ပြီး ရယ်နေပြီဗျို့။ ထလာပြီ၊ ထလာပြီ။ မိန်းမချောရဲ့အလောင်းက အသက်ပြန်ဝင်ပြီး ထလာပြီ။

"ဟာ မယ်ရီ ပြန်ရှင်လာပြီတော့၊ အောင်မယ်လေး စွမ်းလိုက်တဲ့ ဆရာထွားဟယ်၊ မယ်ရီတော့ ဒီလိုဆရာမျိုးရဲ့ ဆရာကတော်ဖြစ်ရတော့မှာ ကံကောင်းလိုက်တာဟယ်"

ရွာသူတွေရဲ့ တအံ့တသြ ချီးမွမ်းစကားတွေ ဆိုရုံပဲရှိသေးတာဗျ။ ဆရာထွားက ရမ္မက်တွေလျှံနေတဲ့ မျက်လုံးတွေနဲ့ မတ်တတ်ထရပ်နေတဲ့ မိန်းမချော မယ်ရီရဲ့အနားကို တိုးကပ်လာပြီး မယ်ရီရဲ့လက်ကလေးကို လှမ်းကိုင်လိုက်တယ်။

"အီး ဟီး ဟီး ဟီး ဟီး"

ဟာ မယ်ရီပါးစပ်က ထွက်လာတဲ့ အော်သံကြီးဗျာ။ တစ်ရွာလုံးကို လွှမ်းသွားရောဗျာ။ ဟာ မယ်ရီက လွှားကနဲခုန်လိုက်ပြီး ဆရာထွားရဲ့ ဆျောင်ထုံးကို ဆတ်ကနဲ ဆွဲလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစိုက်သွားတဲ့ ဆရာထွားရဲ့ ကျောကုန်းကြီးကို မယ်ရီက လက်ဝါးနဲ့ ရိုက်လိုက်တာဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟာ မရပ်မနားကို ရိုက်တာဗျို့။

"ဝေါ့၊ အား အောင်မယ်လေးဗျ"

ဟာ ဆရာထွား ဒူးထောက်လျက်ကြီးကျပြီး သွေးတွေ ထိုးအန်လိုက်တာဗျာ။ မြေကြီးပေါ်မှာ သွေးအိုင်ကြီးကို ဖြစ်သွားတာဗျ။

ဆရာထွားက မျက်လုံးကြီး လန်တက်သွားပြီး မယ်ရီ့ကို လက်ညှိုးနဲ့ ထိုးထားတယ်။

"ဟား ဟား ဟား ငါ မယ်ရီ မဟုတ်ဘူးဟေ့၊ စည်းကျိုး စည်းပေါက် အောက်လမ်းဆရာ ငထွားရေ ငါ မဖဲဝါဟဲ့၊ မဖဲဝါ ဟား ဟား ဟား ဟား"

ဟာ သွားပြီဗျို့၊ ဆရာထွား သွားပြီ။ မြေကြီးပေါ်ကို ဟပ်ထိုးကြီး ကျသွားပြီဗျို့။

"ဟာ ဆရာ၊ ဆရာ"

ဆိုပြီး ဆရာထွားရဲ့ တပည့်နှစ်ယောက် သူတို့ဆရာဆီကို ပြေးလာကြတယ်။

ဟာ မြန်လိုက်တဲ့ မဖဲဝါဗျာ။ မယ်ရီ့ကိုယ်ထဲကို ဝင်နေတဲ့ မဖဲဝါက ဆရာထွားရဲ့ တပည့်နှစ်ယောက်ကျောကုန်းပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဝါးကြီးနဲ့ တစ်လှည့်စီ ရိုက်ချလိုက်ရောဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဘယ်နှချက်ရိုက်လိုက်မှန်းတောင် မသိတော့ဘူးဗျာ။

"ဝေါ့၊ ဝေါ့"

ဆရာထွားရဲ့တပည့် မောင်ထွန်းရော ငရွှေဆိုတဲ့လူရော သွေးတွေ 'ဝေါ'ကနဲ ထိုးအန်ပြီး ဟပ်ထိုးကြီးတွေ ကျသွားကြရော ဗျို့။

"ဟာ အောင်မယ်လေး လုပ်ကြပါဦးဟ"

"ပြေးကြဟေ့၊ ပြေးကြ၊ ဒါ မယ်ရီ မဟုတ်ဘူး၊ မဖဲဝါကြီးတဲ့ ဟဲ့"

လူတွေ ဝရုန်းသုန်းကားနဲ့ ဝိုင်းထဲက ထွက်ပြေးကြပြီဗျို့။ ကမ္ဘာပျက်တယ်ဆိုတာ ဒါမျိုး ထင်ပါရဲ့ဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟာ သွားပြီဗျာ။ ထွက်ပြေးတဲ့လူတွေကို မဖဲဝါ လိုက်ရိုက် တာ၊ အရိုက်ခံရတဲ့လူတိုင်း မြေကြီးပေါ်မှာ ဆန့်ငင် ဆန့်ငင် ဖြစ်ပြီး ငြိမ်သွားကြတာဗျို့။ ဝိုင်းထဲက လွတ်ထွက်သွားတဲ့လူတွေ နောက်ကို မဖဲဝါ ပြေးလိုက်ပြီး ရိုက်တယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

တစ်ရွာလုံး အော်သံဟစ်သံ၊ ပြေးသံ၊ ငိုသံ၊ ညည်းညူတဲ့ အသံတွေနဲ့ ကမ္ဘာကြီးပျက်နေသလိုပါပဲဗျာ။ ဘယ်လောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြာသွားတယ်တော့ မသိဘူးဗျ။ ကျုပ် ရွာထဲက လမ်းတွေပေါ်မှာ လျှောက်ကြည့်တော့ ရွာလမ်းပေါ်မှာ၊ အိမ်ဝိုင်းတွေထဲမှာ လဲကျပြီး သေနေကြတာ ဘယ်နှယောက်မှန်းကို မသိပါဘူးဗျာ။

ကျုပ် တစ်သက်မှာ ဒီလောက်များတဲ့ လူသေအလောင်းတွေကို တစ်ခါမှ မြင်ခဲ့ဖူးတာမှ မဟုတ်တာဗျာ။ ကျုပ် ဒူးတွေ တဆတ်ဆတ်တုန်အောင်ကို ကြောက်တော့တာဗျ။

ဟာ ဟိုမှာ မယ်ရီဗျို့၊ မယ်ရီ၊ လူသေတွေကို ကျော်ခွပြီး သွားနေတာ၊ ဆံပင်ဖားလျားကြီး ချလို့ဗျ။ တကယ်တော့ ဒါ မဖဲဝါကြီးပေါ့ဗျာ။

"ဟော့ ရပ်လိုက်စမ်း"

အသံကြီးတစ်သံဗျ။ ဒါပေမဲ့ ကြည်လင်ပြီး ဩဇာဓာတ် အပြည့်ကိန်းနေတဲ့ အသံပါဗျာ။ ကျုပ် ရှေ့ကို လှမ်းကြည့်လိုက်တယ်။ မြင်းဖြူကြီးတစ်ကောင်ကိုစီးပြီး ရွာထဲကို ဝင်လာတဲ့လူဗျာ။ မြင်းပေါ်ကလူကို ကျုပ် သေသေချာချာ ကြည့်လိုက်တော့. . .

"ဟာ အဘိုးဆရာကြီးပါလား"

ကျုပ်ရဲ့ ကြောက်နေတဲ့စိတ်တွေ ချက်ချင်းပျောက်သွားတယ်။ ဒူးတွေလည်း မတုန်တော့ဘူးဗျ။

"မဖဲဝါ ကြားသိစေရမည်၊ အထက်ဆရာကြီးတွေရဲ့အမိန့်၊ ငါ့ဆရာ အဖေရှင်ရဲ့အမိန့်"

ဟော မဖဲဝါ ချက်ချင်းဒူးထောက်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်နောင်မှာ ဒီလိုအလုပ်မျိုး လုံးဝမလုပ်ရ၊ လူတွေနေတဲ့ မြို့ရွာတွေအတွင်းကို လုံးဝမဝင်ရ၊ သချိုင်းထဲမှာသာ သင်နေထိုင်ရမည်၊ သချိုင်းမှန်သမျှ သင် အပိုင်စားရာ ဖြစ်ရမည်၊ အထက်ပုဂ္ဂိုလ်တို့ရဲ့အမိန့်ကို ဖီဆန်ခဲ့ပါက သင့်ကို ကျောက်တလားနဲ့ထည့်ပြီး မဟာသမုဒ္ဒရာအလယ်မှာ မြှုပ်နှံပစ်မည်"

"ဘုန်း"

ဟာ အဘိုးဆရာကြီး အဖေရှင်ရဲ့ အမိန့်ပြန်တမ်းလည်း ဆုံးရော မယ်ရီရဲ့ အလောင်းကောင်ကြီးလည်း ဘုန်းကနဲ လဲကျသွားရောဗျို့။ မဖဲဝါကြီး ပြန်ထွက်သွားပြီပေါ့ဗျာ။

"လူလေး မောင်တာတေ၊ မောင်တာတေ"

"ဗျာ အဘိုး"

"လူလေး နိုးပြီလား၊ ခေါင်းထဲမှာ ကြည်ကြည်လင်လင် ရှိရဲ့လား"

"ဟုတ်ကဲ့ ရှိပါတယ် အဘိုး"

"အေး အေး ဒါဆိုရင် ထတော့ကွဲ့"

ကျုပ်မျက်လုံးကို စည်းထားတဲ့ လက်ကိုင်ပုဝါကို အဘိုးဆရာကြီးက ဖြုတ်ပေးလိုက်တယ်။ ကျုပ်အိပ်နေရာက ထထိုင်ပြီး အဘိုးကို သေသေချာချာ ငေးကြည့်နေမိတယ်။

"မောင်တာတေ သိချင်တာတွေ သိရပြီမို့လား၊ အေး အဲဒီနောက်တော့ ရွာထဲက ကျန်တဲ့လူတွေက အခု လူလေး ...



www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့ ကုန်းတန်းရွာနေရာမှာ ရွာသစ်တည်ပြီး ပြောင်းသွားကြတာပေါ့ကွယ်၊ မဖဲဝါလည်း အခုတော့ အဲဒီတုန်းကလို မဆိုးတော့ပါဘူး”

ကုန်းတန်းကနေ ဘကြီးနဲ့ ကျုပ် ပြန်လာခဲ့ကြတာ ကြာခဲ့ပါပြီ။ ဒါပေမဲ့ အဘိုးဆရာကြီး အင်းလက်ကိုင်ပုဝါစည်းပြီး ကျုပ်ကို ပို့ခဲ့တဲ့ အတိတ်ကာလကြီးက အဖြစ်အပျက်တွေကိုတော့ ဒီကနေ့အထိ မျက်စိထဲမှာ မြင်နေတုန်းပါပဲဗျာ။


တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းစားကောင်

ကျုပ်တို့အညာမှာ နေလို့အကောင်းဆုံးက အခုရှိ ဆောင်းအကုန် နွေအကူးလေးပေါ့ဗျာ။ အအေးကလည်းပေါ့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အပူကလည်း မဝင်သေးတဲ့အချိန်ကလေးဗျ။

သရက်ပင်တွေမှာ သီးကင်းလေးတွေ ပြွတ်သိပ်နေတဲ့ အချိန်ပေါ့ဗျာ။ လှည်းလမ်းကြောင်းတွေမှာဆိုရင် ပန်းရိုင်းကလေးတွေတောင် ပွင့်လို့လေ။ ဒီနေ့တော့ အဘရော ကျုပ်ရော ယာထဲမသွားကြဘူးဗျ။

အဘက ကျုပ် နေ့ခင်းနေ့လယ်အိပ်တဲ့ မန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်မှာ မြေကရားလေးတစ်အိုးချပြီး တောင်းယက်နေတာဗျ။

ကျုပ်တို့ အညာသားများ အင်မတန် ဆင်းရဲဇာတာ ပါကြတာဗျ။ အားရင် နားနားနေနေကို နေတတ်ကြတာ မဟုတ်ဘူး။

ရေစည်တိုက်ရမလား၊ နွားစာရိတ်ရမလား၊ ဆီပွတ်ရမလား၊ တောထဲဝင်ပြီး ခြံတိုင်ခုတ်ရမလား၊ ထင်းခုတ်ရမလား၊ ဒါပဲတွေးနေကြတာ။

အလုပ်ဆိုတာကလည်း မလုပ်ရင်သာ မရှိတာ။ လုပ်ရင်ကုန်တယ် ပြီးတယ်လို့ကို မရှိတာဗျို့။ ကျုပ်က အဘဘေးမှာထိုင်ပြီး အဘတောင်းယက်တာကို ထိုင်ကြည့်နေတာပေါ့ဗျာ။ ကျုပ်တို့အိမ်မှာ သုံးတဲ့ခြင်းတွေ၊ ပလိုင်းတွေ၊ တောင်းတွေ၊ စကောတွေ၊ စကာတွေဆိုတာ ကျုပ်အဘ ယက်ထားတာချည်းပဲဗျ။

"ဘိုးညက်ရေ. . . ကျုပ် ပျားရည်လာပို့တာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝက အသံကြားလို့ အဘရော၊ ကျုပ်ရော လှည့်ကြည့်လိုက်ကြတယ်။ ပျားဖွတ်တဲ့ ကိုသာမောင်ကြီးဗျ။ ပုဆိုးတိုတိုကြီးဝတ်လို့၊ လက်ထဲမှာလည်း ပျားရည်ပုလင်းတစ်ပုလင်း ကိုင်ထားတယ်။

"ဟာ သာမောင်ပါလား၊ အေးအေး လာဟေ့၊ အတော်ပဲကွာ၊ ငါဆေးဖော်ဖို့ ပျားရည် ကုန်နေတာကွ"

ကိုသာမောင်ကြီးဝိုင်းထဲ ဝင်လာပြီး အဘကို ပျားရည်ပုလင်းပေးတယ်။

"ဒါ ဘယ်လောက်တုံးကွ သာမောင်ရ"

"တစ်ဆယ်ပဲလေ ဘိုးညဏ်၊ အရင်ဈေးပဲလေ"

"အေး အေး ကဲ တာတေ၊ မင်းအမေဆီမှာ ငွေတစ်ဆယ် သွားယူ၊ ရော့ ရော့ ဒီပျားရည်ပုလင်းပါ ယူသွား"

ကျုပ်က အိမ်ပေါ်တက်ပြီး အမေ့ဆီက ငွေတစ်ဆယ်ယူလာပြီး ကိုသာမောင်ကို ပေးလိုက်တယ်။ ပြီးတော့မှ ကျုပ်က ကိုသာမောင်ကို ကျုပ် သိချင်တာ မေးတာဗျ။ ကျုပ်ကလည်း လျှတ်စပ်စုတဲ့ကောင်မို့လားဗျာ။

"ကိုကြီးသာမောင် ပျားရည်ကို စစ်,မစစ် ဘယ်လိုစမ်းရတုံးဗျ"

"ဟာ တာတေနှယ် လွယ်လွယ်လေးပါကွာ၊ တို့အညာ



www.burmeseclassic.com

www.burmeseclassic.com



သားတွေအတွက်က ဘာခက်မှာတုံး၊ အိမ်တိုင်းမှာ နှမ်းဆီ ရှိနေတာပဲ။ ပန်းကန်လုံးထဲကို ပျားရည်တစ်ဇွန်း ချိန်ထည့်လိုက်ပြီးရင် နှမ်းဆီတစ်ဇွန်း ချိန်ထည့်လိုက်။ အဲဒီနှစ်မျိုးကို ပန်းကန်ထဲမှာ နာနာမွှေပေး၊ အဲဒီလိုမွှေရင်း မွှေရင်းနဲ့ နှစ်မျိုးကောလီဖြစ်သွားရင် ဇွန်းထဲပြန်ထည့်ကြည့်လိုက်။ တစ်ဇွန်းပဲ ရှိလိမ့်မယ်။ ဒါဆိုရင် ပျားရည်အစစ်ပေါ့ကွ"

"ဩော်. . . ဒီလိုလား၊ တယ်ဟုတ်တဲ့ စမ်းနည်းပါလားဗျ ကိုကြီးသာမောင်ရဲ့"

"အင်း. . ဒါပေမဲ့ ပြောရဦးမယ် ဘိုးညဏ်ရေ ဟိုတစ်နေ့က ကျုပ်ရယ်၊ ကျုပ်ညီ သာအောင်ရယ် တောထဲမှာ ပျားရည်တက်ဖွတ်ကြတာဗျ။ ရလိုက်တဲ့ ပျားရည်ဆိုတာ မပြောပါနဲ့တော့ဗျာ။ သာအောင်ကို ရွာပြန်ပြီး လှည်းကောက်ခိုင်းရတော့တာဗျ။ အုံကြီးသုံးအုံတောင် ရလိုက်တာ။ ပျားလဘို့ရော၊ ပျားစလက်ရော တစ်အုံ တစ်အုံ စကောနှစ်ချပ်စာလောက်တောင် မကဘူး။ အဲဒါကြီးသုံးအုံကို အိမ်ကနေ သာအောင် ပြန်ယူတဲ့ စည်ပြတ်တွေနဲ့ ထည့်ပြီး ရွာပြန်လာတာ။ လမ်းမှာ ဖိုးသူတော်ကြီးတစ်ပါးနဲ့ တွေ့တယ် ဘိုးညဏ်ရေ၊ ဒါနဲ့ ကျုပ်က ပျားရည်ပြည့်နေတဲ့ ပျားစလက်ကို ဖဲ့ပြီးလှူလိုက်တယ်။ ဟာ ဖိုးသူတော်ကြီးက ပျားစလက်ကြီးကို အားရပါးရကို ဝါးစားပစ်တာဗျို့။ ပြီးလည်းပြီးရော သူ့လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်ကို ထုတော့တာပဲဗျာ။ ကျုပ်စိတ်ထဲကတော့ သူ့ကို ကျုပ်က ပျားစလက်လျှူလို့ ကျုပ်ကို ဆုပေးတယ်ထင်တာပေါ့ဗျာ။

"အေး. . . ဟုတ်မှာပေါ့ကွ သာမောင်ရ"

"ဘယ်က ဟုတ်ရမှာတုံး ဘိုးညက်ရာ၊ ဘယ်က ဘယ်လို ပျားတွေ ရောက်လာမှန်း မသိပါဘူးဗျာ၊ လူလည်းတုပ်၊ နွားတွေ လည်းတုပ်တော့တာပဲဗျာ။ ကျုပ်တို့လည်း လှည်းကို ဒုန်းစိုင်း မောင်းပြီး ပြေးလိုက်ရတာဗျာ၊ ဘာပြောကောင်းမတုံး ဘိုးညက် ရာ၊ နောက်လှည့်ကြည့်လိုက်တော့ ဖိုးသူတော်ကြီးက လှည်း လမ်းပေါ်မှာ ခုန်ပေါက်ပြီးတော့ကို ရယ်နေတာဗျို့။ ကျုပ်ညီ သာအောင်က ဖိုးသူတော်ကို သွားရိုက်မယ်လုပ်လို့ မနည်းကို ဆွဲထားရပါကောလားဗျာ"

အဘရော ကျုပ်ရော ကိုသာမောင် ပြောတာကို သဘော ကျပြီး ရယ်လိုက်ကြတော့တာပေါ့ဗျာ။

"နို့ ဒီဖိုးသူတော်က ဘယ်ကို သွားတာတုံး သာမောင်ရဲ့၊ ငါတို့ဘက်တွေမှာ ဖိုးသူတော်တို့ ဘာတို့ အင်မတန်မှ လာခဲပါ တယ်ကွ"

"တောထဲဝင်သွားတာ တွေ့တာပဲဗျ၊ ဒါပေမဲ့ ဒီဖိုးသူ တော်က တော်တော်တော့ ထူးခြားတယ်၊ သူ့ကြေးစည်ထုလို့ ပျားတွေ ရောက်လာတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကိုကြီးသာမောင်ပြောတဲ့ ဖိုးသူတော်ကြီးကို တော်တော်စိတ်ဝင်စားသွားတာဗျို့။

"ကိုကြီးသာမောင် အဲဒီဖိုးသူတော်က ပိန်ပိန်လား၊ ဝဝလားဗျ၊ အရွယ်ကရော ဘယ်အရွယ်လောက်ရှိတုံး"

"ဟား၊ ဟား၊ ဟား သာမောင်ရေ. . မင်းညီ တာတေက တော့ ဒါမျိုးတွေဆိုရင် လွှတ်စိတ်ဝင်စားတာဟေ့"

ကိုသာမောင်ကြီးကလည်း ကျုပ်အကြောင်း သိပြီးသားပဲဗျာ၊ ပြုံးပြုံးကြီးလုပ်နေတယ်။

"အသက်က ငါးဆယ်လောက်ရှိမယ်ကွ၊ ပုံစံက ပုပုဝဝ၊ ဗိုက်ရွဲရွဲကြီးကွ၊ မျက်နှာကလည်း ခပ်ပြုပြုပဲ၊ အသားကတော့ ခပ်ညိုညိုကွ"

"ဩော်"

ကျုပ်က ကိုသာမောင်ပြောတာကို နားထောင်ရင်း ဖိုးသူတော်ကြီးအကြောင်းကို တွေးနေတာဗျ။

"အရီးရေ. . . ဟာ တာတေ၊ အရီး ရှိလားကွ"

ကျုပ် ဝိုင်းဝကို လှည့်ကြည့်လိုက်တော့ ကိုတောင်လုံးဗျ။ ကိုတောင်လုံးရဲ့အဖေက မုဆိုးဗျ။ ဦးယောလို့ခေါ်တယ်။ သား ကောင်ပစ်တယ်။ ဘိထောင်တယ်။ တောဝက်ရာသီကို အမိက အမဲလိုက်တာပေါ့ဗျာ။ အခုတော့ သူ့သား ကိုကြီးတောင်လုံးပါ



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက် တောထဲဝင်နေကြတာဗျ။ တောဝက်ဆူဆူ ရရင် အမေ့ကို လာပြီးရောင်းနေကြဗျ။

"ဟာ ကိုကြီးတောင်လုံး အသားကောင်း ရလာပြီထင်တယ်"

"အေးကွ တာတေရ၊ အရီး မှာထားလို့ လာပို့တာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဆွမ်းဟင်းချက်ချင်တယ်လို့ ပြောတယ်ဗျ၊ လာ လာ၊ ကျုပ် အမေ့ဆီ ပို့ပေးမယ်"

ကျုပ်က ကိုတောင်လုံးကို ခေါ်ပြီးတော့ အိမ်ဘေးက ပတ်သွားတယ်။ အမေက မီးဖိုထဲမှာ ထမင်းဟင်း ချက်နေတာလေဗျာ။

"အမေ ဒီမှာ ကိုကြီးတောင်လုံး လာတယ်၊ အမေ မှာထားလို့တဲ့"

"ဟေ အေးဟဲ့၊ တောင်လုံး နင်လာတာ အတော်ပဲပေါ့၊ ငါက ဆွမ်းချိုင့်အတွက် ဘာချက်ရမှန်း မသိလို့ စဉ်းစားနေတာဟဲ့"

ကျုပ် ကိုတောင်လုံးကို အမေနဲ့ ထားခဲ့ပြီး ဝိုင်းရှေ့ကို ပြန်ထွက်ခဲ့တယ်။ ကျုပ်ခေါင်းထဲမှာက ဖိုးသူတော်ကြီးပဲ ရှိနေတာကိုဗျ။ ကိုသာမောင်ကြီး ဘာများထပ်ပြောဦးမှာလည်းလို့ပေါ့ဗျာ။ ကိုသာမောင်နဲ့ အဘက ဟျားရည်နဲ့ဖော်တဲ့ ဆေးတွေအကြောင်း ပြောနေကြတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ဘေးကထိုင်ပြီး အဘတို့ စကားပြောတာကို နားထောင်နေတာပေါ့ဗျာ။ ခဏကြာတော့ ကိုကြီးတောင်လုံး ဝိုင်းရှေ့ကို ပြန်ထွက်လာတယ်ဗျ။

"ဟာကောင် တောင်လုံး လာလေ ထိုင်ဦးလေကွာ"

အဘက ကိုတောင်လုံးကို ခေါ်လိုက်တော့ ကိုတောင်လုံးက အဘဘေးမှာ ဝင်ထိုင်တယ်။ အဘကတော့ တောင်းယက်ရင်း စကားပြောနေတာဗျ။

အဘက လက်မအားတော့ ကျုပ်က နဂါးဆေးပေါ့လိပ်ကို မီးညှိပြီး ကိုတောင်လုံးကို တည်တယ်။ ကိုသာမောင်ကိုတော့ စောစောကတည်းက အဘ တည်ထားပြီးသားဗျ။

"ဘယ်လိုလဲကွ တောင်လုံး၊ မင်းအဘ ဗိုလ်ယော နေကောင်းရဲ့လား၊ တောတက်နေတုန်းပဲလား"

"ကောင်းတယ်ဗျ ကိုသာမောင်ရဲ့၊ ကျုပ်နဲ့အတူ တောတက်နေတုန်းပဲဗျ၊ ကိုသာမောင်တို့ရော အဆင်ပြေရဲ့လား"

"အေး ပြေတယ်ကွ၊ ဒီတစ်ပတ် ပျားရည် တော်တော်ကို ရလာတာ၊ မင်းတို့ရော အဆင်ပြေရဲ့လား"

"အဆင်ပြေတယ်ဗျ၊ အခုတလော သားကောင် ဆက်တိုက်ကို ရနေတာ၊ ဒါပေမဲ့ မနေ့ကတော့ ကျုပ်တို့သားအဖ တောထဲကနေ ခွေးပြေး ဝက်ပြေး ပြေးခဲ့ရတာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဘာဖြစ်လို့တုံးကွ"

"ဖိုးသူတော်ကြီးပါဗျာ"

"ဘာ ဖိုးသူတော်ကြီး ဟုတ်လား ကိုကြီးတောင်လုံး"

ကျုပ်က အံ့ညြပြီး မေးလိုက်တာဗျ။ ကိုတောင်လုံးက နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာလောက် ဖွာလိုက်သေးသဗျ။ မီးခိုးကိုလည်း နှာခေါင်းကနေ အလိပ်လိုက် မှုတ်ထုတ်လိုက်တယ်။ ပြီးတော့မှ. . .

"ပုပုဝဝ၊ ဗိုက်ရွှဲရွှဲကြီးဗျ၊ ဦးကျောက်ခဲ ချောက်ကြီးနားမှာ ထိုင်နေတာဗျ။ ကျုပ်တို့က သူ့ရှေ့က ဖြတ်လျှောက်တော့ ဘာမှတော့ မပြောဘူးဗျ၊ လိုက်ကြည့်ရုံပဲ ကြည့်နေတာ။ အဘင်ရော ကျုပ်ရော အံ့အားသင့်နေကြတာပေါ့ဗျာ။ ဒီတောထဲမှာ ဘယ်တုန်းကမှ ဖိုးသူတော်ရှိတာ မဟုတ်ဘူးလေဗျာ။ ကျုပ်တို့သားအဖလည်း သူ့ရှေ့က ကျော်သွားရော ဖိုးသူတော်ကြီးက သူ့လက်ထဲက ကြေးစည်ကို ထုတော့တာပဲဗျာ။ သူ့ကြေးစည်သံလည်းဆုံးရော တောနက်ထဲက တောဝက်ကြီးနှစ်ကောင် ထွက်လာပြီး ကျုပ်တို့သားအဖကို လိုက်ပြီး ပက်တော့တာပဲဗျာ။ ကျုပ်တို့သားအဖလည်း ပြေးကြရတော့တာပေါ့ဗျာ။ ဒါပေမဲ့ အဘက ကျုပ်ကို ဝက်တွေ မျှားခေါ်သွားခိုင်းတယ်ဗျ။ သူက သစ်ပင်ကြီးတစ်ပင်ဘေးမှာ ဝင်ပြီးကပ်နေလိုက်တယ်။ ပြီးတော့မှ ဆူရှူ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုး အကောင်ကြီးကို ချက်ကောင်းချိန်ပြီး ပစ်လိုက်တာ 'ဒီ' ကနဲ တစ်ချက်အော်ပြီး ဗိုင်းကနဲ လဲကျသွားရောဗျို့။ နောက် တစ်ကောင်လည်း လန့်ပြီး လျှိုထဲဆင်းပြေးသွားတယ်"

ကျုပ်အဘတော့ တော်တော်စိတ်ဝင်စားသွားတယ်ဗျ။

"ဆန်းတော့ ဆန်းနေပါရောလား တောင်လုံးရဲ့၊ မင်းတို့က လည်း အဲဒီဖိုးသူတော်နဲ့ တွေ့လာတယ်၊ ဟောဒီကောင် သာ မောင်တို့ကလည်း အဲဒီဖိုးသူတော်နဲ့ပဲတွေ့ပြီး ကြေးစည်ထုလိုက် တာ ပျားတွေ လိုက်တုပ်လို့ဆိုပဲ၊ အခုလေးတင် သာမောင် ပြောပြနေတာ"

"ဟင် ဟုတ်လားဗျ၊ ကိုသာမောင်တို့က ဘယ်နားတွေ့တာ တုံး"

ကိုတောင်လုံးက အံ့ဩပြီး မေးရောဗျ။

"ငါတို့က လှည်းလမ်းကြောင်းမှာ တွေ့တာကွ၊ ငါ့ညီ ဘအောင်က လှည်းမောင်းလို့၊ ငါက ပျားစလက်တောင် ဖွဲ့ပြီး လျှုလိုက်သေးတာကွ"

အဘက မျက်ခုံးတွန့်ပြီး တွေးနေတယ်။ ကျုပ်လည်း စဉ်းစားနေတာပေါ့ဗျာ။ ကိုသာမောင်နဲ့ ကိုတောင်လုံးတို့လည်း ဒီအကြောင်းကို တွေးနေပုံရတယ်ဗျ။

"မင်းတို့တွေ့ခဲ့တဲ့ ဖိုးသူတော်ကြီးက သိပ်ခေါ်ယူတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်၊ အစွမ်းတော့ တော်တော်ရှိပုံပဲကွ၊ မင်းတို့နောက်ထပ် တောထဲဝင်ရင် သတိတော့ ထားဝင်ကြဟေ့၊ ဘာမှန်းမသိဘူး”

အဘက သတိပေးတယ်။

“ဟုတ်ကဲ့ ဘိုးညာဏ်”

လို့ သူတို့နှစ်ယောက်စလုံးက ပြန်ပြောတယ်။ ကိုသာမောင်နဲ့ ကိုတောင်လုံးတို့ ပြန်သွားပြီးတော့ ကျုပ်နဲ့ အဘနဲ့ တောင်းဆက်ယက်ကြတယ်။ အဘ လက်ညှောင်းရင် တစ်လှည့်နားပြီး ကျုပ်က အဘနေရာဝင်ပြီး ယက်ရတယ်။ အဘက လက်ဖက်ကလေးဝါးရင်း အကြမ်းလေးသောက်ရင်း ကျုပ်ကို ဘေးက ထိုင်ပြောပြတယ်။

ဒီလိုပဲ ကျုပ်တို့တွေ တောင်သူတတ်အပ်တဲ့ အတတ်ပညာမှန်သမျှကို လက်ဆင့်ကမ်းပြီး သင်ယူလာခဲ့ကြတာပေါ့ဗျာ။ ထွန်တုံး၊ ထွန်တံ၊ ထမ်းပိုး၊ လှည်းဒေါက်ခွကစပြီး နွားနဖားကြိုးကျစ်တာအထိ။ ကျုပ်တို့အားလုံး လုပ်တတ်ကြရတယ်။

“အဘ ကိုသာမောင်တို့ပြောတဲ့ ဖိုးသူတော်ကြီးက ကျုပ်စိတ်ထဲမှာ ထူးဆန်းနေသလိုပဲဗျ”

အဘက အကြမ်းခွက်ကို မှုတ်သောက်ရင်း ခေါင်းညိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် တာတေ၊ အဘစိတ်ထဲမှာလည်း တစ်မျိုးဖြစ်သွားတယ်၊ သာမောင် ပြောတုန်းကတော့ သိပ်ဆန်းတယ်မထင်ဘူး၊ တောင်လုံး တောဝက်သား လာပို့ပြီး ပြောတော့မှ အံ့ဩသွားတာ"

"အဘ ကျုပ်စိတ်ထင်တော့ ဒီဖိုးသူတော်ဟာ သိပ်မရိုးဘူးထင်တယ်ဗျ"

"လူလေးရဲ့၊ မင်းက ဒီလိုအတွေ့အကြုံတွေ ဗဟုသုတတွေ ရှိနေတာပဲ၊ လူလေးက ပိုသိမှာပေါ့"

"ကျုပ် အဲဒါကို တွေးနေတာ အဘရဲ့၊ အောက်လမ်းဆရာတစ်ယောက်က ဖိုးသူတော်ယောင်ဆောင်ပြီး ရောက်လာတာလားလို့"

"အင်း. . . ဒါလည်း ဖြစ်နိုင်တာပေါ့၊ အေးလေ၊ ဒီဖိုးသူတော်က ဒီနယ်တစ်ဝိုက်မှာ ဆက်ရှိနေရင်တော့ အဖြေပေါ်လာမှာပေါ့ လူလေးရာ"

အဲဒီနေ့က အဘနဲ့ကျုပ် တောင်းနှစ်လုံးပြီးအောင်ယက်ကြတယ်။ ညနေစောင်းတော့ တောင်းတွေ အနားကွပ်ပြီးသွားပြီ။ ကျုပ်တို့အိမ်ကတောင်းတွေက နကုန်ပြီလေဗျာ။ နောက်နေ့ကျမှ ရေနံချေးသုတ်ပြီး နေလှမ်းရမယ်။ နေပြလိုက် ရေနံချေး ထပ်သုတ်လိုက်၊ နှစ်ရက်လောက်လုပ်ရင်း ဝါးတွေက အရောင်ကို



www.burmeseclassic.com

www.burmeseclassic.com


ဘင်းပြီး ဝါးပိုးလည်း မထိုးတော့ဘူးပေါ့ဗျာ။

ကျုပ်က မနက်အစောကြီး နိုးနေတာဗျို့။ ကျုပ်ရဲ့အကျင့်ကလည်း တစ်မျိုးဗျ။ အိမ်မှာ ဟင်းကောင်းရှိရင် အစောကြီး နိုးတတ်တယ်။ အစောကြီး အိပ်ရာထပြီး ထမင်းကြမ်း စားတဲ့ကောင်ဗျ။ ကျုပ်အကြောင်းကို အမေကသိတော့ မနက် ထမင်းကြမ်းစားဖို့ ညတည်းက ထမင်းပိုချက်ထားတာ။

ကျုပ် နိုးပြီးမှ အမေနဲ့ အဘ နိုးလာကြတာ။ ကျုပ်ဆာနေမှန်းသိလို့ အမေက ထမင်းကြမ်းပွဲ မြန်မြန်ပြင်ပေးတယ်။ နွေဦးပေါက်ဆိုတော့ နှင်းလွှတ်ကျတာဗျ။ ဒီအချိန် နှင်းအကျဆုံးပဲ။ နှင်းကြွင်းနှင်းကျန် အကုန်ကျသလားတောင် မပြောတတ်ပါဘူးဗျာ။ အိမ်ပေါ်ကနေ လှမ်းကြည့်ရင် ရွာလမ်းက လှည်းမောင်းသွားတဲ့သူ ဘယ်သူမှန်း မြင်ရတော့တာ မဟုတ်ဘူးဗျို့။

ကျုပ်တို့သားအမိ သားအဖသုံးယောက် တောဝက်သားဟင်းနဲ့ ထမင်းကြမ်း စားသောက်ပြီးတော့ အိမ်ရှေ့တန်းလျားလေးမှာ ထိုင်ပြီး ဆေးလိပ်သောက်၊ အကြမ်းသောက်ပေါ့ဗျာ။

အဘက သူ့ရဲ့ မကွေးကွမ်းညှပ်ကလေးနဲ့ ကွမ်းသီးဘထောက်ထောက်ညှပ်ပြီး ကွမ်းယာနေတာဗျ။ ကျုပ်အဘက ဆေးလိပ် သိပ်မသောက်ဘူး။ ကွမ်းစားတာများတယ်။ ကျုပ်က ကွမ်းမစားဘူး၊ နဂါးဆေးပေါ့လိပ်ပဲ ဖွာတာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"တာတေရေ. . . တာတေ နိုးပြီလားဟေ့"

ဝိုင်းဝကနေ ကျုပ်ကို ခေါ်နေတာဗျ။ နှင်းတွေပိတ်

တော့ ဘယ်သူမှန်းကို မသိတာ။

"ဟဲ့ ဘယ်သူတုံး၊ နှင်းတွေပိတ်နေတာ ဘယ်သူမှန်း

မသိတာ၊ အသံပြုလိုက်လေ တာတေ"

အမေက ပြောတော့မှ ကျုပ်က လှမ်းအော်လိုက်တယ်

"ရှိတယ်ဗျို့၊ လာလေ ဝင်ခဲ့၊ နှင်းတွေပိတ်နေလို့ ဘယ်

မှန်းကို မသိတာ"

"ငါပါကွ တာတေရ၊ မီးလောင်ကုန်းက ဝက်သိုးပါ"

"ဟာ ဟေ့ကောင် ဝက်သိုး၊ မင်းကလည်း တန်းဝင်လာ

ပါလား၊ တကယ့်ကောင်ကွာ၊ မင်းက ငါ့ဆီလာတာ ညှိ

လုပ်နေရသေးသလားကွ"

ဒီကောင် ဝက်သိုး၊ ဒီတော့မှ ဝိုင်းထဲဝင်လာတာ

ဝက်သိုးဆိုတဲ့ကောင်က ဂင်တိုတို၊ ဗိုက်က နည်းနည်းရွဲတယ်

ကျုပ်နဲ့က တစ်ရွယ်တည်းပေါ့ဗျာ။ မြို့ကျောင်းတက်တုန်း

အတူတူလေ၊ ဒီကောင့်နာမည်က ချစ်ညိုဗျ။ ဒါပေမဲ့ သူ

ဘယ်သူကမှ ချစ်ညိုလို့ မခေါ်ဘူး။ ဝက်သိုးပဲ ခေါ်တာဗျ။ ကျ

ကိုတော့ လွတ်ခင်တဲ့အကောင်။ လမ်းလျှောက်ရင် ကမူးရှူးထိုး

အခုလည်း နှင်းတောထဲကနေ ကမူးရှူးထိုးနဲ့ ရှိုးထွ



www.burmeseclassic.com

www.burmeseclassic.com



လာရောဗျ။ ကျုပ်အိမ်ပေါ်မှာရှိမှန်းသိတော့ တန်းတက်လာတာ။

"လာ ဝက်သိုး၊ ထိုင်"

ကျုပ်က ဒီကောင်မှန်း သိကတည်းက နဂါးဆေးလိပ်ကလေး ကြိုညှိထားတာ။ ဝက်သိုးကလည်း ကျုပ်လိုပဲဗျ။ နဂါးဆေးပေါ့လိပ် အားကြီးကြိုက်တာဗျ။

"သောက် ဝက်သိုး၊ နဂါးကွ ရော့"

ဝက်သိုးက ခေါင်းက ဝါးခမောက်ကလေးချွတ်ပြီး ကျုပ်တည်တဲ့ ဆေးလိပ်ကို ဖွာတော့တာဗျို့။

"ဟဲ့ ဝက်သိုး၊ နင့်အဘ ကိုကျော်ကြီးတို့ နင့်အမေ မပြားကြည်တို့ နေကောင်းရဲ့လားဟဲ့"

အမေက ဝက်သိုးရဲ့ အဖေ၊ အမေတွေကို သတင်းမေးသဗျာ။ ဝက်သိုးက ခေါင်းညိတ်ပြရင်း ပြောတယ်။

"ဟုတ်ကဲ့ အရီး နေကောင်းကြပါတယ်၊ ဘိုးညဏ်တို့ အရီးတို့ရော နေကောင်းရဲ့မို့လား"

"အေး. . ကောင်းတယ်ဟဲ့၊ ဝက်သိုးရဲ့ နင်တောင်ထနောင်ကုန်းဘက်ကို အရင်လောက်လာတာ မတွေ့တော့ပါလား၊ ဘာတုံး တောင်ပိုင်းက နင်ပိုးနေတဲ့ ဝိုင်းကြည်သမီး အိမ်ထောင်ကျသွားလို့ မလာတော့တာလား"

"ဟား၊ ဟား၊ ဟား၊ ဟား အရီးကလည်း မဟုတ်ပါဘူးဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ယာထဲဆင်းနေရလို့ပါဗျ"

ဝက်သိုးက ရှက်ကိုးရှက်ကန်းကြီးလုပ်ပြီး ရယ်တာဗျ။ ကျုပ်လည်း ပြုံးနေရတော့တာပေါ့ဗျာ။ အမေပြောလိုက်တာ ဝက်သိုးအရှိုက်ကို တည့်တည့်ကြီး ထိသွားတယ်ဆိုတာ ကျုပ်သိတာပေါ့ဗျာ။

"နေပါဦးကွ ဝက်သိုးရ၊ အစောကြီး နှင်းတောထဲ ထလျှောက်လာတာ ဘာတွေများ အရေးကြီးတဲ့ကိစ္စရှိလို့တုံး"

ဝက်သိုးက သောက်လက်စ နဂါးဆေးပေါ့လိပ်ကလေးကို ဆေးလိပ်ခွက်ထဲ ချထားလိုက်တယ်ဗျ။ ပြီးတော့မှ ပြောတာ။

"ဒီလိုကွ တာတေရ၊ မနေ့က မနက်အစောကြီး ဒီလိုပဲ နှင်းတွေပိတ်ကျနေတုန်း ငါတို့ မီးလောင်ကုန်းရွာထဲမှာ နှင်းတောထဲက ကြေးစည်ထုသံ ကြားရတယ်ကွ"

"ဟေ. . . ကြေးစည်ထုသံ ဟုတ်လား ဝက်သိုး"

ကျုပ်ရော အဘရော အလန့်တကြား ဖြစ်သွားကြတာဗျ။ အမေကတော့ ဒီအကြောင်းတွေ ဘာမှမသိတော့ ဘာမှမဖြစ်ဘူးပေါ့ဗျာ။

"အေး. . ဟုတ်တယ်၊ နေပါဦးကွ မင်းက ငါပြောတာကို အလန့်တကြား ဖြစ်သွားတာ ဘာဖြစ်လို့တုံး၊ဒီအကြောင်းကို သိနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်ဘူးကွ ဝက်သိုးရဲ့ မနေ့က ကိုသာမောင်တို့ ကိုတောင်လုံးတို့ပြောတဲ့ ဖိုးသူတော်ကြီးကို သွားပြီးသတိရလိုက်လို့ပါကွာ၊ နေပါဦးကွ ဝက်သိုးရဲ့ မင်းတို့ရွာမှာ ကြေးစည်ထုတာလည်း ဖိုးသူတော်ကြီးပဲလား"

"အသံပဲ ကြားတာတဲ့ကွ၊ ဘာမှမမြင်ရဘူးလို့ပြောတယ်"

"နှင်းတွေက လွှတ်ပိတ်နေတာကွ၊ မင်း အခုပဲ အပြင်ကို လှမ်းကြည့်လိုက်လေ၊ ရွာလမ်းကို မြင်ရလို့လား"

"နေဦးကွ တာတေရဲ့ ငါပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူးကွ၊ မြင်ကို မမြင်ရတာ၊ အသံပဲ ကြားရတာလို့ပြောတာ"

"ဟေ. . . မင်းတို့ လိုက်ကြည့်လို့လား"

"ကြည့်ကြတာပေါ့ကွ တာတေရဲ့ စောစောစီးစီး ကြေးစည်သံကြီး ကြားရတော့ ဟ. . ဒါ ဘာတုံးဆိုပြီး လူတွေ ထွက်ကြည့်ကြတာလေကွာ၊ တချို့ဆိုရင် ကိုယ့်နားနားမှာကို ကပ်ပြီး ထုသွားတာကို ကြားရတာကွ၊ ဒါပေမဲ့ ဘာမှမမြင်ရဘူးတဲ့ကွ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် အကောင်အထည် မမြင်ရဘဲ အသံပဲ ထွက်ထွက်လာတာပေါ့"

"အေး ဟုတ်တယ်၊ ငါပြောတာ အဲဒီလိုပြောတာ"

ကျုပ်နဲ့ အဘနဲ့ တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်ကြပြန်ရောဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"အဘ ကျုပ်စိတ်ထင်တော့ ဒါဟာ ကိုသာမောင်တို့ပြောတဲ့ ဖိုးသူတော်ကြီးပဲ ဖြစ်မှာဗျ"

"အင်း. . . အဘလည်း အဲဒီလိုပဲထင်တယ် တာတေ"

"ဒါဆိုရင် ကိုသာမောင်တို့က ဖိုးသူတော်ကြီးကို မြင်ပြီးတော့ ဝက်သိုးတို့ မီးလောင်ကုန်းက လူတွေက မမြင်ရတာ ဘာသဘောတုံးဗျ"

ကျုပ်လည်း တွေးလို့မရလို့ အဘကို မေးလိုက်မိတယ်ဗျ။ အဘက ကျုပ်ကို ပြောတယ်။

"တာတေ မင်းစဉ်းစားတာ လိုနေသေးလို့ကွ၊ သာမောင်တို့ သာအောင်တို့ ညီအစ်ကိုဆိုတာ တစ်သက်လုံး ပျားဖွတ်စားတဲ့ကောင်တွေကွ၊ တောင်လုံးတို့သားအဖဆိုတာလည်း မုဆိုးတွေလေကွာ၊ တစ်သက်လုံး အကုသိုလ်အလုပ် လုပ်နေတော့ အကုသိုလ်ဟိတ် လွှမ်းနေတဲ့လူတွေလေကွာ၊ မကောင်းဆိုးဝါးတွေဘာတွေကို မြင်ချင်လည်း မြင်မှာပေါ့ကွာ၊ ဝက်သိုးတို့ရွာသားတွေက အဘတို့လို တောင်သူတွေလေ၊ အကုသိုလ်နည်းကြမှာပေါ့၊ ဒါကြောင့် မမြင်တာဖြစ်မှာပေါ့ လူလေးရဲ့"

"ဟာ အဘ တွက်ပြတာ ဟုတ်နိုင်တယ်ဗျ၊ ဟုတ်နိုင်တယ်၊ နေပါဦးကွ ဝက်သိုးရဲ မင်း အခု ငါ့ကို လာပြောတာ ထူးဆန်းတဲ့ ကြေးစည်သံအကြောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကဟုတ်မှာတုံး တာတေရာ၊ မင်းနဲ့ အဘနဲ့ စကား ဆုံးသေးလို့ ငါစောင့်နေတာကွ"

ဝက်သိုးက ကျုပ်တို့ စကားပြောနေတော့ ဆေးလိပ် ကလေး ပြန်ဖွာနေတာဗျ။

"အေး. . အဲဒီကြေးစည်သံကြားပြီး တစ်နာရီလောက် ကြာတော့ ရွာလယ်ပိုင်းက ငိုသံကြီး ထွက်လာတော့တာပဲကွာ"

"ဟေ. . . ဘာဖြစ်လို့တုံးကွ ဝက်သိုးရ"

"မလိပ်ပုအဖေ ဘိုးတုတ်ကို မင်း သိတယ်မို့လား"

"အေး. . သိတာပေါ့ဟ ဝက်သိုးရ၊ မင်းတို့ ထန်းတောထဲ မှာတောင် တစ်ခါ နှစ်ခါ ဆုံဖူးသေးတယ်"

"အေး. . ဟုတ်တယ်၊ ဟုတ်တယ်၊ ဘိုးတုတ် ထိုင်နေရာ ကနေ မူးလိုက်တာ၊ မူးလိုက်တာဆိုပြီး လဲကျသွားတာ အသက် ပါသွားရောဟေ့"

"ဟာ ဘိုးတုတ် ဆုံးပြီပေါ့ ဟုတ်လား"

"အေး. . မနေ့ကမနက်ကပဲ ဆုံးသွားတာ"

"မီးလောင်ကုန်းက ငတုတ် ဆုံးသွားပြီ ဟုတ်လား၊ ဝက်သိုး"

ကျုပ်အမေက ဝင်မေးတာဗျ။ အဘကလည်း စိတ် မကောင်း ဖြစ်သွားတယ်ဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ငတုတ်က ငါ့ကို လွှတ်ခင်တာကွ၊ တွေ့ရင် ကိုကြီးညာဏ် ကိုကြီးညာဏ်နဲ့ နေတာ"

"ဘိုးတုတ် ဆုံးတာနဲ့ လူမမြင်ဘဲ ကြားရတဲ့ ကြေးစည်သံနဲ့ ပတ်သက်နေတယ်လို့ မင်းတို့ရွာသားတွေ ထင်နေတယ်မို့လားကွ ဝက်သိုးရ"

"နေဦး တာတေ၊ ငါ့မှာ ပြောစရာရှိသေးတယ်၊ အဲဒါနဲ့ ငါတို့ကာလသားတွေ လူစုပြီး မလိပ်ပုတို့အိမ်မှာ အသုဘကိစ္စ လုပ်ရတော့တာပေါ့ကွာ။ ခေါင်းစပ်၊ အလောင်းစင် ဆောက်ပေ ကွာ၊ ညနေသုံးနာရီလောက်ကျတော့ အသုဘကို ခေါင်းသွင်းကြ တယ်။ ခေါင်းကို အလောင်းစင်ပေါ် တင်ပြီး ထမင်းပန်းကန်နဲ့ ထမင်းကျွေး၊ မီးအိမ်ထွန်းပေါ့ကွာ။ ညရောက်တော့ ထုံးစံအတိုင် ပေါ့ကွာ၊ ရွာထဲကလူတွေ ဖဲဝိုင်းလုပ်ပြီး အသုဘစောင့်ရတော့ တာပေါ့။ အောက်လင်းဓာတ်မီးတွေ ထိန်နေအောင် ထွန်းထား ကြတာပေါ့ကွာ။ သန်းခေါင်ကျော်လောက်ရောက်တော့ ရွာထဲမှာ ကြေးစည်သံ ကြားရရောဟေ့"

"ဟာ ဟုတ်လား၊ မနက်ကကြားတဲ့ အသံမျိုးပဲလား"

"ဟုတ်တာပေါ့ကွာ၊ အဲဒီကြေးစည်သံပဲကွ၊ ငါတို့အားလုံး ဖဲဆက်မချနိုင်တော့ဘဲ နားထောင်နေကြတာ။ ဘယ်အချိန် ဘယ်လို အိပ်ပျော်သွားမှန်းကို မသိပါဘူးကွာ၊ မနက်စောစောလေးနား



www.burmeseclassic.com

www.burmeseclassic.com



လောက်ကျမှ တောင်ဘက်ဝိုင်းက ဘိုးထွန်းညိုကြီး ရောက်လာပြီး. . .

"ဟော့ကောင်တွေ ထစမ်း၊ မင်းတို့အသုဘ မရှိတော့ဘူး"

လို့ ဘိုးထွန်းညိုက အော်ပြောတော့မှ ငါတို့အားလုံး. နိုးသွားပြီး အလောင်းစင်ကို လှမ်းကြည့်ကြရတာပေါ့ကွာ"

"ဟာ ဟုတ်တယ်ဟေ့၊ ဘိုးတုတ်အလောင်း မရှိတော့ဘူးကွ"

ဆိုပြီး ဆူညံ ဆူညံနဲ့ ဖြစ်ကုန်ကြတော့တာပေါ့ကွာ"

"နေပါဦးကွ ဝက်သိုးရ၊ အသုဘအိမ်ရှင် မလိပ်ပုတို့တွေကရော အိပ်ပျော်သွားတာပဲလား"

"ဟာ တာတေရေ. . အဲဒီကြေးစည်သံက ရွာကိုပတ်ပြီးထုတာတဲ့ဟေ့၊ တစ်ရွာလုံး အိပ်ပျော်သွားကြတာ၊ အကုန်လုံး မနက်လေးနာရီမှ နိုးလာကြတာကွ"

"ဟာ တယ်လည်း ထူးဆန်းပါလားကွ"

"အေး. . ငါဆက်ပြောဦးမယ် တာတေ၊ ငါတို့ကာလသားတွေနဲ့ ရွာထဲကယောကျ်ားတွေ ချက်ချင်းလူစုပြီး ဓာတ်မီးတစ်ယောက် တစ်လက်နဲ့ ရွာထဲကိုပတ်ပြီး ဘိုးတုတ်အလောင်းကို လိုက်ရှာကြရောဟေ့။ ဘယ်မှ ရှာမတွေ့တော့မှ ရွာပြင်ထွက်ပြီး ရှာကြရပြန်တာပေါ့ကွာ၊ ဒါလည်း မတွေ့ဘူးကွ၊ မနက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းစပြုလာတော့တာပေါ့ကွာ။ ဒီမှာတင် လူခွဲရှာတဲ့ တို့ရွာသားနှစ်ယောက် ပြေးချလာတော့တာပေ့ါ၊ ဘာတုံးဆိုပြီး ဆီးမေးလိုက်တော့ တို့ရွာအနောက်က လျှိုကြီးထဲမှာ ဘိုးတုတ်ကိုထည့်တဲ့ ခေါင်းကြီးတွေ့ခဲ့တယ်လို့ ပြောတယ်ကွ၊ ဒါနဲ့ လူတွေအားလုံး အဲဒီလျှိုကြီးထဲကို လိုက်သွားကြတာပေါ့ကွာ၊ အဲဒီမှာ သွားတွေ့တာကွ"

"ဟေ တွေ့တယ် ဟုတ်လား ဝက်သိုး"

"အေးကွ တာတေရ၊ တွေ့တော့ တွေ့တယ်၊ ဒါပေမဲ့ ဘိုးတုတ်ရဲ့အလောင်းကို စားထားတာကွ၊ အသားဆိုလို့ ဘာမှ မရှိတော့ဘဲ အရိုးအပိုင်းအစ အပုံကြီးပဲတွေ့တာ၊ ဒါနဲ့ ငါတို့လည်း တိုင်ပင်ပြီး ရွာပြန်တဲ့လူကပြန်၊ ပေါက်တူးယူတဲ့လူကယူပေါ့ကွာ၊ အဲဒီအရိုးတွေကို ခေါင်းထဲထည့်တဲ့လူကထည့်ပြီး လျှိုကြီးထဲမှာပဲ ကျင်းနက်နက်တူးပြီး မြှုပ်လိုက်ကြရတာပေါ့ကွာ။ ရွာထဲပြန်ရောက်တော့ ဒီသတင်းက ပျံ့သွားပြီး လူတွေ ကြောက်ရွံ့ကုန်တော့တာပေါ့ကွာ၊ တချို့မိန်းမတွေဆိုရင် ကြောက်လွန်းလို့ ငိုတောင် ငိုကြလို့ပေ့ါ"

ကျုပ်လည်း ဘာပြန်ပြောရမှန်းတောင် မသိပါဘူးဗျာ။ ကျုပ်လည်း ဒါမျိုး တစ်ခါမှ မကြားဖူးပါဘူး။

"အဘ ဖိုးသူတော်ကြီးက ဘယ်လိုဖြစ်တာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကိစ္စမျိုးမှာ လူလေးက အဘထက် ဗဟုသုတ ပိုရှိတာ ပဲကွယ်၊ လူလေးတောင် မသိမှတော့ အဘက ဘယ့်နှယ်လုပ် သိမှာတုံး"

ဝက်သိုးလည်း ကျုပ် ဘာပြောမလဲဆိုတာ စောင့်နေတာ ဗျ။ ကျုပ်လည်း ဘာပြောရမှန်း မသိသေးဘူးပေါ့ဗျာ။

"ငါတို့ရွာက ကာလသားတွေကတော့ တာတေ့ဆီသွားပြီး အကျိုးအကြောင်းပြောဆိုလို့ ငါ လာခဲ့တာကွ"

"ကဲ ဒီလိုလုပ် ဝက်သိုး၊ မင်း ရွာကိုသာပြန်၊ ငါ ဒီည ဒီကိစ္စ မဖဲဝါကို မေးမယ်၊ သူပြောတာ နားထောင်ပြီးမှ လုပ်သင့် တာတွေ ငါ လာလုပ်ပေးမယ်"

"အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆိုရင် ငါပြန်မယ်၊ မင်း မှာတာ ကို ငါရွာမှာ ပြန်ပြောလိုက်မယ်"

ဝက်သိုး အိမ်ပေါ်ကနေ ခပ်သုတ်သုတ် ဆင်းသွားပြီး နှင်းထုထဲမှာ ပျောက်သွားတယ်။ အဘရယ်၊ အမေရယ်၊ ကျုပ် ရယ် ဒီအကြောင်းကို ဆက်ပြောကြတယ်။

ဒီတော့မှ ကျုပ်အမေက အကျိုးအကြောင်း အကုန်သိ သွားတာဗျို့။

"အောင်မယ်လေး တာတေရယ်၊ ငါတောင် ကြောက် သိုက်တာဟယ်၊ နင့်မဖဲဝါရော ဒီလိုဟာမျိုးကြီးကို နိုင်ပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ တော်တော်ကြာ မနိုင်ဘဲ သွားလုပ်လို့ နင်ပါ ဒုက္ခတွေ့နေပါဦးမယ် တာတေရယ်"

"ဟာ မဖဲဝါက သူနိုင်တာ၊ မနိုင်တာကို သိပါတယ်ဗျ"

ဒီသတင်းက နေ့လယ်လောက်ရောက်တော့ ကျုပ်တို့ရွာထဲအထိ ပျံ့လာရောဗျို့။ ကျုပ်တို့ရွာသားတွေကို ညနေ ငါးနာရီမှာ ရွာတံခါးပိတ်ဖို့၊ လူတွေ အိမ်ထဲမှာနေဖို့၊ မိုးချုပ်ရင် အိမ်ပြင်မထွက်ဖို့တွေကို ဆယ်အိမ်ခေါင်းတွေက တိုးတိုးတိတ်တိတ် လိုက်ပြောကြတာပေါ့ဗျာ။ ဒါပေမဲ့ မကောင်းဆိုးဝါး ဆိုတာကတော့ ရွာထဲကို ဝင်လို့ရတဲ့အဆင့်ရှိရင် ဝင်လာမှာပဲပေါ့ဗျာ၊ တံခါးပိတ်ထားလို့ လုံမှာမှ မဟုတ်တာ။

ညရောက်လို့ အိပ်ရာဝင်တော့ ကျုပ်က မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေးကို ကိုင်ပြီး ပြောလိုက်တယ်။

"သချိုင်းရှင်မကြီး မဖဲဝါ၊ မီးလောင်ကုန်းမှာတော့ အထူးအဆန်းတွေ ဖြစ်နေပြီဗျာ၊ အဲဒါ ဘာဖြစ်တာတုံးဆိုတာ ကျုပ်သိချင်လို့ပါ၊ ပြီးတော့ ရှေ့ဆက်ပြီး ဘာတွေဖြစ်ဦးမှာတုံးဆိုတာ သိချင်ပါတယ်၊ သချိုင်းရှင်မ မဖဲဝါဗျာ၊ အဲဒီကိစ္စတွေ ဒီည ကျုပ်ကို ပြောပြပါဗျာ"

ကျုပ်က သေသေချာချာ ပြောဆိုပြီးမှ မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ လမ်းလျှောက်နေတာဗျို့။ ကောင်းကင်မှာ လကွေးကွေးလေး သာနေလို့သာ မှုန်ဝါးဝါးလေး မြင်နေတာပေါ့ဗျာ။

ကျုပ်ရောက်နေတဲ့နေရာကို အကဲခတ်လိုက်တယ်။ ဟာ သချိုင်းကုန်းကြီးပဲဗျ။ သချိုင်းမှ တော်တော်ကို ဟောင်းနေတဲ့ သချိုင်းဟောင်းကြီးဗျို့။ အုတ်ဂူကြီးတွေကလည်း အကြီးကြီးတွေဗျ။ ဒါပေမဲ့ အားလုံးက ဟောင်းမဲနေပြီ။ ရိုးရိုးအုတ်ဂူဆိုတာ သိပ်မရှိဘူးဗျ။ ဒါဟာ မင်းဆွေမင်းမျိုးတွေ သင်္ဂြိုဟ်တဲ့ သချိုင်း ဖြစ်မယ်လို့ ကျုပ်စိတ်ထဲမှာ တွေးနေမိတာဗျ။

ဒီအချိန်မှာပဲ လေအေးတစ်ချက် ဝှေ့သွားတယ်။ ဒါ မဖဲဝါ ရောက်လာတာဗျို့။ ကျုပ် ဘေးဘီကို လှည့်ပတ်ကြည့်လိုက်တယ်။

ဟော ဟိုမှာပဲ၊ ဂူမည်းမည်းဟောင်းဟောင်းကြီးရဲ့ဘေးမှာ ကပ်ပြီးရပ်နေတာဗျ။ ဒီတစ်ခါတော့ မဖဲဝါက ကျုပ်နဲ့ အသက်အရွယ်တူ ကောင်မလေးပုံစံ မဟုတ်ဘူးဗျ။ သူ့နဂိုပုံစံဗျို့။ ကျုပ်တောင် ကြောထဲမှာ စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွားတယ်ဗျို့။ ဒါပေမဲ့ မဖဲဝါက ကျုပ်လန့်သွားမှာစိုးလို့ ထင်ပါရဲ့၊ ဂူအမြင့်ကြီးဘေးမှာ ကပ်ရပ်ပြီး သူ့မျက်နှာကို အမှောင်နဲ့ ကွယ်ထားတယ်။ သူ့ကို ခပ်ဝါးဝါးလေးပဲ ကျုပ်မြင်နေရတာဗျ။

"တာတေ၊ အဲဒီဖိုးသူတော်က လူ့ဘဝတုန်းက မတေ



www.burmeseclassic.com

www.burmeseclassic.com



လောဘတွေ ထားခဲ့တာ၊ သူ့ကို ခေါ် ထားတဲ့ ဘုန်းကြီးကျောင်း ပစ္စည်းတွေကို အမြဲခိုးဝှက်ယူတယ်။ ဆရာတော် မသိအောင် နေ့လွဲညစာတွေ ခိုးစားတယ်၊ ရဟန်းသံဃာတွေကိုလှူမယ့် အစားအစာတွေကို ခိုးယူစားသောက်တယ်၊ သေတော့ ရက္ခို (ရက်ခို)ကြီးဖြစ်နေတာ။ အလောင်းစားကောင်ကြီးလေ။ ငါတောင် သူ့ကို လွယ်လွယ်နဲ့ နိုင်မှာမဟုတ်ဘူး။ နင့်ကို ငါပြောမယ် သေသေချာချာ မှတ်ထား၊ မနက်ဖြန်ဆိုရင် ဒီရက္ခိုကောင် နင်တို့ ရွာကို ဝင်လိမ့်မယ်၊ လူတစ်ယောက် သေလိမ့်မယ်။ ညရောက်ရင် နင်က အလောင်းကိုဖယ်ပြီး ခေါင်းထဲဝင်နေ၊ နင့်လက်ထဲမှာ နင့်ဆရာကြီးတွေ ပေးထားတဲ့ သိမ်ဝင်ခြေမန်းကွင်း ရှိတယ်မို့လား၊ ဒီအကောင်ကြီးက လူတွေကို အိပ်ပျော်အောင်လုပ်ပြီး ခေါင်းကို ထမ်းပြေးလိမ့်မယ်။ နင်မကြောက်နဲ့ နင့်နောက်က ငါ လိုက်လာမယ်၊ ခေါင်းဖွင့်တာနဲ့ ခြေမန်းကွင်းရအောင်သာစွပ် ကျန်တာ ငါလုပ်မယ်၊ ကြားလား တာဝေ"

"စိတ်ချပါ သချိုင်းရှင်မကြီး"

ကျုပ် အိပ်မက်က လန့်နိုးတော့ မနက်ငါးနာရီလောက် ရှိပြီ။ ကျုပ်အိပ်ရာကထပြီး မျက်နှာသစ်တယ်။ ပြီးတာနဲ့ မျက်ကွင်းဆေး သွေးပြီးကွင်းတယ်။

ခဏနေတော့ အဘနဲ့ အမေ နိုးလာကြတယ်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"တာတေ အစောကြီးနိုးနေပါလား၊ ကိုညာဏ် တော့်သား တော့ ပွေလီဖို့ ပြင်နေပြီထင်တယ်"

"အဘနဲ့ အမေ မျက်နှာသစ်ကြ၊ ပြီးရင် ဘုရားရှိခိုးပြီး ပရိတ်တွေ ရွတ်နေကြပေတော့၊ ဒီနေ့ ဒီအကောင်ကြီး ကျုပ်တို့ ရွာ ဝင်လိမ့်မယ်"

"ဟေ. . ဟုတ်လား၊ နင် သိပြီဟုတ်လား တာတေ"

ကျုပ်က အမေ့ကို ခေါင်းပဲညိတ်ပြလိုက်တယ်။ အဘနဲ့ အမေလည်း ကျုပ်ပြောတဲ့အတိုင်း လုပ်ကြတာပေါ့ဗျာ။

"နောင် ဝေ ဝေ ဝေ"

"ဟဲ့ တာတေ လာပြီ၊ လာပြီ၊ ကြားလား ကြေးစည်သံ"

"ကြားတယ် အမေ၊ ဘာမှမကြောက်နဲ့၊ ပရိတ်ပဲ ဆက် ရွတ်နေကြ"

လို့ ပြောပြီး ကျုပ်က ဝိုင်းထဲပြေးဆင်းခဲ့တယ်။ ခြံထောင့် က မန်ကျည်းပင်နားမှာ ကပ်ပြီးစောင့်နေလိုက်တယ်။

"နောင် ဝေ ဝေ ဝေ"

"နောင် ဝေ ဝေ ဝေ"

ဟာ လာနေပြီဗျို့။ ကျုပ်တို့နေတဲ့ ရွာလယ်လမ်းအတိုင်းကို လာနေတာဗျို့။ နှင်းတွေကလည်း ပိတ်နေအောင် ကျနေတာဗျို့။

ဟာ လာနေပြီဗျို့။ ဟုတ်ပါ့ဗျာ၊ ဖိုးသူတော်ဝဝကြီးဗျို့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းမှာ အဝတ်ဖြူစကြီး ခပ်တိုတို ပတ်ထားတယ်၊ အပေါ်ပိုင်းကတော့ ပိတ်ဖြူကို တင်ရုံပဲ တင်ထားတာဗျ။ လက်က ကြေးစည်ကိုတော့ ဆက်တိုက်ကို ထုနေတာဗျို့။

ကျုပ် သစ်ပင်ကွယ်ပြီး သေသေချာချာ ကြည့်တယ်။ နေ့ခင်းကြောင်တောင် ရွာထဲကို ဝင်နိုင်တဲ့ မကောင်းဆိုးဝါးမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်ဗျာ၊ အင်း. . . ကျုပ်တို့ရွာမှာတော့ လူတစ်ယောက် သေဦးတော့မှာပေါ့ဗျာ။

"နောင် ဝေ ဝေ ဝေ"

ကြေးစည်သံက တဖြည်းဖြည်း ဝေးသွားပြီဗျ။ ရွာအနောက်ပိုင်းကို ရောက်သွားတယ် ထင်တာပဲ။ ကျုပ်လည်း အိမ်ပေါ်တက်ပြီး မျက်ကွင်းဆေးကို ဝက္ကွင်း နန္ဒင်းဖြူဥနဲ့ ဖျက်ပစ်လိုက်တယ်။

ကျုပ်အဘနဲ့ အမေကတော့ ပရိတ်ကို ဆက်ရွတ်နေတုန်းပေါ့ဗျာ။ ခုလောက်ဆို ကျုပ်တို့ရွာထဲက လူတွေလည်း ဒီကြေးစည်သံကိုကြားပြီး ကြောက်လန့်နေကြရောပေါ့ဗျာ။

အဘတို့ ပရိတ်ရွတ်ပြီးတော့ ကျုပ်တို့သားအမိ သားအဖတွေ ခရမ်းချဉ်သီးပန်ထွေဖျော်လေးနဲ့ ထမင်းကြမ်းစားကြတယ်။ စားသောက်ပြီးလို့ အကြမ်းထိုင်သောက်နေကြတုန်းပဲ ရှိသေးတာဗျို့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ဟာ ဒါ ကျောက်ခဲအသံပဲ၊ လူတော့ မမြင်ရသေးဘူး၊ နှင်းတွေ ပိတ်နေတာကိုဗျာ၊ ဒါပေမဲ့ ဒီကောင် ခေါ်ရင်း ဝိုင်းထဲ ဝင်လာနေတာဗျ။ မန်ကျည်းပင်ကြီးနားရောက်မှ ကျောက်ခဲကို ကျုပ်တွေ့ရတာ။ ခြော် သံမဏိလည်း ပါတာကိုး။

"ဟော့ကောင်တွေ လာကြ၊ အိမ်ပေါ်တက်ကြ"

ဒီကောင်နှစ်ကောင် အိမ်ပေါ်ကို ခပ်သုတ်သုတ် တက်လာကြတယ်ဗျို့။

"ကိုကြီးတာတေ စောစောက ကြေးစည်သံကြီး ကြားလိုက်သေးလား"

"ဟာ ကြားတာပေါ့ကွ ကျောက်ခဲရဲ့ ကြားရုံတင် မကဘူး၊ ဒါ အကောင်ကြီးပါ တွေ့လိုက်တာ"

"ဟင် ဟုတ်လား၊ ဘယ်လိုဟာတုံးဗျ"

"ဖိုးသူတော်ကြီးကွ၊ ဟိုနေ့ကတည်းက ကိုသာမောင်တို့ ကိုတောင်လုံးတို့ တွေ့ခဲ့တယ်ဆိုတဲ့ ဖိုးသူတော်ကြီးပေါ့ကွာ"

"ဟာ ဒီလူတွေက ဖိုးသူတော်ကြီးကို တွေ့လာတယ် ဟုတ်လား၊ မိုးလောင်ကုန်းမှာဖြစ်တဲ့သတင်းက မနေ့ကတည်းက ကျုပ်တို့ရွာမှာ ပျံ့နေတာဗျ။ ရွာထဲကလူတွေ တအားကို ကြောက်နေကြတာ ကိုကြီးတာတေရ"

www.burmeseclassic.com



"အေး. . . ငါလည်း တွေးမိပါတယ်ကွာ၊ ငါ ဘာမှမတတ်နိုင်သေးလို့ပါကွာ၊ ဒီညတော့ ဒီကိစ္စကို ငါ ရှင်းမှာပါ"

"ဟာ ဒါဆိုရင် ကိုကြီးတာတေ ဒီည မဖဲဝါ ပင့်တော့မှာပေါ့၊ ကျုပ်တို့ ဘာလုပ်ပေးရမှာတုံး ပြောလေဗျာ"

"မဟုတ်ဘူးကွ ကျောက်ခဲရ၊ ငါ ညကတည်းက မဖဲဝါနဲ့တွေ့ပြီးပြီ၊ အကျိုးအကြောင်းအားလုံးလည်း ငါ့ကို ပြောထားပြီးပြီ"

"ဟာ ဟုတ်လား၊ ကျုပ်တို့ပါ ဝိုင်းလုပ်မယ်ဗျာ"

ကျုပ် ဒီကောင်နှစ်ကောင်ရဲ့ သစ္စာကိုတော့ ယုံပြီးသားပါဗျာ။ ဒီကောင်တွေအကြောင်းကို ရှေ့က ဝတ္ထုတွေမှာ ကျုပ်ရေးခဲ့ပြီးပြီပဲ။

"တာတေ တာတေ တာတေ နိုးပြီလားဟေ့"

"ဘယ်သူတုံး၊ ကျုပ် နိုးနေပါပြီဗျ၊ ဝင်ခဲ့လေ"

နှင်းတောထဲက လူတစ်ယောက် အပြေးတစ်ပိုင်း ထွက်လာတာဗျ၊ ဟာ ကိုသာမောင်ကြီးပါလား"

"ဟာ ကိုကြီးသာမောင် ဘာဖြစ်လို့တုံး"

"တာတေ ငါ့ညီ သာအောင် ဆုံးသွားပြီကွ"

"ဗျာ. . . ကိုသာအောင် ဆုံးသွားပြီ ဟုတ်လား၊ ဘာဖြစ်လို့တုံးဗျ"

"ဘာမှမဖြစ်ဘူးကွ၊ အကောင်းကြီးကနေ ခေါက်ခဲနဲ့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားတာကွ၊ ဟိုဖိုးသူတော်ကြီး ကြေးစည်သံကြောင့် ဖြစ်မှာပေါ့ကွာ၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ကိုသာမောင်က ပြောရင်း ငိုချလိုက်ရောဗျို့။ အမေနဲ့အဘလည်း ကိုသာမောင်ကိုကြည့်ပြီး မျက်ရည်လေး တစမ်းစမ်းနဲ့ဖြစ်နေကြတော့တာပေါ့ဗျာ။

"ကိုသာမောင် ထွက်ကြည့်လိုက်သေးလားဗျ"

"ငါ ကြည့်လိုက်တယ်ကွ တာတောရ၊ ငါမြင်တယ်၊ တခြားလူတွေကတော့ မမြင်ဘူးပြောတယ်၊ ဒါပေမဲ့ ငါကတော့ သေသေချာချာ မြင်လိုက်ပါတယ်ကွာ၊ ဟိုနေ့က ငါတို့တွေ့ခဲ့တဲ့ ဖိုးသူတော်ကြီးပါပဲကွာ၊ ငါထင်တယ် တာတော၊ အဲဒီနေ့က ငါ့ညီ သာအောင်က လှည်းပေါ်ကနေ ဆင်းရိုက်မယ်လုပ်လို့ ငါ မနည်းဆွဲထားရတာကွ၊ အဲဒါကြောင့် လာသတ်တာထင်တယ်"

ကျုပ်လည်း ဘာမှမပြောတတ်ဘူးပေါ့ဗျာ။ ကျုပ်ရော ကျောက်ခဲတို့ရော ချက်ချင်းထလိုက်ခဲ့တယ်။ ကျောက်ခဲနဲ့ သံမဏိက လူခွဲပြီး ရွာထဲက ကာလသားတွေကို လိုက်ခေါ်ကြဖို့ ထွက်သွားတယ်ဗျ။ ကျုပ်ကတော့ ကိုသာမောင်တို့အိမ်ကို လိုက်ခဲ့ရတာပေါ့ဗျာ။

ကိုသာအောင်နဲ့ ကျုပ်နဲ့က အလွန်ဆုံးကွာမှ ခြောက်နှစ်ပေါ့ဗျာ။ ကိုသာအောင်က သေးသေးညှက်ညှက်ကလေးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပျားဖွတ်စားတယ်ဆိုပေမယ့် ရပ်ရေးရွာရေးဆိုရင် အမြဲတမ်း ဝိုင်းဝန်းတဲ့လူပါဗျာ။ လူချစ်လူခင်လည်း လွတ်ပေါတဲ့လူဗျ။

ရွာထဲက လက်သမားတွေ ရောက်လာကြတာပေါ့ဗျာ။ ကာလသားတွေက ဖျဉ်ပုတ်ဝယ်လာကြတယ်။ လက်သမားတွေက ခေါင်းစပ်မယ်ပေါ့။

"ကဲ ဦးကြည်သောင်း အတိုင်းကို ကိုသာအောင်နဲ့ မယူနဲ့၊ ကျုပ်နဲ့ ယူပါ"

အသုဘအိမ်က လူတွေက ကျုပ်ကို ဝိုင်းကြည့်တယ်။ ကျုပ်က လမ်းမှာတည်းက ကိုသာမောင်ကို အကျိုးအကြောင်း ပြောပြီးသားလေဗျာ။

"တာတေ ဒါ နောက်စရာမဟုတ်ဘူး၊ နမိတ်မရှိ နမာမရှိ တွေ လာမပြောနဲ့"

လက်သမားဆရာ ဦးကြည်သောင်းက ကျုပ်ကို ဆူတယ်ဗျ၊ ကျုပ်က ကိုသာမောင်ကို ကြည့်လိုက်တယ်။

"ဦးကြည်သောင်း တာတေပြောတဲ့အတိုင်း လုပ်ပေးလိုက်ပါ၊ သာအောင်က ညှက်တော့ သာအောင်နဲ့ အတိုင်းလုပ်ရင် တာတေ ခေါင်းထဲဝင်လို့ရမှာ မဟုတ်ဘူးဗျ"

"ဟေ. . အခုသေတာက သာအောင်လေကွာ၊ တာတေ က ဘာကြောင့် ခေါင်းထဲဝင်ရမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



လက်သမားဆရာ ဦးကြည်သောင်းက နားမလည်တော့ဘူးပေါ့ဗျာ။ ဒီမှာတင် ကိုသာမောင်က ဦးကြည်သောင်းကို လက်ကုတ်ပြီး အိမ်ဘေးက သရက်ပင်ကြီးအောက်ကို ခေါ်သွားပြီး တိုးတိုး တိုးတိုးနဲ့ အကျိုးအကြောင်း ပြောပြတယ်။ ဦးကြည်သောင်းက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တယ်ဗျ။

ခုမှ ဦးကြည်သောင်းက သဘောပေါက်သွားပြီး ကျုပ်ကို ရေဘောတ်တိုက်တဲ့ ခုံပေါ်မှာ လှဲအိပ်ခိုင်းတယ်။ ပြီးတော့ ကျုပ်ကို ကိုယ်တိုင်းယူတာပေါ့ဗျာ။

ခေါင်းစပ်လို့ပြီးတော့ ဦးကြည်သောင်းက ကျုပ်ကို ခေါင်းထဲ ဝင်အိပ်ခိုင်းတယ်။ ကျုပ်ကလည်း ဝင်အိပ်တယ်။ အသုဘလာတဲ့လူတွေကတော့ မျက်နှာတွေပျက်ပြီး ကျုပ်ကို ကြည့်နေတယ်။

"တာတေကတော့ကွာ လောကမှာ တစ်တေတည်းရှိတဲ့ကောင်ပဲ"

လို့ ပြောကြတယ်။ မတတ်နိုင်ဘူးလေဗျာ။ ကျုပ်ကလည်း ဒါမျိုးတွေ လုပ်ရရင် လွတ်စိတ်ဝင်စားတဲ့ကောင်ဗျ။

ခေါင်းအဖုံးမှာ လွန်နဲ့ အပေါက်တွေ ဖောက်ခိုင်းရတယ်။ ဒါမှ ကျုပ် အသက်ရှူလို့ ရမှာပေါ့ဗျ။ အလောင်းစင် ပြင်တယ်။ အလောင်းစင်ပေါ်မှာ ခေါင်းလည်းတင်တယ်။ ဒါပေမဲ့ ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဘာမှမရှိဘူးဗျ။ ကိုသာအောင်အလောင်းက အိမ်ထဲမှာပဲ။

မိုးချုပ်တော့ အသုဘကို ထမင်းကျွေးတဲ့အတိုင်း အလောင်းစင်ဘေးမှာ ပြင်ထားတယ်။ ခေါင်းရင်းမှာ မီးအိမ်တစ်လုံးလည်း ထွန်းလို့ဗျ။

ညသန်းခေါင်လောက်ရောက်တော့ ကျုပ်က မျက်ကွင်းဆေးကွင်းတယ်။ သစ်စုန်းဆေးတော်ကို သွေးပြီး နားနှစ်ဖက်မှာ လိမ်းတယ်။ ဒါမှ ကြေးစည်သံကြားရင် ကျုပ် အိပ်မပျော်မှာလေဗျာ။ ကျောက်ခဲနဲ့ သံမဏိကိုလည်း နားနှစ်ဖက်စလုံးမှာ သစ်စုန်းဆေးတော်သွေးပြီး လိမ်းပေးတယ်။ ဒီကောင်တွေ အိပ်လို့မပျော်မှ အိပ်သွားတဲ့လူတွေကိုနှိုးပြီး ကျုပ်နောက်ကို လိုက်နိုင်မှာလေဗျာ။

"နောင် ဝေ ဝေ ဝေ"

ဟာ ကြေးစည်သံကြီး စမြိုးကြားရပြီဗျို့။ ကျုပ်က အလောင်းစင်ပေါ်တက်ပြီး ခေါင်းထဲ ဝင်အိပ်လိုက်တယ်။ ကျုပ်လက်ထဲမှာလည်း မဖဲဝါမှာတဲ့အတိုင်း ခြေမန်းကွင်းကို အဆင်သင့် ကိုင်ထားတယ်။ ခြေမန်းကွင်းဆိုပေမယ့် ခေါင်းကို စွပ်လို့ရအောင် ခပ်ကြီးကြီးလုပ်ထားတာဗျ။ ကျောက်ခဲနဲ့ သံမဏိက ခေါင်းအဖုံးကို သေသေချာချာ သံရိုက်ပြီး ဖုံးလိုက်တယ်။ ပြီးတော့ ဒီကောင်တွေ အိမ်ပေါ်ပြေးတက်ကြမှာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာကတော့ အောက်လင်းဓာတ်မီးကြီးထွန်းပြီး ဖဲချနေကြတဲ့ ဝိုင်းသုံးဝိုင်းဗျ။ ရွာထဲက ကာလသားတွေ အကုန် ရောက်နေတာဗျ။ အားလုံးကို ကျုပ်ခေါ်ထားတာလေဗျာ။

"နောင် ဝေ ဝေ ဝေ"

"နောင် ဝေ ဝေ ဝေ"

ဟော ဝိုင်းရှေ့မှာရပ်ပြီး ကြေးစည်ထုနေတာဗျ။ ကြေးစည်သံက တဖြည်းဖြည်း ဝေးသွားပြီး ရွာထဲကို လှည့်ပတ်ပြီး ထုနေပြန်ပြီဗျို့။ တစ်ရွာလုံး အိပ်ပျော်အောင် လုပ်တဲ့သဘော ပဲဗျ။ ကျုပ်ကတော့ ခေါင်းထဲရောက်နေတော့ အပြင်ကို မမြင်ရ ဘူးလေဗျာ။ ခုလောက်ရှိရင် ဖဲချနေတဲ့ ကျုပ်ကောင်တွေလည်း အိပ်ပျော်ကုန်ရောပေါ့ဗျာ။

"နောင် ဝေ ဝေ ဝေ"

ဟော ကြေးစည်သံက ပြန်ပြီးနီးလာပြီဗျို့။ ဟော ဝိုင်းထဲ ဝင်လာပြီဗျ။ ဟော ဟော ခေါင်းကို လာပြီးလှုပ်ကြည့်နေတယ်။ ဟော မ,ပြီဗျို့၊ မ,ပြီ။ ဟာ ခေါင်းကိုမ,ပြီး ပခုံးပေါ်မှာ ထမ်းလိုက် ပြီဗျ။

ဟာ ပြေးပြီဗျို့၊ ပြေးပြီ။ တရကြမ်းကို ပြေးတာဗျို့။ ကျုပ် စိတ်ထင် ရွာပြင်ရောက်လာပြီထင်တယ်။ ကျုပ်ကတော့ ခေါင်းထဲ မှာ မြင်းရိုင်းကြီး စီးနေရသလိုပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဘေးနံ့ရံနှစ်ဖက်ကို ကျုပ် တံတောင်နှစ်ဖက်နဲ့ ထောက်ထားရတာဗျို့။ ကျုပ်ခေါင်းကိုလည်း တောင့်ထားရ တယ်။ ကျုပ်လက်ထဲမှာတော့ ခြေမန်းကွင်းကို အဆင်သင့် ကိုင် ထားရတယ်ဗျို့။

"ဒုန်း"

တော်တော်ဝေးဝေးကိုရောက်မှ ခေါင်းကို ပစ်ချလိုက် တာဗျို့။ ကျုပ်လည်း ခေါင်းထဲမှာ ကြွတက်သွားပြီး ခေါင်းဖုံးနဲ့ နဖူးနဲ့တောင် ဆောင့်မိသွားတာဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ရက္ခိုကြီး ရယ်နေပြီဗျ။ စားရသောက်ရတော့မယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်နေဘာနေမှာပေါ့ဗျာ။

ကျုပ်ဆိုတာ ကြက်သီးတွေ ဖြန်းကနဲ ဖြန်းကနဲ ထနေ တော့တာဗျို့။ ဆံပင်တွေတောင် ထောင်ထနေတယ်လို့ ကျုပ် စိတ်ထဲမှာ ထင်နေတာဗျ။ ကျုပ်ရင်တွေဆိုတာလည်း ခုန်လိုက် တာဗျာ။ ဒုန်းဒုန်းနဲ့ ခုန်နေတဲ့ ကျုပ်နှလုံးခုန်သံကို ရက္ခိုကြီး ကြားသွားမှာတောင် စိုးရိမ်နေမိတယ်ဗျို့။

လက်နှစ်ဖက်နဲ့ သေသေချာချာ ကိုင်ထားတာကတော့ ကျုပ်ဆရာကြီး ဒေါက်တာဦးမင်းအောင်ကိုယ်တိုင် စီရင်ထားတဲ့ ခြေမန်းကွင်းဗျ။ မဖဲဝါပြောတာ ဒီခြေမန်းကွင်းကို ပြောတာလေဗျာ



www.burmeseclassic.com

www.burmeseclassic.com



"ဂျွတ် ဂျွတ်"

ဟာ ခေါင်းအဖုံးကို ဆွဲဖွင့်နေပြီဗျို့။ ဘုရား၊ ဘုရား၊ ကျုပ်က ခြေမန်းကွင်းစွပ်လို့မရရင် ဘယ်လိုလုပ်မတုံး။ မဖဲဝါရော အချိန်မီ ရောက်ပါ့မလား။ မဖဲဝါသာ **အချိန်မီ** ရောက်မလာရင်တော့ ကျုပ်ကို ရက္ခိုကြီး စားမှာ **သေချာတယ်ဗျို့။** ကျုပ်စိတ်ထဲက ကြောက်စိတ်တွေကို ချက်ချင်းဖယ်ပ**စ်လိုက်တယ်။**

"ဂျွတ် ဂျွတ်"

ခေါင်းဖုံးကြီးက သံရိုက်ထားတာဆိုတော့ **သူ မနည်းကို** ဆွဲလှန်နေရတာပေါ့ဗျာ။

ကျုပ်စိတ်ထဲက ဆရာကြီးဦးမင်းအောင်နဲ့ ဆရာနွဲ့ဖတို့ကို ရည်မှန်းပြီး ရှိခိုးလိုက်တယ်။ ဟော ပွင့်သွားပြီဗျို့။ ခေါင်းဖုံးကြီး ပွင့်သွားပြီ။ ဟာ အစွယ်ကြီးတွေမှ ဖွေးနေတာပဲဗျာ။ ဟော ဟော ပါးစပ်ကြီးဟာပြီး ခေါင်းထဲမှာ ဆန့်ဆန့်ကြီးလုပ်ထားတဲ့ ကျုပ်အပေါ်ကို ရက္ခိုရဲ့ ခေါင်းပြောင်ပြောင်ကြီးက ငုံ့လာတယ်ဗျ။

"ကဲ သေပေတော့ အလောင်းစားကောင်ကြီးရေ"

လို့ ကျုပ်စိတ်ထဲက အော်ပြောလိုက်ပြီး ခြေမန်းကွင်းကြီးနဲ့ ရက္ခိုရဲ့ခေါင်းကို စွပ်ချလိုက်တယ်။

"အား"

ရက္ခိုကြီးရဲ့ လည်ပင်းမှာ ခြေမန်းကွင်း မိမိရရကို စွပ်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားတာဗျို့။ ဆရာကြီး ဦးမင်းအောင်ရဲ့ ခြေမန်းကွင်းက စွမ်းလိုက်တာဗျာ။ ရက္ခိုကြီး အားကနဲအော်ပြီး နောက်ကို လန်ထွက်သွားတာဗျို့။ ကျုပ်လည်း ခေါင်းထဲကနေ ချက်ချင်းခုန်ထွက်လိုက်တယ်။

"အီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ မဖဲဝါ ရောက်နေမှကိုး။ အောင်မယ်လေး တော်ပါသေးရဲ့ဗျာ။

"အား၊ အား၊ အား"

ရက္ခိုကြီးက တော်တော်ကို ပူလောင်နေသလို ပုံစံဗျ။

"ဖြုတ်ပေးပါ၊ ဖြုတ်ပေးပါ၊ ကျုပ် ကြောက်ပါပြီ"

ဟာ ရက္ခိုကြီး ကော့ပြန်ပြီးအော်နေတော့တာဗျို့၊ အရပ်ဆယ်ပေကျော်ကျော်လောက်မြင့်တဲ့ မဖဲဝါကြီးက လေထဲကို လှစ်ကနဲ မြောက်တက်သွားပြီး ပြန်အကျမှာ ရက္ခိုရဲ့ ကျောကုန်းကို သူ့ရဲ့လက်ဝါးကြီးနဲ့ တအားရိုက်ချလိုက်ရောဗျာ။

"ဘုန်း"

"အား"

တစ်ချက်တည်းပဲ ရိုက်တာဗျ။ ဒါပေမဲ့ မဖဲဝါ အခုလို လေထဲကို မြောက်တက်သွားပြီးမှ ရိုက်တာမျိုး ကျုပ် တစ်ခါမှ မတွေ့ဖူးဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရက္ခိုကြီး အားကနဲ အော်လိုက်တဲ့အသံကြီးဟာ တော်တော်ကို ကြောက်စရာကောင်းတာဗျာ။ အနီးအနားမှာ ရှိသမျှ ရွာတွေအားလုံးက ကြားလောက်တယ်ဗျို့။ ဒီတော့မှ ကျုပ် သတိထားမိတယ်။ ရက္ခိုကြီး ကျုပ်ကို ထမ်းပြေးလာပြီး ပစ်ချလိုက်တာ ကျုပ်တို့ရွာမြောက်ဘက်က 'ပဒတ်လျှို' ထဲမှာဗျ။

"ရက္ခိုကောင် နင် ဒီနေ့ကစပြီး တောထဲမှာပဲ နေရမယ်၊ တိရစ္ဆာန်အသားပဲ စားရမယ်၊ လူ့ရပ်လူ့ရွာထဲကို ဘယ်တော့မှ မဝင်ရဘူး၊ ဒါဟာ နတ်မင်းကြီးရဲ့ အမိန့်"

မဖဲဝါပြောတဲ့ စကားတွေကို ကြားရတာက ကျုပ် စလွယ်သိုင်း လွယ်ထားတဲ့ ကတ္တီပါရှုံ့အိတ်ကလေးထဲက မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကြောင့်ပေါ့ဗျာ။

မဖဲဝါ ရိုက်ချလိုက်လို့ ဒူးထောက်လျက်ကြီး ကျသွားတဲ့ ရက္ခိုကြီးက မဖဲဝါကို မော့မကြည့်ဘဲ ခေါင်းကြီး ညိတ်ပြတယ်။ မဖဲဝါက ကျုပ်ကို လှမ်းကြည့်ပြီး ခြေမန်းကွင်း ချွတ်ပေးဖို့ လက်နဲ့ လုပ်ပြတယ်။ ကျုပ်က ကျုပ်ကို စားတော့မလို လုပ်ထားတဲ့ ရက္ခိုကြီးရဲ့လည်ပင်းက ခြေမန်းကွင်းကြီးကို ပြန်ဖြုတ်ယူလိုက်တယ်။

ဟော ရက္ခိုကြီး ပျောက်သွားပြီဗျ။ သွားပြီပေါ့ဗျာ။ ဒီနယ်ဘက်ကိုတော့ သူ ဘယ်တော့မှ လာမှာမဟုတ်တော့ပါဘူး။

ဟော မဖဲဝါလည်း ပျောက်သွားပြီဗျို့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"တာတေရေ. . . တာတေ ငါတို့ လာပြီဟေ့"

ကျုပ်တို့ရွာကကောင်တွေ လိုက်လာတာဗျ။ ဓာတ်မီးတွေ တဝင်းဝင်းထိုးလို့ဗျို့။

"ကိုကြီးတာတေ၊ ဘယ်မှာတုံး"

ကျောက်ခဲအသံဗျ။ ကျုပ်က လျှိုနှုတ်ခမ်းပေါ်ကို ပြေးတက်ပြီး ပြန်အော်လိုက်ရတယ်။

"ကျောက်ခဲ ငါ ဒီမှာဟေ့"

ဒီကောင်တွေ ရောက်လာတော့ ကိုသာအောင်ကို သင်္ဂြိုဟ်မယ့်ခေါင်းကို ပြန်သယ်လာရတာပေါ့ဗျာ။ ကိုသာအောင်ရဲ့ အသုဘကိစ္စလည်း အေးအေးဆေးဆေး ပြီးသွားပါတယ်။

ရွာထဲမှာတော့ ဒီအကြောင်းက တော်တော်နဲ့ကို ပြောလို့မပြီးတော့ဘူးပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေ မပယား

ရွှေတောင်ဦးဘုရားပွဲပြီးတာ သုံးရက်ပဲ ရှိသေးတာဗျ။ ထုံးစံအတိုင်းပေါ့ဗျာ။ ဘုရားပွဲလည်းပြီးရော ကျုပ်တို့ ကာလသားတွေလည်း ခြေပစ်လက်ပစ်ကို ဖြစ်ကြရတာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆိုရင် ဘုရားပွဲပြီးလို့ ဖျက်စရာရှိတာဖျက်၊ သိမ်းစရာရှိတာ သိမ်းပြီးရင် အိမ်ထဲက အိမ်ပြင် မထွက်ဘဲ တစ်ပတ်လောက်ကို အိမ်မှာ နားနေတော့တာဗျ။

ရွှေတောင်ဦးဘုရားပွဲက တပေါင်းလပြည့်မှာ ပြီးတာလေဗျာ။ ဘုရားပွဲပြီးသွားတဲ့အချိန်ဟာ အပူအပြင်းဆုံးအချိန်ပေါ့။

အဘနဲ့ အမေက ဘုရားပွဲပြီးတဲ့အချိန်မှာ ကျုပ်ကို ဟင်းကောင်းကျွေးကောင်း ချက်ကျွေးနေကျဗျ။ ကျုပ်ကြိုက်တဲ့ ဝက်သားနဲ့ ပုန်းရည်ကြီးချက်။ ပြီးတော့ ခရမ်းချဉ်သီးပန်ထွေဖျော်ပြီးတော့ ကျုပ်တို့အညာစာ ခြံစည်းရိုးဟင်းလေးတစ်ခွက်ပေါ့ဗျာ။

တာတေတို့ကတော့ ဟင်းကောင်းရင် သုံးပန်းကန်တော့ အနည်းဆုံးပေါ့ဗျာ။ ထမင်းလည်းစားပြီး ချွေးပြိုက်ပြိုက်ကျတာဗျို့။ နေကလည်းပူတော့ ကျုပ် ဆေးလိပ်ခွက်ကလေးဆွဲပြီး ဝိုင်းထဲက မန်ကျည်းပင်အောက် ရောက်လာတော့တာပေါ့ဗျာ။

နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ကိုယ့်ဟာကိုယ်ပဲ ဖွာတော်ဆက်ရတာပေါ့ဗျာ။ ဆေးလိပ်ကလေး သုံးလေးဖွာလောက် ဖွာရသေးတယ်။ တာတေ့မျက်လုံးတွေက စင်းလာရောဗျာ။

ဝါးပိုးခြမ်းခေါင်းအုံးလေးပေါ်မှာ ခေါင်းအုံးလိုက်တာနဲ့ အိပ်ပျော်သွားတာပါပဲဗျာ။ အိပ်ပျော်တာနဲ့ အိပ်မက်တစ်ခုမက်တယ်။

မနက်ဝေလီဝေလင်း အချိန်ကြီးဗျ။ နှင်းတွေကလည်း

www.burmeseclassic.com



ကျလိုက်တာဗျာ။ ကျုပ်က လှည်းလမ်းကြောင်းဘေးမှာ လမ်းလျှောက်သွားနေတာဗျ။ ခေါင်းမှာ ဝါးဖတ်ခမောက်ကလေး ဆောင်းလို့၊ လက်ထဲမှာတော့ ဓားတိုကလေးတစ်ချောင်းလည်း ကိုင်လို့ပေါ့ဗျာ။

"ကျွိ၊ ကျွိ၊ ကျွိ၊ ဟဲ့နွား၊ ဖြော် ဒီနွားဟာ၊ ဟဲ့ ဘယ်တုံး၊ တောက် အတည့်သွားလေ၊ ဖြော် ဒီနွား"

လှည်းလမ်းကြောင်းအတိုင်း လှည်းမောင်းလာတာကြားလို့ ကျုပ်က လှည့်ကြည့်လိုက်တယ်။ နှင်းတွေပိတ်နေလို့ လှည်းကို မမြင်ရဘူးဗျ။

"ဟဲ့နွား၊ အော် ဟဲ့"

တဖြည်းဖြည်းနဲ့ လှည်းက ကျုပ်ဘေး ရောက်လာတယ်။ ကျုပ် လှည့်ကြည့်လိုက်တော့ နွားဖြူကြီးနှစ်ကောင်ဗျ။ ဟာ ဒါ ဘထွေးထွန်းကြည်အိမ်က နွားတွေဗျ။ ကျုပ်က လှည်းပေါ်ကို လှမ်းကြည့်လိုက်တော့ ဘထွေးသမီး အစ်မခင်စိန်ရီက လှည်းပေါ်မှာ အကျအနထိုင်လို့၊ သူ့ဘေးမှာတော့ တင်းတောင်းတစ်လုံး ရှိတယ်။ တင်းတောင်းကို အစ်မခင်စိန်ရီက ချိုင်းကြားမှာညှပ်ပြီး ဖိထားတယ်။ လှည်းမောင်းတာက သူ့ယောက်ျား ကိုသိန်းမောင်ဗျ။

"ဟဲ့ တာတေ၊ ဘယ်တုံး"

အစ်မခင်စိန်ရီက ကျုပ်ကို လှမ်းမေးတယ်။ အစ်မခင်စိန်ရီက ကျုပ်ကို လွှတ်ခင်တာဗျ။ ကျောက်ခဲရဲ့အစ်မဝမ်းကွဲလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဘထွေးထွန်းကြည်က ကျောက်ခဲရဲ့ ဘထွေးလေ။ အစ်မခင်စိန်ရီရဲ့ယောကျ်ားက ကျုပ်တို့ရွာက မဟုတ်ဘူးဗျ။ ထီးဂလိုင်ကနာမည်က ကိုသိန်းမောင်။ လွတ်ရိုးသားပြီး အလုပ်လည်း လွတ်ကြိုးစားတာဗျ။ အစ်မခင်စိန်ရီ မေးတာကို ကျုပ်က ပြန်ဖြေလိုက်တယ်။

"ဟိုဘက်ရွာ ခဏသွားမလို့ဗျ"

ကိုသိန်းမောင်ကတော့ ကျုပ်ကို ပြုံးရုံပဲ ပြုံးပြသွားပြီး လှည်းကိုပဲ ဂရုစိုက်မောင်းနေတာဗျ။

"ဟဲ့နွား၊ ဩော် ဒီငပြူကြီးဟာ ပေကပ်ကပ်နဲ့"

ကိုသိန်းမောင်ရဲ့ နွားငေါက်သံက ဝေးဝေးသွားရောဗျ။ လှည်းကလည်း နှင်းတောထဲမှာ ပျောက်သွားတယ်။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ် လန့်နိုးသွားတယ်။ ခေါ်ရင်း အော်ရင်း ဝိုင်းထဲဝင်လာတာက ကျောက်ခဲဗျ။

ဒီကောင့်မြင်တော့မှ ကျုပ် သတိရသွားတာဗျ။ စောစောက အိပ်မက်ထဲမှာ လှည်းမောင်းသွားတဲ့ ကျောက်ခဲရဲ့ယောက်ဖ ကိုသိန်းမောင်က ရှိမှ မရှိတော့တာ။ ဆုံးသွားတာ တစ်နှစ်တောင်ကျော်ပြီပဲ။ သေသွားတဲ့လူကို အိပ်မက် မက်တာ မကောင်းဘူးလို့ လူကြီးတွေပြောသံ ကျုပ် ကြားဖူးတယ်။

ကျောက်ခဲက ကျုပ်ဘေးနားမှာ ဝင်ထိုင်တယ်။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အိပ်နေရာက ထထိုင်ပြီး ဒီကောင်နဲ့ စကားပြောတယ်။

"ကျော်ခဲ မင်း ဘယ်သွားမလို့တုံး၊ နေပြင်းလိုက်တာ"

"ဘယ်မှမသွားဘူးဗျ၊ ကျုပ်က ကိုကြီးတာတေနဲ့ စကား လေးဘာလေး ပြောချင်လို့ လာတာပါ"

ဒီကောင် နေပူထဲကလာတော့ မောလာတယ်ဗျ။ ကျုပ် ဘေးမှာ ချထားတဲ့ ရေနွေးအိုးကို ငှဲ့သောက်တော့တာဗျို့။

"တိုက်ဆိုင်တယ်ပဲ ပြောရမလားတော့ မသိဘူးကွ၊ ငါက နွေခင်းကြောင်တောင်ကြီးမှ မင်းအစ်မ အစ်မခင်စိန်ရီနဲ့ ကိုသိန်း မောင်ကို အိပ်မက် မက်နေတာကွ"

"ဟင် ဟုတ်လား ကိုကြီးတာတေ၊ ဒါဆိုရင်တော့ တိုက် ဆိုင်တယ်ပဲ ပြောရမှာပဲဗျ၊ ကျုပ်ကလည်း အစ်မခင်စိန်ရီ အကြောင်း လာပြောတာ"

"ဟေ ဟုတ်လား၊ အစ်မခင်စိန်ရီ ဘာဖြစ်လို့တုံး"

"မဖြစ်ပါဘူးဗျာ၊ မနေ့က ယာထဲက အပြန်မှာ ရွာနောက် ပိုင်းက ကိုတိုးက အစ်မခင်စိန်ရီကို ရိသဲ့သဲ့လုပ်လို့ အစ်မခင်စိန် ရီနဲ့ စကားတွေ များကြလို့တဲ့ဗျ"

"ဟာ ကိုတိုးဆိုတာ အရက်မူးမူးနေတဲ့ လူမို့လား"

"ဟုတ်တယ်လေဗျာ၊ ကျုပ်သူငယ်ချင်း အောင်မိုးရဲ့ အစ်ကိုလေဗျာ၊ ဒီလူ့နာမည်က အောင်တိုးဗျ၊ ဘာအလုပ်မှလည်း မယ်မယ်ရရ မလုပ်ပါဘူးဗျာ၊ အရက်သောက်လိုက်၊ ကြက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပဲ လုပ်နေတာပါ၊ သူ့ကို သူ့သူငယ်ချင်းတွေက 'ကြက်ငတိုး' လို့တောင် ခေါ်ကြတာ"

"အင်း. . လူတွေကလည်း ခက်တယ်ကွ ကျောက်ခဲရ၊ အစ်မခင်စိန်ရီက မုဆိုးမဖို့လား၊ ဒီတော့ သွေးတိုးစမ်းကြည့်တာ ပေါ့ကွာ"

"ဒါပေမဲ့ မိန်းမသားအဖို့ မကောင်းဘူးပေါ့ဗျာ"

"ဟာ. . ဟုတ်တာပေါ့ ကျောက်ခဲရ၊ တစ်ရွာတည်းနေတဲ့ လူတွေပဲဟာ ဆင်ခြင်သင့်တာပေါ့ကွ"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အံ့ဩစရာကိစ္စလေးတွေ ပြော ချင်ဆိုချင်လို့ ကိုကြီးတာတေဆီကို ကျုပ်လာတာဗျ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ကျောက်ခဲနဲ့ စကားပြောနေတာပေါ့ဗျာ။

"ဟေ. . ဘာတွေများ အံ့ဩစရာရှိလို့တုံးကွ ကျောက်ခဲရ"

"ကိုကြီး တာတေ သတိမထားမိလို့ဗျ၊ ကျုပ်အစ်မ ခင်စိန် ရီက ကိုကြီးသိန်းမောင်နဲ့ အိမ်ထောင်ကျတော့ ဘထွေးထွန်း ကြည်ရဲ့ဝိုင်းထဲမှာပဲ အိမ်သေးသေးတစ်လုံးဆောက်ပြီး အိမ်ခွဲနေ တာလေဗျာ"

"အေးလေ ငါသိသားပဲ ကျောက်ခဲရ"

"ဒါပေမဲ့ ကိုကြီးသိန်းမောင် ဆုံးတော့ အစ်မခင်စိန်ရီက သူ့အဖေရဲ့ အိမ်ကြီးပေါ်မှာ ပြန်မနေဘဲ ဒီနေ့အထိ သူ့တို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးမှာပဲ နေတာဗျ"

"ဟေ ဟုတ်လား၊ အဲဒါတော့ ငါမသိဘူးကွ"

"အဲဒါတွေ ပြောချင်လို့ ကျုပ်လာခဲ့တာလေဗျာ၊ အစ်မ ခင်စိန်ရီရဲ့ညီမ ခင်စိန်ကြည်က ကျုပ်ထက် နှစ်နှစ်ပဲကြီးတာဗျ။ ကစားဖက် မောင်နှမတွေလေဗျာ၊ ခင်စိန်ကြည် ကျုပ်ကို ပြောပြတယ်၊ ဘထွေးထွန်းကြည် မနက်စောစော ယာထဲဆင်းပြီး ယာထွန်တဲ့အခါ ဘထွေးက တအားအိပ်ချင်ပြီး ထနောင်းပင်အောက်မှာ ထိုင်ရက်အိပ်ပျော်ပျော်သွားတာတဲ့ဗျာ။ ဘထွေးနိုးလို့ ကြည့်လိုက်ရင် ယာကထွန်ပြီးသား ဖြစ်နေရောတဲ့ဗျာ"

"ဟေ ဟုတ်လား"

"ထွန်တာမှ အပေါ်ယံ မဟုတ်ဘူးတဲ့ဗျ၊ ညက်နေတာဆိုပဲ၊ တောထဲမှာ ထင်းသွားခုတ်ရင်လည်း ဘထွေးက သိပ်မခုတ်ရသေးဘူးတဲ့၊ လှည်းက မောက်နေပြီတဲ့ဗျာ"

"ဟာ. . ဒါ ဘယ်လိုဖြစ်တာတုံးကွ"

"ဘထွေးထွန်းကြည်တို့ အစ်မခင်စိန်ရီတို့ မိသားစုတောင်းတွေ ဘာတွေ ယက်လက်စကို ဒီအတိုင်းထားလိုက်ရင် နောက်နေ့မနက် အကုန်လုံးယက်ပြီးသား ဖြစ်နေတာတဲ့ဗျာ။ ဒီတော့ ဘထွေးက စမ်းကြည့်ချင်တာနဲ့ ယာထွန်တဲ့အခါ ဘထွေးက တစ်စပ် နှစ်စပ်လောက် ထွန်ပြီးရင် ထနောင်းပင်အောက်မှာ အိပ်ချင်ယောင်ဆောင်နေတာတဲ့ဗျ။ ဟာ ဘာပြောကောင်းမတုံး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ထွန်တော့တာပဲတဲ့ဗျို့"

"ဟေ. . . ဘယ်သူ လာထွန်တာတုံး"

"ဘယ်သူမှတော့ မတွေ့ရဘူးတဲ့ဗျ၊ တစ်ခါ တစ်ခါတော့ နွားငေါက်သံတိုးတိုးလေး တစ်ချက် တစ်ချက်ကြားရတယ်ဆိုပဲ၊ နွားတွေနဲ့ ထွန်တုံးက သူ့ဟာသူ သွားနေတာတဲ့ဗျ"

"နေပါဦးကွ၊ နွားတွေကရော လန့်တာ ပြုတာ ရှိသတဲ့လား"

"ဟာ မရှိဘူးတဲ့ဗျ၊ နွားတွေကလည်း ပုံမှန်ပဲတဲ့ဗျ၊ ဘာမှ ထူးထူးခြားခြား မရှိဘူးတဲ့။ နောက်တော့ ဘထွေးက လူတွေ မနိုးခင် ဝေလီဝေလင်း သွားသွားထွန်တော့တာဆိုပဲ။ ယာတွေ အကုန်လုံး ဘထွေး လုံးဝမထွန်ဘဲ ညက်သွားတာတဲ့ဗျို့"

"ဟာ ထူးတော့ ထူးတာပဲကွ ကျောက်ခဲရ"

"နှမ်းနှုတ်ချိန်ကျတော့လည်း နှမ်းထောင်စောင့်ဖို့ မလိုဘူးတဲ့ဗျ။ လူမပြောနဲ့ ခွေးတောင် မလာဘူးဆိုပဲ၊ နှမ်းပုတ်ချိန်ကျပြီ ဆိုရင် ညတည်းက နှမ်းတွေ ပုတ်ထားတာ၊ မနက်ဆိုရင် အပုံလိုက် အိပ်သွတ်ရုံပဲတဲ့ဗျာ"

"ဟာ ဒီအကြောင်းတွေကို ရွာထဲကလူတွေ မသိကြဘူးလားကွ"

ဘထွေးတို့က ဖုံးထားရတာပေါ့ဗျာ၊ ကျုပ်တောင် စိန်ကြည်မပြောလို့ သိရတာ၊ ကျုပ်လည်း ဒီအကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှ မပြောဘူး၊ ဒါတွေဖြစ်နေတာ တစ်နှစ်ကျော်လောက် ရှိပြီပဲဗျာ”

“မင်းက အဲဒါတွေ ဘယ်လိုဖြစ်တယ်လို့ ထင်လို့တုံး”

“ဟာဗျာ ကိုကြီးတာတေကလည်း ဘာကိုထင်စရာရှိသေးလို့တုံးဗျာ၊ အဲဒါ ကျုပ်ယောက်ဖကြီး ကိုကြီးသိန်းမောင်တစ္ဆေ လုပ်ပေးနေတာပဲပေါ့ဗျာ”

“အစ်မခင်စိန်ရီကရော သူ့ယောက်ျား လုပ်နေတာမှန်း သိရဲ့လား”

“ဟာဗျာ၊ ကိုကြီးတာတေကလေ တစ်ခါ တစ်ခါ တော်တော်ကို ချော်တာဗျ၊ အစ်မခင်စိန်ရီက သူ့ယောက်ျား မရှိပေမဲ့ အခုထက်ထိ သူတို့အိမ်ကလေးမှာပဲ ဆက်နေတယ်ဆိုတာ ထည့်မှမတွေးဘဲကိုး”

“ဟာ ဟုတ်သားပဲ ကျောက်ခဲရ၊ ငါ အဲဒါကို ထည့်မတွေးမိဘူးကွာ”

ကျုပ်ကလည်း ကျောက်ခဲ ပြောမယ်ဆိုလည်း ပြောစရာပေါ့ဗျာ။ တွေးရမယ့်အချက်ကို ကျုပ်က မေ့ကို မေ့နေတာဗျ။

“ကျုပ်ကို စိန်ကြည်မ ပြောတယ်ဗျ၊ သူ့အစ်မ အစ်မခင်စိန်ရီကတဲ့ တစ်ခါ တစ်ခါကျရင် သူ့အိမ်ထဲမှာ တစ်ယောက်တည်း စကားတွေပြောနေတာ သူတွေ့တယ်တဲ့ဗျ”

“ဟေ ဒါဆိုရင်တော့ တော်တော်ကို ထူးဆန်းတဲ့ကိစ္စပဲကွ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲရ”

“အဲဒါကြောင့် ကိုကြီးတာတေကို ကျုပ်က ဒီအကြောင်း တိုးတိုးတိတ်တိတ် လာပြောတာပေါ့ဗျာ၊ ရွာထဲကလူတွေ သိလို့လည်း မဖြစ်ဘူးဗျ”

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း တွေးနေမိတာပေါ့ဗျာ။

“ကိုကြီးတာတေ တစ္ဆေဆိုတာ ဒီလိုမျိုး ယာတွေထွန်၊ နှမ်းတွေနုတ်၊ နှမ်းတွေပုတ်၊ တောင်းတွေယက် လုပ်နိုင်လို့လားဗျ”

ကျောက်ခဲမေးတာ ဟုတ်တယ်ဗျ။ ကျုပ်လည်း ဒါမျိုးတော့ တစ်ခါမှ ကြုံလည်း မကြုံဖူးဘူး၊ ကြားလည်း မကြားဖူးဘူးဗျ။

“ငါတော့ ဒါမျိုး တစ်ခါမှတောင် မကြားဖူးဘူးကွ ကျောက်ခဲရ”

အဲဒီနေ့က ညနေစောင်းမှ ကျောက်ခဲ ပြန်သွားတယ်၊ ကျောက်ခဲက ကျုပ်ဆီကို ဒီလိုပဲ လာနေကြဆိုတော့ အဘနဲ့ အမေကလည်း ဘာမှမမေးကြဘူးဗျ။ ကျုပ်ကလည်း ဘာမှ စကားမစဘူး။ ဒီကိစ္စက ဘယ်သူမှ မသိတာ အကောင်းဆုံးပါဗျာ။

နောက်နေ့မနက်ကျတော့ နှင်းကွင်းနှင်းကျန်တွေ ကျတယ်ထင်ပါရဲ့ဗျာ။ ခေါင်မိုးပေါ်မှာ တပေါက်ပေါက်နဲ့ နှင်းကျ



www.burmeseclassic.com

www.burmeseclassic.com



သံလေးတွေ တစ်ချက် တစ်ချက် ကြားနေရတယ်။

ကျုပ်လည်း အိပ်ရာထ ဘုရားရှိခိုးပြီး ရေနွေးကြမ်း ထိုင်သောက်နေတယ်။ အဘနဲ့ အမေကတော့ ဘုရားရှိခိုးပြီး ထမင်းကြမ်းစားဖို့ လုပ်နေကြတယ်။

"ကိုကြီးတာတေ"

ဟာ ကျောက်ခဲဗျ။ ကျုပ်ကိုခေါ်ရင်း ၀ိုင်းထဲကို ပြေး၀င်လာတာ။ ဒီကောင် ဘာဖြစ်လာတာပါလိမ့်ဆိုပြီး ကျုပ်က လှေကားထိပ်ကနေ ထွက်စောင့်နေလိုက်တယ်။ ပြီးတော့ လှေကားကို အမောတကော တက်လာတဲ့ ကျောက်ခဲကို ဆီးမေးလိုက်တယ်။

"ဟေ့ကောင် ကျောက်ခဲ ဘာဖြစ်လာတုံး"

"ဟာ သွားပြီ၊ ကိုကြီးတာတေရေ"

"ဘာကွ၊ ဘာသွားတာတုံး"

"မနေ့က ကျုပ်ပြောတဲ့ ရွာနောက်ပိုင်းက ကြက်ဝတိုးဆိုတဲ့ လူတော့ သေသွားပြီတဲ့ဗျို့"

"ဟေ ဟုတ်လား၊ ဘာဖြစ်ပြီး သေတာတုံးကွ"

"ကိုကြီးတာတေ သိတယ်မို့လား၊ အနောက်ပိုင်းကိုသွားတဲ့ လမ်းခွဆုံက ဇောင်ချမ်းပင်ကြီးလေဗျာ"

"ဟာ သိတာပေါ့ကွ ကျောက်ခဲရ"

"အဲဒီဇောင်ချမ်းပင်ကြီးရဲ့အောက်မှာ ဇက်ကြီးကျိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



သေနေတာဗျို့၊ မှောက်ခုံကြီး လဲနေတာဗျ"

"ဟာ ဟုတ်လား၊ မင်းသွားကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီဗျ၊ ကျုပ် အခုပဲ အဲဒီကလာတာ"

ကျုပ်နဲ့ ကျောက်ခဲ ချက်ချင်းရောက်သွားကြတာပေါ့ဗျာ။ လူတွေမှအုံလို့ဗျို့။ ဟုတ်ပေ့ါဗျာ၊ ကြက်တိုးဆိုတဲ့လူက ဇောင်ချမ်းပင်အောက်မှာ မှောက်ခုံကြီးလဲပြီး သေနေတာဗျ။ ပုဆိုးကွက်တုံးပြာပြာကြီး ဝတ်ထားတယ်။ အပေါ်ပိုင်းကတော့ ဖျင်အင်္ကျီအဖြူတစ်ထည် ဝတ်ထားတာဗျ။

ကျုပ် သေသေချာချာကြည့်တယ်။ ဒီလူ အရက်မူးပြီးအန်ဖတ်ဆို့တာများလားလို့ပေ့ါဗျာ။ အန်ဖတ်ဆို့တာ မဟုတ်ဘူးဗျ။ ခေါင်းကြီးက တစ်ပတ်လည်ပြီး နောက်ကျောဘက်ကိုတောင်မျက်နှာကြီး ရောက်နေတော့တာဗျ။

ဇက်ကို တစ်ချက်တည်း လိမ်ချိုးထားတဲ့ပုံပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲဗျာ။ ဘန့်ဘွေးကုန်းကို ကိစ္စတစ်ခုနဲ့ ရောက်လာတဲ့မြို့ကရဲတွေကို သူကြီးက သွားခေါ်ခိုင်းလို့ ရဲတွေတောင် ရောက်လာကြပြီဗျ။

ရဲကတော့ သေသေချာချာ စစ်ဆေးပြီးတော့ ဒါ လူသတ်မှုလို့ ပြောတယ်ဗျ။ ပြီးတော့ ရွာထဲက လူတွေကို စစ်ဆေးတော့တာပေ့ါဗျာ။ အထူးသဖြင့်တော့ ကြက်တိုးနဲ့ သောက်ဖော်သောက်ဖက်တွေ၊ ကြက်တိုက်ဖော် တိုက်ဖက်တွေကို စစ်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ နည်းနည်းပါးပါးလောက် စစ်ဆေးပြီးတော့ အလောင်းကို မြို့သယ်သွားရတာပေါ့ဗျာ။ မြို့ဆေးရုံက ဆရာဝန်နဲ့ စစ်ရဦးမှာ ပေါ့ဗျာ။ ဆရာဝန်ရဲ့ ဆေးစာရမှ ရဲက ဆက်ပြီးစစ်ဆေးရမှာပေါ့ လေ။

ကျုပ်နဲ့ ကျောက်ခဲ အိမ်ပြန်လာပြီး မန်ကျည်းပင်အောက် မှာ ထိုင်ကြတယ်။

"ဟဲ့ တာတေ၊ ကြက်ငတိုးက လူသတ်ခံရတာဆို"

အမေက ကျုပ်ကိုမေးတယ်။

"ဟုတ်တယ် အမေ၊ လူသတ်တဲ့ပုံပဲဗျ"

"ဒီကောင် ငတိုးက သောက်လည်း အားကြီးသောက်တာ ဟဲ့၊ သူ့ဟာသူ ချော်လဲပြီး ဇက်ကျိုးသွားတာလားမှ မသိတာ"

"အဲဒီလို မဖြစ်နိုင်ဘူး အမေရဲ့ ဇက်ကြီးကျိုးပြီး မျက်နှာ ကြီးက ကျောကုန်းဘက်တောင် ရောက်မလိုဖြစ်နေတာဗျ"

"ဟေ ဟုတ်လား၊ တာတေရယ် နင်ပြောတာနဲ့ ငါတောင် ကြောက်လိုက်တာဟယ်"

အမေ့ကြည့်ရတာ တကယ်ကြောက်သွားတဲ့ပုံပဲဗျ။

"ကိုကြီးတာတေ ကျုပ်တော့ စိတ်ထဲမှာ သိပ်ပြီးမသင်္ကာ ဘူးဗျ"

ကျောက်ခဲက တော်တော်ကို လေးလေးနက်နက်တွေးပြီး ပြောတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ခုအချိန်မှာ ဘာဆိုတာ ပြောလို့မရသေးဘူးကွ၊ အခြေအနေကို စောင့်ကြည့်ရဦးမှာ၊ ရဲတွေလည်း ကြက်ငတိုးကို သတ်တဲ့ လူသတ်သမားဟာ ရက်ရက်စက်စက် သတ်သွားတာဆိုတော့ သူတို့လည်း မိအောင်ဖမ်းကြမှာပဲကွ"

ကျုပ်ပြောတော့ ကျောက်ခဲ ခေါင်းညိတ်တယ်။ ဒါပေမဲ့ ငါးလ၊ ခြောက်လသာ ကြာသွားတယ်။ တရားခံက မပေါ်ဘူးဗျ။ ရွာထဲမှာလည်း ဟိုလူ့ ခေါ်စစ်၊ ဒီလူ့ ခေါ်စစ်နဲ့ ကြက်ငတိုးနဲ့ ပတ်သက်တဲ့လူဆိုတာ တစ်ယောက်မှကို မကျန်တော့တာဗျ။

နွေရာသီကုန်ပြီး မိုးရာသီရောက်၊ မိုးရာသီကုန်လို့ ဆောင်းရာသီတောင် ရောက်ပြန်ရောဗျို့၊ အေးတာပေါ့ဗျာ။ ဒါပေမဲ့ မီးတော့ မလှုံရသေးဘူးဗျ။

အဘနဲ့ ကျုပ်နဲ့ ဆောင်းမြေပဲတွေစိုက်ဖို့ ပြင်ဆင်နေကြပြီပေါ့ဗျာ။ မနက်ဆိုရင် အေးတော့ ခါတိုင်းလောက်တော့ စောစော မထနိုင်ကြဘူးပေါ့ဗျာ။

အဘနဲ့ ကျုပ် ယာထဲရောက်ပြီး ပဲစိုက်မယ့် နောက်ဆုံး အကွက်ကလေးကို ထွန်တယ်။ ကျုပ်ထွန်တာပေါ့ဗျာ။ အဘက လိုတာလေးတွေ ပြောပေးတာပေါ့။ အဘနွားကြီးနှစ်ကောင်နဲ့ ကျုပ်နဲ့ မနားတမ်း ထွန်လိုက်ကြတာ ခြောက်နာရီကျော်ကျော်လောက်မှာတင် အလုပ်ပြီးသွားတယ်ဗျ။ ကျုပ်လည်း ဒီတော့မှ နားပြီး အဘယူလာတဲ့ ဓာတ်ဘူးထဲက ရေနွေးကြမ်းကို သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ကိုကြီးတာတေရေ့ . . ကိုကြီးတာတေ"

အဘရော ကျုပ်ရော ထိုင်နေတဲ့ သမုန်းပင်ကလေး အောက်ကနေ အသံကြားတဲ့ဘက်ကို လှမ်းကြည့်လိုက်ကြတယ်။ ကျောက်ခဲဗျ။ ကျုပ်ကို တွေ့သွားပြီး တန်းပြေးချလာတာ။ သူ့ ခမျာ ပဲခင်းတွေကို ကွေ့ပတ်ပြီး လျှောက်ပြေးလာရတာဆိုတော့ ကျုပ်တို့ဆီကိုအရောက်မှာ တော်တော့်ကို မောနေပြီဗျို့။

ကျုပ်က ရေနွေးကြမ်း သောက်ခိုင်းတယ်။ ရေနွေးကြမ်း တစ်ခွက်သောက်ပြီးမှ ဒီကောင် နည်းနည်းအမောပြေသွား တယ်။

"ကျောက်ခဲ ဘာဖြစ်လာတာတုံးကွ"

အဘကလည်း စိုးရိမ်တကြီး ကြည့်နေတယ်ဗျ။

"ကိုကြီးတာတေ၊ ရွာမှာ နောက်တစ်ယောက် သေပြန်ပြီဗျ"

"ဟေ ဟုတ်လားကွ၊ ဘယ်သူတုံး၊ ဘာဖြစ်တာတုံး"

"ရွာတောင်ပိုင်းက ငိုးငသောင်း ဆိုတဲ့လူဗျ"

"ကိုကြီးသောင်း ဟုတ်လား၊ ဟာ ငါနဲ့ ခင်တယ်ကွ၊ ကိုကြီး သောင်းက သောက်တာ စားတာကလွဲရင် လွတ်သဘောကောင်း တဲ့လူကွ၊ နေပါဦးကွ၊ ဘာဖြစ်လို့ သေတာတုံး၊ အရက်မူးလွန်သွား တာလား"

"ဟာ ကိုကြီးတာတေကလည်းဗျာ၊ ငိုးသမားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အရက်မူးလွန်ပြီး သေသွားတာဆိုရင် ကျုပ်က ဒီအထိ လိုက်လာပြီး ပြောမလားဗျာ"

"အေး ဟုတ်သားပဲကွ၊ နို့ ဘာဖြစ်လို့ သေတာတုံး"

"ကြက်ငတိုး သေသလို သေတာဗျ၊ ရွာတောင်ပိုင်းလမ်းမကြီးပေါ်မှာ ညောင်လန်းပင်ကြီး ရှိတယ်မို့လား"

"အေး ရှိတယ်"

"အဲဒီညောင်လန်းပင်ကြီးအောက်မှာ မှောက်လျားထိုးကြီးသေနေတာဗျ၊ ဇက်ကြီးကျိုးပြီး ကြက်ငတိုး သေသလိုပဲ၊ မျက်နှာက ကျောကုန်းဘက်ကို ရောက်နေတာဗျ"

"ဟာ ဒါဆိုရင် ကြက်ငတိုးကို သတ်တဲ့လူပဲ သတ်တာနေမှာပေါ့ကွ"

"ရွာထဲကလူတွေကလည်း ဒီအတိုင်း ပြောတာပဲဗျ"

"ကိုကြီးသောင်း ဒီရက်ထဲမှာ ဘယ်သူနဲ့ ဘာဖြစ်သလဲမသိဘူး ကျောက်ခဲ"

ကျောက်ခဲက ကျုပ် ထွန်ဖြုတ်တဲ့နောက်ကို ကပ်လိုက်လာတယ်။ ပြီးတော့ ကျုပ်ကို ထွန်တုံး ကူဖြုတ်ပေးတယ်။ နွားကြီးတွေကို သူ တစ်ကောင် ကျုပ် တစ်ကောင်ဆွဲပြီး လှည်းကောက်လိုက်တယ်။ ထွန်တုံးကို လှည်းပေါ်တင်တယ်။ ဒီတော့မှ ကျောက်ခဲက ကျုပ်ကို တိုးတိုးကပ်ပြောတယ်။

"ညက ခင်စိန်ကြည်က ကျုပ်ကို လာပြောတယ်၊ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မခင်စိန်ရီ ဘန့်ဘွေးကုန်းကအပြန် မိုးနည်းနည်းချုပ်သွားတယ်တဲ့။ အဲဒါ ဖိုးငသောင်းနဲ့ လမ်းမှာတွေ့ပြီး အစ်မခင်စိန်ရီကို ဖိုးငသောင်းက ဆွဲလားလွဲလားလုပ်လို့ အစ်မခင်စိန်ရီက ပါးရိုက်လွှတ်လိုက်တယ်တဲ့ဗျ"

"ဟေ ကိုကြီးသောင်း ဘယ်လိုဖြစ်သွားတာတုံးကွ"

"အဲဒါ ခင်စိန်ကြည်က ကျုပ်ကို ဆက်ပြောပြတယ်ဗျ၊ အစ်မခင်စိန်ရီက ပါးရိုက်တော့ ဖိုးငသောင်းက ဘာမှပြန်မလုပ်ဘဲ ပြောတယ်တဲ့ဗျ။ ရိုက်ပါ ခင်စိန်ရီရယ်၊ နင့်ကို ထီးဂလိုင်သားသိန်းမောင် မကြိုက်ခင်ကတည်းက ငါက ကြိုက်ခဲ့တာပါ၊ ငါ မပြောရဲလို့ မပြောခဲ့ရတာပါလို့ ပြောရင်း ကျန်ရစ်ခဲ့တယ်တဲ့ဗျ"

"ဟေ ဟုတ်လား"

"နေဦးဗျ၊ ခင်စိန်ကြည်က ကျုပ်ကို ဆက်ပြောသေးတယ်။ သူ့အစ်မခင်စိန်ရီက လမ်းမှာ ပြောလာတယ်ဆိုပဲ၊ ဒီမသာတော့ ကိုသိန်းမောင် သတ်တော့မှာပဲတဲ့ဗျို့"

"ဟေ အဲဒီလိုပြောသတဲ့လား၊ မင်းကို ခင်စိန်ကြည်က ဒီအတိုင်းပြောတာ အမှန်ပဲလား ကျော်ခဲ"

"ဟာ ကိုကြီးတာတေရာ၊ ကျုပ်က ကိုကြီးတာတေကို ဘယ်တုံးကများ မဟုတ်တာ ပြောဖူးခဲ့လို့တုံး"

လှည်းပေါ်မှာ အဘပါလာတော့ ကျုပ်တို့ ဒီအကြောင်းကို မပြောဘဲ လူသတ်သမားအကြောင်းပဲ ပြောကြတာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"လူလေး အဘစိတ်ထင် ပြောရရင်တော့ ဒီလူသတ်သမားဟာ ထောင်ထောင်မောင်းမောင်း ဗလကောင်း ဖြစ်ရမယ်ကွ၊ အခုသေတဲ့ ငသောင်းရော ကြက်ငတိုးရော နှစ်ယောက်စလုံးဟာ လူဗလံတွေမှ မဟုတ်တာ၊ နှစ်ယောက်လုံး အရပ်ရှည်ရှည်တွေပဲကွ၊ ဒီကောင်တွေကို လည်ပင်းလိမ်ချိုးပြီးသတ်ဖို့ဆိုတာ သူတို့ထက် အရပ်ပိုမြင့်ပြီး ဗလတော်တော်ကောင်းမှ ဖြစ်မှာကွ"

ကျုပ်နဲ့ ကျောက်ခဲလည်း အဘနဲ့ အလိုက်အထိုက်ပြောပြီး ပြန်လာကြတာပေါ့ဗျာ။

"ဘိုးညက် ပြောသလို ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းဆိုတာ ဘယ်သူရှိနိုင်တုံး ဘိုးရဲ့"

"ဟိုရွာနောက်ပိုင်းက စည်းရိုးကပ်ဆောက်ထားတဲ့အိမ်တန်းက ကောင်တွေထဲမှာ အဲဒီလိုကောင်မျိုးကြီးတွေ ရှိတယ်ကွ"

ကျောက်ခဲက အဘပြောတာကို ပြန်ပြောတယ်။

"ကြက်ငတိုး သေတုန်းကလည်း အဲဒီအစုက လူတွေကို ဖိစစ်တာပဲ ဘိုးရဲ၊ ဒါပေမဲ့ မဟုတ်ပါဘူး"

"နေဦးကွ ကျောက်ခဲရဲ့ သူကြီးက မြို့ကို အကြောင်းကြားလိုက်ပြီလား"

"သူကြီးတပည့် ကိုကျောက်လုံးကို မြင်းတစ်စီးနဲ့ အစောကြီး လွှတ်လိုက်တယ်တဲ့ဗျ"

"ကျောက်လုံးက မြင်းစီးကောင်းကွ၊ ဒါဆို ကြာဘူး



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေ ရောက်လာလိမ့်မယ်၊ သူတို့က သူတို့ကားနဲ့ လာမှာပဲ”

အဘက ကျောက်ခဲပြောတာကိုတွေးရင်း ပြောတယ်။ အိမ်ပြန်ရောက်တော့ အဘက ပြောတယ်။

“တာတေ မင်းသွားကြည့်ချင် ကြည့်လေ၊ အဘ လှည်း ဖြုတ်လိုက်မယ်”

အဘပြောတော့ ကျုပ်နဲ့ ကျောက်ခဲ ရွာထဲကို ထွက်ခဲ့ကြတယ်။ အို လူတွေအုံနေပြီဗျို့။ ညောင်လန်းပင်ကြီးအောက်ကို ကျုပ်ကြည့်လိုက်တော့ ဟုတ်ပ့ါဗျာ၊ ကိုကြီးသောင်းဗျာ မှောက်ခုံကြီး သေနေတာဗျ။ လူကသာ မှောက်ခုံကြီးဗျ၊ ဇက်ကြီးကကျိုးပြီး လိမ်နေတယ်။ မျက်နှာက ကောင်းကင်ကို ရောက်လို့ဗျ။ မျက်လုံးကြီးတွေ ပြူးထွက်နေလိုက်တာ ကြောက်စရာကြီးပါဗျာ။ ပါးစပ်ကြီးကလည်း ဟလို့ဗျ။

ကိုကြီးသောင်း မသေခင်က လည်ပင်းကို အညှစ်ခံရတဲ့ ပုံပဲဗျ။ မချိမဆန့်ကို ဝေဒနာခံခဲ့ရတဲ့ပုံဗျို့။ ပြီးတော့မှ လည်ပင်းကို တစ်ချက်တည်း လိမ်ချိုးလိုက်ပုံရတယ်ဗျ။

ကျုပ်နဲ့ ကျောက်ခဲ ပြန်လာပြီးတော့ မန်ကျည်းပင်ကြီး အောက်မှာ ထိုင်ကြတယ်။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို ဖွာရင်း စဉ်းစားတယ်။

ကျောက်ခဲ ကျုပ်ကို ပြောခဲ့တဲ့ကိစ္စကို ကျုပ်စဉ်းစားရပြီပေါ့ ဗျာ။ ဒါပေမဲ့ ဒီကိစ္စမျိုးဟာ အင်မတန်မှ ဖြစ်နိုင်ခဲတဲ့ကိစ္စမို့လား



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ အစ်မခင်စိန်ရီရဲ့ယောက်ျား ကိုသိန်းမောင်က သူ့မိန်းမကို စွဲလန်းလို့ တစ္ဆေဖြစ်နေတယ်ပဲထားဦး၊ တစ္ဆေတစ်ကောင်က ယာထွန်တာတို့ နှမ်းနှုတ်တာတို့ နှမ်းပုတ်တာတို့ တောင်းယက်တာ၊ ကြိုးကျစ်တာတို့တွေကို လုပ်နိုင်ပါ့မလား။

ကျုပ် စဉ်းစားလိုက်တယ်။ ဘာလုပ်ရမယ်ဆိုတာ ကျုပ်တွေးမိပြီဗျ။

"ကျောက်ခဲ ဘထွေးထွန်းကြည်တို့ဝိုင်းနဲ့ ကပ်လျက်ဝိုင်းက ဘယ်သူ့ဝိုင်းတုံးကွ"

"မြောက်ဘက်ဝိုင်းက ဦးချက်ကြီးတို့ဝိုင်းလေဗျာ၊ တောင်ဘက်ဝိုင်းက သံမဏိတို့ဝိုင်းလေ"

"ဟေ ဟုတ်လား၊ သံမဏိတို့ဝိုင်းလား၊ ဒါပေမဲ့ ကျောက်ခဲရဲ့ သံမဏိတို့ဝိုင်းက တောင်ဘက်ကဆိုတော့ ဘထွေးထွန်းကြည်တို့အိမ်ကြီးပဲ မြင်ရမှာကွ၊ ဦးချက်ကြီးတို့ဝိုင်းကမှ ကိုသိန်းမောင်တို့ အစ်မခင်စိန်ရီတို့အိမ်ကလေးနဲ့ နီးမှာပေါ့"

"ဒါတော့ ဟုတ်တယ်လေဗျာ"

"ကဲ ဒီလိုလုပ်ကွာ၊ ငါ လေးလေးချက်ကြီးကို အကျိုးအကြောင်း ပြောထားမယ်၊ မင်း ညဆယ်နာရီထိုးရင် ငါ့ဆီ လာခဲ့၊ ဒီအကြောင်းက လူသိခံလို့ မဖြစ်ဘူးနော် ကျောက်ခဲ"

"ကျုပ် သိတယ် ကိုကြီးတာတေ"

ညကျတော့ ကျောက်ခဲ ရောက်လာတယ်။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



ချက်ကွင်းဆေးကွင်းပြီး စောင့်နေတာဗျ။ ကျုပ်တို့ လေးလေးချက် ကြီးတို့ဝိုင်းကိုရောက်တော့ ဝိုင်းတံခါးကို မပိတ်ဘဲ လေးလေးချက် ကြီးက ဖွင့်ပေးထားတယ်။

ကျုပ်နဲ့ ကျောက်ခဲ ဝိုင်းထဲကို လှစ်ကနဲဝင်ပြီး ဝိုင်းရဲ့ တောင်ဘက် စည်းရိုးကိုကပ်ပြီး နေရာရှာလိုက်တယ်။ သရက်ပင် ငုလေးအောက်က မှောင်နေတော့ ကျုပ်တို့ အဲဒီအောက်ကိုဝင် ပြီး ကပ်လိုက်တယ်။

ပြီးတော့ ခြံစည်းရိုးပေါက်ကနေ ဘထွေးထွန်းကြည်တို့ ဝိုင်းကို ချောင်းကြည့်ကြတယ်။ ကျောက်ခဲကတော့ ကြည့်တာပဲ ရှိတာပေါ့ဗျာ။ ဘာမြင်မှာတုံး။ ကျုပ်လည်း ဘာမှတော့ မမြင် သေးဘူးဗျ။

ညသန်းခေါင်ကျော်လောက်ကျတော့ အစ်မခင်စိန်ရီတို့ အိမ်လေးထဲက လူတစ်ယောက် ထွက်လာတယ်။ ဟာ ကိုသိန်း မောင်ကြီးဗျာ၊ ခါတိုင်းလိုပဲ အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ဗျို့။ ဟော ဟော ဝိုင်းထဲဆင်းလာပြီ။ ဟိုကြည့် သည်ကြည့် လုပ်နေ တယ်။ ကျုပ်တောင် လန့်ပြီး နောက်ကို ကွယ်လိုက်မိတယ်။

ပြီးတော့မှ ပြန်ကြည့်လိုက်ရတယ်။ နှမ်းအိတ်တွေကို မပြီး ထပ်နေတာဗျို့။ ဖျဉ်ပြားတွေလည်းမ,ပြီး သေသေချာချာ ခင်းနေတာဗျ။

ဟော ကိုသိန်းမောင်ကြီး ထိုင်ချလိုက်ပြီး ဟာ စတော



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ် ယက်နေတာဗျို့။ ဒီလူက ဟိုတုန်းကတည်းက စကော စကော ယက်တာ သိပ်ကောင်းတယ်လို့ ပြောသံကြားဖူးတယ်၊

ဟာ အိမ်တံခါး ပွင့်လာပြန်ပြီဗျို့။ ဟာ အစ်မခင်စိန်ရဲ့ အိမ်ထဲက ထွက်လာတာဗျို့။ ဟော ကိုသိန်းမောင်ကြီးဆီကို တန်း သွားတာဗျ။ ဟာ ကိုသိန်းမောင်ကြီးဘေးမှာ ဝင်ထိုင်ပြီး စကာ ကူယက်ပေးနေတာဗျ။

လင်မယားနှစ်ယောက် စကားတပြောပြောနဲ့ အလုပ်လုပ် နေကြတာဗျ။ ဒါပေမဲ့ စကားကတော့ ခပ်တိုးတိုးပြောကြတာဗျ၊ ကျုပ် မကြားရဘူး။

ကျောက်ခဲက ကျုပ်ကို လက်ကုတ်ပြီး မေးငေါ့ပြတယ်၊ ကျုပ်က ခေါင်းပြန်ညိတ်ပြလိုက်တယ်။ တစ်နာရီလောက်ကြာ တော့ စကောပြီးသွားပြီဗျ။ ဟော လင်မယားနှစ်ယောက် အတူတူထလာပြီး အိမ်ကလေးဆီကို ပြန်လာပြီဗျို့။ ဟာ ကိုသိန်း မောင်က အစ်မခင်စိန်ရဲ့ပခုံးလေးကို ဖက်လိုက်လို့ဗျ။

သူတို့နှစ်ယောက် အိမ်ပေါ်ကို တက်သွားကြတော့မှ ကျုပ်နဲ့ ကျောက်ခဲ ပြန်လာကြတယ်။ လေးလေးချက်ကြီးတို့ ဝိုင်း တံခါးကိုလည်း ကျုပ်တို့ သေသေချာချာ ပိတ်ပေးလိုက်တယ်။

"ဘယ်လိုတုံး ကိုကြီးတာတေ မြင်လားဗျ"

"ငါမြင်တယ် ကျောက်ခဲ၊ ကိုကြီးသိန်းမောင်က ကျွတ်း မကျွတ်ဘဲကိုး၊ ဒါပေမဲ့ သူက တခြားတစ္ဆေတွေလို မဟုတ်ဘူးကွ



www.burmeseclassic.com

www.burmeseclassic.com



လူအတိုင်းပဲကွ ကျောက်ခဲရ"

"ဒါဆိုရင် အစ်မခင်စိန်ရီနဲ့ ဆက်ပြီးပေါင်းသင်းနေကြတာ ပေါ့ ဟုတ်လား"

"အေး ဒါတော့ သေချာတာပေါ့ကွာ၊ သူတို့နှစ်ယောက် လူ့ဘဝတုန်းကလိုပဲ အတူတူနေနေကြတာကွ၊ ကိုကြီးသိန်းမောင်ကလည်း ဘထွေးထွန်းကြည်ကို အလုပ်တွေအားလုံး ကူလုပ်ပေးနေတာပဲ၊ ယာတောင်ထွန်ပေး နွမ်းပုတ်ပေးဆိုတော့ လူအတိုင်းပဲ ပေါ့ကွာ၊ ဒါပေမဲ့ သူ့မိန်းမတစ်ယောက်ပဲ သူ့ကို မြင်ရတွေ့ရ စကားပြောလို့ရပုံပဲကွ"

"ဒါဆိုရင် ကြက်ငတိုးနဲ့ ဖိုးငသောင်းကို သတ်ပစ်တာ ကိုသိန်းမောင်ကြီးပဲ ဖြစ်မှာပေါ့ဗျ"

"ဒါကတော့ မပြောနိုင်သေးဘူးကွ ကျောက်ခဲရ၊ ငါ ဒီည မဖဲဝါကို မေးမယ်"

"ဒါဆိုရင် ကျုပ်မီးလောင်းကုန်းက ဒေါ်တုတ်ကို သွားခေါ် ရမလား"

ကျောက်ခဲက ကျုပ်ကို မေးတယ်။

"ဟာ မခေါ်နဲ့ ကျောက်ခဲရ၊ ဒီကိစ္စက လူသတ်မှုတွေနဲ့ ဆက်ရင် ဆက်နေမှာ၊ လူသိခံလို့ မဖြစ်ဘူးကွ၊ ငါ မဖဲဝါရဲ့ ကိုယ်ခွဲ ရုပ်ကလေးကနေပြီးတော့ပဲ မေးလိုက်တယ်"

"ဘာဗျ၊ မဖဲဝါရဲ့ကိုယ်ခွဲရုပ် ဟုတ်လား ကိုကြီးတာ..."



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း တစ်ခါမှ မမြင်ဖူးပါလားဗျ"

"အဲဒီကိုယ်ခွဲရုပ်က ဘယ်သူ့ကိုမှ ပြလို့မရဘူးကွ့ ကျောက်ခဲရ"

"ဩော် ဒီလိုလား"

ကျုပ် ကျောက်ခဲကို လိုက်ပို့ပြီး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မဖဲဝါကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူပြီး မဖဲဝါကို ပြောလိုက်တယ်။

"သချိုင်းရှင်မကြီး မဖဲဝါ၊ ကျုပ် တာတေက ရိုသေစွာ ပင့်ဖိတ်ပါတယ်၊ ကျုပ်တို့ရွာမှာ အင်မတန် ထူးဆန်းတဲ့ အဖြစ်အပျက်ကြီး ဖြစ်နေလို့ ကျုပ်ကို အိပ်မက်ထဲမှာ တွေ့ခွင့်ပေးပါဗျာ"

ကျုပ်က မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ခေါင်းအုံးအောက်မှာထည့်ပြီး အိပ်လိုက်တယ်။

လေတွေ တအားတိုက်နေတာဗျို့။ သစ်ရွက်တွေကို လေတိုးတဲ့အသံကြီးတွေကိုက ကြောက်စရာကြီးဗျာ။ ကျုပ်ဆံပင်တွေဆိုတာ လေထဲမှာ ထောင်တောင်နေတယ်ဗျို့။ လေကလည်း လေအေးကြီးဗျ။ ကျုပ်ဖြင့် ခဏအတွင်းမှာတင် ချမ်းတောင်လာတယ်ဗျာ။

"တာတေ"

မဖဲဝါရဲ့ အသံဗျ။ ဟိုကောင်မလေးရဲ့အသံဗျို့။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်တော့ ခါတိုင်းလိုပဲ ဆယ့်နှစ်ရာသီ အဝါပင်ကြီး အောက်မှာ ရပ်လို့ဗျ။

မဖဲဝါက ကျုပ်လန့်မှာစိုးလို့၊ ကျုပ်နဲ့ရွယ်တူလောက် ခါတိုင်းတွေ့နေကျကောင်မလေးပုံ ဖန်ဆင်းပေးထားတယ်။ သူ့ရဲ့ဆံပင်မှာ ဆယ့်နှစ်ရာသီပန်းအဝါလေး တစ်ပွင့်ကို ပန်ထားတယ်။

ထူးဆန်းတာကတော့ လေတွေ တဝေါဝေါ တိုက်နေပေမယ့် မဖဲဝါရဲ့ ဆံပင်တွေ၊ အဝတ်အစားတွေက လုံးဝမလှုပ်ဘူးဗျ။

"မဖဲဝါ ကျုပ်တို့ရွာမှာ ထူးဆန်းတဲ့အဖြစ်တစ်ခု ဖြစ်နေလို့ဗျ၊ ကျုပ်တို့ရွာက အစ်မခင်စိန်ရီရဲ့ယောကျ်ား ကိုသိန်းမောင်ဆိုတာ သေတာ တစ်နှစ်လောက် ရှိပြီဗျ။ ဒါပေမဲ့ ကိုသိန်းမောင်က လူလိုပဲ သွားလာပြီး သူ့မိန်းမနဲ့ အိမ်မှာ ဆက်နေထိုင် ပေါင်းသင်းနေတာဗျ၊ ယာထွန်တယ်၊ တောင်သူလုပ်တယ်၊ ကျုပ်ကိုယ်တိုင် တွေ့တာဗျ မဖဲဝါရဲ့"

"တာတေ သိန်းမောင် တစ္ဆေဖြစ်နေတာ နင်တို့ မသိကြလို့၊ တစ္ဆေဆိုတာ မျိုးစုံရှိတယ်၊ သူ လူ့ဘဝက ပြုခဲ့တဲ့ ကောင်းမှု တစ်ခုခုကြောင့် သူ့မှာ ကမ္ဘဇိဒ္ဓိတွေ ရနေတာဟဲ့ ကာတေရဲ့၊ တချို့တစ္ဆေတွေဆိုရင် ဗိမာန်နဲ့တောင် နေနိုင်တယ်။ မသိရင် နတ်လို့တောင် ထင်နိုင်တယ် တာတေ၊ တစ္ဆေဆိုတာ သူ့ကုသိုလ်နဲ့သူ့ကံ၊ သူ့ကမ္ဘဇိဒ္ဓိရှိရင် လူနဲ့ပေါင်းသင်းနေထိုင်နိုင်ရုံတင်မကဘဲ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးပါ မွေးလို့ရတယ်ဟဲ့"

"ဗျာ"

ကျုပ် မဖဲဝါပြောတာကို အံ့သြလိုက်တာဗျာ။ ကျုပ် ကြားမှ မကြားဘူးတာ။

"ဒါပေမဲ့ သိန်းမောင်က လူနှစ်ယောက် သတ်လိုက်ပြီ သူ့ကို ကျွတ်အောင် လုပ်ပေးလိုက် တာတေ၊ ကြာလာရင် သူ့မှာ အကုသိုလ်တွေ များသထက် များလာလိမ့်မယ်၊ အခုလို တစ္ဆေဘဝကနေ ဘာမှမသိတော့တဲ့ တစ္ဆေအရိုင်းအစိုင်းကြီး ဖြစ်သွားလိမ့်မယ်၊ အဲဒီအချိန်ကျရင် နင်တို့ရွာ သည့်ထက်ဒုက္ခရောက်လိမ့်မယ်၊ အဲဒီအခါကျရင် လုပ်ရတာလည်း ခက်လိမ့်မယ်၊ အခုနေ လုပ်ရင် ရပါသေးတယ်၊ သူ့မိန်းမကို နားချခိုင်းပါ"

"ဒါဆိုရင် ကြက်ဖတိုးနဲ့ ဇိုးသသောင်းကို သတ်ပစ်တာ တစ္ဆေကိုသိန်းမောင်ပေါ့ ဟုတ်လား မဖဲဝါ"

"ဟုတ်တယ် တာတေ၊ သိန်းမောင် သတ်တာ၊ သူ့မိန်းမကို စွဲပြီး တစ္ဆေဖြစ်တဲ့အကောင်၊ မိန်းမကို လာပြီးထိတဲ့အကောင် တိုင်း သတ်နေမှာပဲ"

ကျုပ် တော်တော်ကို စိတ်ညစ်သွားတယ်ဗျို့။ လူတိုင်းက အစ်မခင်စိန်ရီကို မုဆိုးမလို့ပဲ သိထားကြတာ။ အစ်မခင်စိန်ရီက လှလည်းလှတော့ လိုချင်ကြမှာပဲ။ သူ့ယောကျ်ားနဲ့ ပေါင်းသင်း နေဆဲပဲဆိုတာ ဘယ်သူက သိမှာတုံးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ တာတေ ထတော့လေ၊ နင့်အကောင် ကျောက်ခဲ တောင် ရောက်နေပြီ"

အမေက ကျုပ်ကို လှုပ်နှိုးလို့ ကျုပ် နိုးသွားတာဗျို့။

"ဟင် ကျောက်ခဲ ရောက်နေလား အမေ"

"အေး ရောက်နေလို့ ငါ ထမင်းကြမ်းတောင် ကျွေးထားတယ်၊ မနေ့က ချက်ထားတဲ့ ဆတ်သားတွေ ရှိတာနဲ့ ကျောက်ခဲကို ငါ ထမင်းကျွေးနေတာလေ၊ နင်လည်း ထတော့လေ၊ မျက်နှာ ပါသစ်ပြီး ထမင်းကြမ်း စားတာပေါ့။

"အဘရော"

"နင့်အဘ ယာထဲဆင်းသွားတယ်၊ နင်မလာခဲ့နဲ့တဲ့ မှာသွားတယ်"

ကျုပ် ထမင်းကြမ်းစားဖို့လုပ်တော့ ဟိုကောင် ကျောက်ခဲ က ဝတောင်သွားပြီဗျ။ ကျုပ် ထမင်းစားရင်းပဲ ဒီကောင်နဲ့ စကား ပြောရတော့တာပေါ့ဗျာ။

"ကိုကြီးတာတေ ဘယ်လိုတဲ့းဗျ၊ သိပြီလား"

"သိပြီ ကျောက်ခဲရေ၊ ငါသိပြီ"

"ဟိုလူနှစ်ယောက်ကို ဘယ်သူ သတ်တာတဲ့တုံး"

"ကိုသိန်းမောင်တစ္ဆေ သတ်တာတဲ့ကွာ၊ ဒီအကြောင်းကို မင်းနဲ့ငါ နှစ်ယောက်ပဲ သိတာကောင်းတယ် ကျောက်ခဲ၊ ဘယ်သူ့မှ မသိစေနဲ့ ကြားလား၊ သံမဏိတောင် မသိစေနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ စိတ်ချပါ ကိုကြီးတာတေရာ၊ အစ်မခင်စိန်ရီက ကျုပ်အစ်မဝမ်းကွဲလေဗျာ၊ ကိုသိန်းမောင်က ကျုပ်ယောက်ဖ ဟာ၊ ကျုပ်ယောက်ဖ တစ္ဆေဖြစ်နေပြီး လူနှစ်ယောက်ကို ရက်ရက် စက်စက် သတ်ပစ်တဲ့ကိစ္စကို ကျုပ် ဘယ်ပြောရဲပါ့မလဲ ကိုကြီး တာတေရာ"

"အေး ဟုတ်တယ်၊ အဲဒါကို ငါပြောတာ၊ ငါ အစ်မခင်စိန်ရီ နဲ့တွေ့ပြီး စီစဉ်စရာတွေ စီစဉ်ရမယ်ကွ"

ကျုပ်က အစ်မခင်စိန်ရီနဲ့ သွားတွေ့တယ်။ ဘထွေးထွန်း ကြည်ရောပေါ့ဗျာ။ ဘထွေးထွန်းကြည်ရဲ့မိန်းမ အရီးစိန်ပုလည်း ရှိပါတယ်။

ကျုပ်က အကျိုးအကြောင်းတွေအားလုံးကို ပြောပြတယ် ဘထွေးထွန်းကြည်တို့အိမ်မှာ ပြောပြတာပေါ့ဗျာ။ အစ်မခင်စိန်ရီ တို့အိမ်မှာပြောတာ မဟုတ်ဘူးဓလေ။ ကိုသိန်းမောင် လူနှစ်ယောက် သတ်လိုက်တဲ့ကိစ္စရော နောက်လည်း အစ်မခင်စိန်ရီကို လာပြီး ပတ်သက်တဲ့လူတိုင်းကို သူသတ်မှာဆိုတာရောပေါ့ဗျာ။ ဒီတော့ ကိုကြီးသိန်းမောင်ကို ကျွတ်လွတ်အောင် လုပ်ပေးဖို့ကိစ္စကို ကျုပ် က ပြောပြတယ်။

အစ်မခင်စိန်ရီက ငိုတော့တာပေါ့ဗျာ။ ငိုတာမှ ရှိုက်ကြီး တငင်ကို ငိုတာဗျာ။

ကျုပ်ဖြင့် အစ်မခင်စိန်ရီကိုကြည့်ရင်း မျက်ရည်တွေဝဲလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ် သိတာပေါ့ဗျာ။ အစ်မခင်စိန်ရီရင်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ ကျုပ်သိပါတယ်။ ကျုပ်ချစ်သူ လှယဉ် သေတော့ ကျုပ်ရင်ထဲမှာ နှလုံးသားကွဲထွက်မတတ် ကျုပ် ခံစားခဲ့ရဖူးတာပဲ။ လူကွယ်ရာမှာ ကျုပ်လည်း အစ်မခင်စိန်ရီ ငိုသလိုကို ငိုခဲ့ဖူးပါတယ်။

အစ်မခင်စိန်ရီ ရှိုက်ကြီးတငင် ငိုတဲ့အသံကို ကြားတော့ ကိုကြီးသိန်းမောင်တစ္ဆေက သူတို့အိမ်ကလေးထဲက ပြေးထွက်လာတယ်။

ကျုပ်က မျက်ကွင်းဆေး ကွင်းလာတော့ မြင်နေရတာပေါ့ ဗျာ။ ကိုသိန်းမောင်တစ္ဆေက ဘထွေးထွန်းကြည်တို့အိမ်ကြီးပေါ်ကို မတက်ဘူးဗျ။ အိမ်ရှေ့ကပဲရပ်ပြီး နားထောင်နေတာ။ သူ ကြားတာပေါ့ဗျာ။ အိမ်ပေါ်မှာ ကျုပ်တို့ ပြောဆိုနေတာတွေကို သူ အိမ်ရှေ့က ကြားနေရတော့တာပေါ့။

"သမီးခင်စိန်ရီ တာတေ လာပြောတာ ဟုတ်တယ် သမီး။ သမီးနဲ့ မောင်သိန်းမောင် တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ချစ်ကြတယ်ဆိုတာ အဖေတို့ သိပါတယ် သမီးရယ်၊ အခု တာတေ လာပြီးရှင်းပြတော့မှပဲ အဖေလည်း သဘောပေါက်တာ သမီးရဲ့၊ တစ္ဆေတွေ ဆိုတာလည်း ကံပေါ်မှာ မူတည်ပြီး အဆင့်အတန်း ကွဲပြားကြတာပေါ့လေ။ တချို့တစ္ဆေတွေက အကုသိုလ်ကံ ကြီးမားလွန်းလို့ ရုပ်ရည်ရှုပကာကလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲလောက်အောင် ဆိုးဝါးနေကြတယ်။ အစားအသောက်ကလည်း တစ်နေကုန်လို့တောင် ထမင်းလုံးတစ်စေ့ ရှာမရတဲ့ တစ္ဆေတွေလည်း ရှိကြသတဲ့။ ငါ့သမက် မောင်သိန်းမောင်ကတော့ တစ္ဆေဖြစ်တာတောင် ကမ္ဘဇိဒ္ဓိရှိပြီး လူလို ပြန်ပြီးနေနိုင်တယ်။

ဒါပေမဲ့ သမီးခင်စိန်ရီ ဘဝချင်းက ခြားသွားကြပြီ သမီးရဲ့ တာတေ ပြောပြတာတွေ အဖေ သဘောပေါက်တယ်၊ ကြာလာရင် မောင်သိန်းမောင်မှာ သမီးနဲ့ပတ်သက်ပြီး အကုသိုလ်ကံတွေ များလာလိမ့်မယ် သမီး၊ အဲဒီအခါကျရင် သူ ဒီလိုနေနိုင်မှာ မဟုတ်တော့ဘဲ ပုံဆိုးပန်းဆိုး ဘဝဆိုးကြီး ဖြစ်သွားလိမ့်မယ်၊ ဒီတော့မှ သမီး ယူကြုံးမရ ဖြစ်ရမှာ သမီး။

ဒီတော့ မောင်သိန်းမောင်ကို ကျွတ်လွတ်အောင် လုပ်ပေးလိုက်ပါတော့ကွယ်"

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

အစ်မခင်စိန်ရီ ရှိုက်ကြီးတငင် ငိုပြန်ပြီဗျို့။ ကျုပ်လည်း မျက်ရည်သုတ်ရပြီ။ ဘထွေးထွန်းကြည်တို့လင်မယားလည်း မျက်ရည်တွေတွေကျကြရတာပေါ့ဗျာ။

ကျုပ် ကိုသိန်းမောင်တစ္ဆေကို လှမ်းကြည့်လိုက်တော့ လက်သီးကြီးဆုပ်ပြီး အံကြိတ် ငိုနေတာဗျ။ အိမ်အောက်က အစ်မခင်စိန်ရီကငို၊ အိမ်ရှေ့က ကိုကြီးသိန်းမောင်က ငိုနဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် ဘာပြောရမှန်းတောင် မသိတော့ဘူးဗျို့။

နောက်တော့ အစ်မခင်စိန်ရီရော ကိုကြီးသိန်းမောင်ရော စိတ်လျှော့လိုက်ကြပုံပဲဗျ။ ကိုကြီးသိန်းမောင် ကျွတ်လွတ်ဖို့ စီစဉ်ပါတော့လို့ပြောပြီး သူတို့အိမ်ကလေးထဲကို ဝင်သွားကြတယ်။ လင်မယားနှစ်ယောက် ငိုနေကြမှာပေါ့ဗျာ။

ကျုပ်နဲ့ ဘထွေးတို့နဲ့ တိုင်ပင်ပြီး ကျုပ် ဆရာတော် ဦးဝုဏ ကို ပင့်တယ်။ ဆရာတော်ကို အလှူဒါနပြုတယ်။ အိမ်နီးနားချင်းတွေကိုလည်း ကိုသိန်းမောင် နှစ်ပတ်လည်ဆိုပြီး ထမင်းကောင်းဟင်းကောင်းတွေ ကျွေးမွေးလှူဒါန်းတယ်။ ကျုပ်က မျက်ကွင်းဆေးကွင်းပြီး ကြည့်နေတာ ဆရာတော် ဟောတဲ့တရားကို ကိုသိန်းမောင်တစ္ဆေက ကောင်းကောင်းကို နာနေတာဗျ။ တရားဆုံးတော့ ရေစက်ခွက်ကို အစ်မခင်စိန်ရီက ကိုင်တယ်။ ကိုသိန်းမောင်ကလည်း ကိုင်တယ်။ ရေစက်ချပြီးလို့ အားလုံး သာဓုခေါ်တဲ့အချိန်မှာ ကိုသိန်းမောင်လည်း သာဓုခေါ်တယ်။ ဟော ပျောက်သွားပြီဗျို့။ ကိုကြီးသိန်းမောင်တစ္ဆေ ဖျတ်ကနဲကို ပျောက်သွားတာဗျ။ ဘဝတစ်ခုရဲ့အစကို ရောက်သွားပြီနေမှာပေါ့ဗျာ။

"တာတေ နင့်အစ်ကို ဘယ်လိုလဲ"

အစ်မခင်စိန်ရီက မျက်ရည်တွေနဲ့ ကျုပ်ကို လှမ်းမေးတယ်။ ဆရာတော် အပါအဝင် အားလုံးက ကျုပ်ကို လှမ်းကြည့်ကြတာပေါ့ဗျာ။

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။
"ကိုကြီးသိန်းမောင် ကျွတ်သွားပါပြီ"
လို့လည်း ကျုပ် တိတိကျကျ ပြောလိုက်ပါတယ်ဗျာ။

တာတေ

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# ကြက်ခွဲ သေင်

မိုးကုန်လို့ ဆောင်းရောက်တာနဲ့ ကျုပ်တို့အညာရွာတွေ မှာ ကြက်ဝိုင်းတွေ အလျှို အလျှို ပေါ်လာတော့တာဗျို့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကြက်သမားကြီးတွေဆိုတာ ကြက်ကောင်းတစ်ကောင်ရရင် လွှတ်ဂရုစိုက်ကြတာဗျ။ ညဆိုရင် ကြက်ခြင်ထောင်နဲ့ သိပ်ကြတယ်။ ကြက်ဝမ်းသွားတာကို မနက်စောစောထပြီး တစ်ရက်မပြတ် ကြည့်ရတာဗျ။

ကြက်တွန်တဲ့အသံကိုလည်း သေသေချာချာကို နားစွင့်ရတယ်။ အစာနဲ့ရေကိုလည်း သေသေချာချာ ပေးရတာဗျ။ ဒီမှာကြက်စွဲဆိုတဲ့လူတွေ ပေါ်လာတော့တာပဲဗျို့။ တော်တော်များများ ကြက်သမားတွေကတော့ ကိုယ့်ကြက်ကို ကိုယ်တိုင်ပဲကြက်စွဲလုပ်ကြတာပါ။ ဒါပေမဲ့ တကယ့်နာမည်ရ ကြက်စွဲတွေကိုလည်း ငှားကြရတာ ရှိတယ်ဗျ။

ကြက်ကို အညောင်းအညာမရှိအောင် နှိပ်နယ်ပေးရတယ်။ ရေကိုင်ပေးရတယ်။ လက်နဲ့ဆုပ်ပြီး လက်ပူတိုက်ပေးရတယ်။

ကြက်ဝိုင်းတွေမှာလည်း ကိုယ့်ကြက်ကို ကိုင်တွယ်ပေးမယ့် ကြက်စွဲ ခေါ်ကြရတယ်။ ကြက်စွဲကောင်းရင် ကိုယ့်ကြက်ကရှုံးရိုပ်ပြနေတာတောင် နိုင်သွားတာတွေ ရှိတယ်ဗျ။

“ကိုကြီးတာတေ လာဗျာ၊ ကြက်ဝိုင်းသွားရအောင်”

ကျောက်ခဲက ကျုပ်ကို အဖော်စပ်တယ်။ ကျုပ်က နေ့ရှာတကာ စပ်စပ်စုစုလုပ်ပေမယ့် ကြက်ဝိုင်းတော့ သိပ်ဝါသနာမပါဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မသွားချင်ပါဘူးကွာ"

"လာပါဗျာ၊ အပျင်းပြေပေါ့၊ ဒီနေ့ ကြက်ဝိုင်းက ကောင်းမှာဗျ"

ကျောက်ခဲက နည်းနည်းပဲ ဆွယ်ရသေးတယ်။ ကျုပ်က စိတ်ပါသလို ဖြစ်သွားပြီဗျ။

"ဘယ်သူ့ဝိုင်းမှာတုံးကွ ကျောက်ခဲရ"

"တောင်ပိုင်းက ကြက်စွဲ ကိုသင်တို့ဝိုင်းမှာဗျ"

"ဘယ်သူ့ကြက်နဲ့ ဘယ်သူ့ကြက် တိုက်မှာတုံးကွ"

"ကိုသင့်ကြက်နဲ့ မြောက်ပိုင်းက ကိုဘစိန်ရဲ့ကြက် တိုက်မှာဗျ၊ နှစ်ကောင်လုံးက နာမည်ကျော်တွေချည်းပဲဗျ၊ လာပါဗျာ၊ သွားရအောင်၊ ခုလောက်ဆိုရင် စတောင်နေလောက်ပြီ"

ကျုပ်လည်း ငြင်းမနေတော့ပါဘူးဗျာ။ ကျောက်ခဲနဲ့ တောင်ပိုင်းက ကိုသင်တို့ဝိုင်းကို လိုက်လာခဲ့တယ်ဗျ။ ကျုပ်တို့ ရောက်တော့ ကြက်ဝိုင်းက လောင်းကြေးခေါ်နေပြီဗျ။ တစ်ဖက်နဲ့တစ်ဖက် ညှိနေကြတာ တော်တော်နဲ့ မတည့်ကြဘူးဗျို့။ နောက်တော့ လောင်းကြေး လေးထောင်နဲ့ သဘောတူသွားကြတယ်။ လက်ဖျားကတော့ ကြက်နှစ်ကောင် ခွပ်တာကို ကြည့်ပြီးမှ သာတဲ့ ဘက်ကစပြီး လက်ဖျားခေါ်ကြမှာပေါ့ဗျာ။ ကြက်ပိုင်ရှင်ကလည်း သူ့ကြက်သာမယ်ထင်ရင် လက်ဖျားမှာလည်း ဝင်ဆွဲသဗျ။ ရှုံးမယ် ထင်ရင်လည်း တစ်ဖက်ကြက်ကို လက်ဖျားလိုက်ဆွဲတယ်။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှုံးတာ ကာမိမှာပေါ့ဗျာ။

ဒါကြောင့်လည်း ကြက်သမားကြီးတွေက ပိုးစိုးပက်စက် မရှုံးကြတာပေါ့ဗျာ။ ကိုယ့်ကြက် အခြေအနေမကောင်းလို့ လောင်းကြေးရှုံးမယ်ထင်ရင် တစ်ဖက်ကိုသွားပြီး လက်ဖျားဆွဲထားတော့ ရှုံးသွားရင်တောင် လက်ဖျားဆွဲတာက အလျော်ရတော့ နည်းနည်းကာမိတာပေါ့လေ။

ဝိုင်းက ဆယ့်နှစ်တောင်စည်းဝိုင်းဗျ။ ကြက်တွေကလည်း အရပ်အမောင်းကောင်းတယ်။ ကိုသင့်ကြက်က ဖောင်းဗျ။ ကိုဘစိန်ရဲ့ကြက်က ဖြာ။ အရပ်ကတော့ သိပ်မကွာလှဘူး။ ဆယ်ပြားစီလောက်ပဲရှိမယ်။(ကြက်ရဲ့အရပ်ကိုတိုင်းရင် ခြေဖနောင့်ကနေတောင်ပံရိုးက ဘုနီနီအထိ ဒင်္ဂါးပြားနဲ့ တိုင်းကြတာဗျ)။ ကိုသင်ရော ကိုဘစိန်ရောက နာမည်ကြီးကြက်စွဲတွေဆိုတော့ သူတို့ကြက်ကို သူတို့ဘာသာ ကြက်စွဲလုပ်ကြတာဗျ။ ကြက်ဝိုင်းဒိုင်က ကျုပ်တို့ရွာလယ်ပိုင်းက ဦးပုဗျ။ ဘိုးပုကလည်း ကြက်ဆိုရင် လွတ်ဝါသနာပါတဲ့ အဘိုးကြီးဗျ။ အသက်ကြီးလာတော့ သူကိုယ်တိုင်တော့ကြက်မမွေးတော့ပါဘူး။ ကြက်ဝိုင်းရှိရင်သာ ဒိုင်လေး ဘာလေးလုပ်ပေးတာဗျ။ ဒိုင်လုပ်ဖို့ဆိုရင်လည်း သူ့ပဲလာခေါ်ကြတာဗျ။

"ဘိုးပု ဒိုင်လုပ်ပေးပါ"

ဆိုပြီး ကြက်သမားတွေက ဘိုးပုကို ကြက်ဝိုင်းအပ်ကြတာ။

အခုလည်း ဘိုးပုက ဝိုင်းစတော့မှာမို့ ဒိုင်စကား ပြောရ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဗျာ။

"သုံးခါကောက်ရင် တစ်ခါက ကြက်သာခေါ်၊ ကြက်နာလား၊ ကြက်လည်းမထူ၊ ကြက်မွေးမယူ၊ လေပေး ရေပေး၊ တစ်ဖက်ကြက်ကို မထိစေရ၊ အတောင်ကျိုး၊ ပေါင်ကျိုး၊ စုံကန်း၊ ထွက်ပြေး၊ ခွပ်ဘက်မရ အရှုံး၊ ကဲ လွှတ်"

ဘိုးပုက လွှတ်လို့အော်တာနဲ့ ကြက်စွဲနှစ်ယောက်က ကြက်တွေ ပြိုင်တူလွှတ်လိုက်တာဗျ။ ကိုသင့်ကြက်က ကြက်စင်း၊ ကိုဘစိန်ကြက်က ကြက်ထောင်ဗျ။ ဝိုင်းထဲချလိုက်တာနဲ့ တန်းပစ်တော့တာပျို့။ ကိုသင့်ကြက်က ကြက်ဖော့၊ ကြက်လျော့ဗျ။ ကျွန်ရှေ့မပျက်ဘူး။ အသာလေးပဲ ရှောင်လိုက်တာ၊ တင်းခံရင်လည်း ကိုဘစိန်ကြက်ပစ်ပုံနဲ့ဆိုရင် ပြုတ်ထွက်သွားနိုင်တယ်။

ဝိုင်းထဲမှာ လှည့်ပတ်ပြီး သွားနေတယ်။

ဟော ပစ်ပြန်ပြီပျို့။ ကိုဘစိန်ရဲ့ဖြာကြီးက ဝီးကနဲနေအောင် ပစ်တာဗျ။ ကိုသင့်ဖောင်းကြီးက ကိုယ်ကို အသာကလေး ဖော့ပြီး ရှောင်ရင်းက နှစ်ကောင်ပူးသွားတယ်။ ဒီမှာတင် ကိုသင့်ဖောင်းကြီးက ကိုဘစိန်ရဲ့ ဖြာကို နားစလှမ်းဆွဲပြီး ခွပ်ပစ်လိုက်တာ၊ ပလောက်လို့ မြည်သွားပြီး ကိုဘစိန်ရဲ့ ဖြာကြီး နောက်ကို မျက်နှာလန်ထွက်သွားရောပျို့။

ဒီမှာတင် ကိုသင့်ကြက်ဘက်က လက်ဖျားလောင်းကြေးတွေခေါ်ကြ၊ လောင်းကြတော့တာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုဘစိန့်ကြက်ကလည်း နည်းတဲ့ပစ်ချက် မဟုတ်ဘူးဗျ။ သူ့ပစ်ချက်တစ်ချက်လောက် မိသွားလို့ကတော့ ကိုသင့်ဖောင်းကြီး လဲသွားမယ်လို့ ကျုပ် ထင်တယ်ဗျ။

ကိုဘစိန့်ဖြာကြီးက ပစ်လိုက်၊ ဖောင်းက အသာလေး ရှောင်ပြီးပေးလိုက်။ နှစ်ကောင်လုံးမိရင် ဖောင်းက ဖြောင်းကနဲ ခွပ်လိုက်နဲ့ ကြက်နှစ်ကောင် စည်းရောက်သွားတာနဲ့ ကြက်စွဲတွေက ကောက်လိုက်ရတယ်ဗျ။

ကြက်တွေ လက်ထဲရောက်တာနဲ့ ကိုယ့်ကြက်ကို ဒဏ်ရာ ရှာကြ၊ ကုကြသကြပေါ့ဗျာ။ ပြီးတော့ ဝိုင်းထဲပြန်ချနဲ့ နာရီဝက်လောက် ရှိနေပြီဗျ။ ကိုသင့်ဖောင်းကတော့ နှစ်ကောင်ခွာသွားလို့ တစ်ဖက်က ပစ်တာနဲ့ သူက ကိုယ်ကို ဖော့ဖော့ရွှရွှလေးလုပ်ပြီး ရှောင်တော့တာဗျို့။ အချိန်ကြာလာတော့လည်း တစ်ဖက်ကြက်ရဲ့ ခွပ်လန်းတွေကို သူသိသွားပြီပေါ့ဗျာ။ သူ့ကို မိမိရရ တစ်ချက်မှ ကို မထိဘူးဗျ။

နှစ်ကောင်ပူးတိုင်း သူခွပ်တဲ့ ခွပ်ချက်တွေက ကိုဘစိန့်ရဲ့ ဖြာကြီးကို ချက်တိုင်း ထိနေတာဗျ။

ဟော ဟော ဖြာကြီး ပစ်ပြန်ပြီဗျို့။ ဖောင်းက ရှောင်ပေးတယ်။ ပူးပြီ၊ ပူးပြီ။ ဟော ဖောင်းက ဖြာရဲ့ နားစကို ဆတ်ကနဲ ဆွဲလိမ်ပြီး ခွပ်ချလိုက်ပြီဗျာ။

“ဖြောင်း”



www.burmeseclassic.com

www.burmeseclassic.com



“ကရော့၊ ကရော့၊ ကရော့”

ဟာ ကိုဘစိန်ရဲ့ဗြာကြီး ပြေးရောဗျို့။ ကြက်ဝိုင်းမှာ ကရော့ ကရော့ အော်ပြီး ထွက်ပြေးတဲ့ကြက်က အရှုံးလေဗျာ။

“ဟာ သေင်ကြက် နိုင်တယ်ဟေ့”

ဘိုးပုက ဒိုင်လူကြီးရဲ့ အဆုံးအဖြတ်စကားကို နောက်ဆုံး ပြောလိုက်တယ်။

“ဟား၊ ဟား၊ ဟား၊ ဟား”

လောင်းကြေးနိုင်တဲ့သူတွေက အော်ဟစ်ရယ်ကြ၊ ပျော် ကြပေါ့ဗျာ။ လောင်းကြေးရှုံးတဲ့လူတွေကတော့ ငြိမ်သွားတာပေါ့ ဗျာ။

“ဗြာကြီး မရှုံးလောက်ပါဘူးကွာ၊ ကြက်က မောသေးတာမှ ဟုတ်တာ၊ ပစ်ချက်က တစ်ခါတော့ စူးမှာ သေချာတယ်၊ စူးလို့ ကတော့ တစ်ချက်တည်းအလဲပဲ။ ခုဟာက ဖောင်းက ဆွဲအခွပ် ကြာက ခေါင်းအလည်မှာ အတက်က နားထဲဝင်သွားတာကွ၊ ဘယ်ခံနိုင်တော့မှာတုံးကွာ”

ဒါကတော့ ထုံးစံပေါ့ဗျာ။ ကြက်ကခွပ်လို့ ပြီးသွားပြီ။ ကြက် ဝိုင်း လာကြည့်တဲ့လူတွေက ဆက်ခွပ်နေကြတုန်းဗျ။ ဒါကလည်း တကယ့်ကြက်သမားတွေ မဟုတ်ဘူးဗျ။ တကယ့်ကြက်သမား တွေက ငွေအလျော်အစားလုပ်ပြီး ထွက်သွားကြပြီ။ သွားပြီး ကြသောက်ကြတော့မှာ။ ကျန်နေတာက ကျပ်တို့လို ငေး



www.burmeseclassic.com

www.burmeseclassic.com



လောင်းတဲ့လူတွေပဲ လေနဲ့ဆက်ပြီး ခွပ်ကြတာပေါ့ဗျာ။

ဒီမှာ ကျုပ်တို့ရွာရဲ့ ဝါရင့်ကြက်သမားကြီး ဘိုးပုက ပြော တယ်ဗျ။ သူငယ်ငယ်က နယ်လှည့်ပြီး ကြက်တိုက်တာဆိုပဲဗျာ၊ ကြက်သမားဘဝမှာ ထူးထူးဆန်းဆန်းတွေလည်း ကြုံရတယ်ဆိုပဲဗျ

"ဘိုး ကြုံဖူးတဲ့ ကြက်စွဲကိုယုံ ဆိုတာ ရှိတယ်ကွ၊ အောက် ပြည်က လာတာပဲ၊ သူ့မှာ အောက်ပြည်က ကြက်ကောင်း တစ်ကောင် ပါလာတယ်ကွ၊ ကြက်မှာ နှစ်မျိုးခွဲထားတယ်၊ အညာ ကြက်နဲ့ အောက်ကြက်တဲ့ကွ၊ အညာကြက်က ခံနိုင်ရည် ပို တယ်၊ ရေကုန်ရေခန်း ခွပ်နိုင်တယ်၊ အောက်ကြက်က အညာ ကြက်လောက် ခံနိုင်ရည် မရှိဘူးကွ။ ဒီတော့ ဝိုင်းစတာ အောက်ကြက်က အညာကြက်ကို မြန်မြန်ပြတ်အောင် ခွပ်နိုင် ခွပ်၊ မခွပ်နိုင်ရင်တော့ ရေရှည်ဆိုရင် အညာကြက်က နိုင်တာ များတယ်ကွ"

"ဟုတ်လား ဘိုး"

အနာဂတ်ရဲ့ ကြက်သမားလောင်းလျာလေးတွေက ခု ကြုံတောင့်ကြုံခဲမှာ ပညာယူနေကြတာပေါ့ဗျာ။

"အေး အဲဒီမှာ ကြက်စွဲကိုယုံရဲ့ကြက်က ငါ့ကြက်ကို ဝိုင်း တာနဲ့ ပြတ်အောင်ခွပ်တာပဲကွ၊ ဒီတုန်းက သူက ဇိမ်ကြီး ငါ့ကြက်က ဖြာကြီးကွ၊ သူ့ကြက်က မောက်ထောင်၊ ငါ့ကြက် မောက်ဒိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"မောက်ဒိုးဆိုတာ ဘယ်လိုအမောက်တုံး ဘိုးရဲ့"

"ဒီလိုကွ၊ ကြက်တွေရဲ့ ပုံမှန်အမောက်က ပြားပြားထောင်ထောင်လေကွာ၊ ထိပ်မှာ အချွန်တွေ့ ပါတာပေါ့။ မောက်ဒိုးဆိုတာ အမောက်က တုံးတုံးလုံးလုံးကြီးကွ"

"ဪ"

ဘိုးပုက ကိုသင်တို့အိမ်ဝိုင်းထဲက ကွပ်ပျစ်မှာထိုင်ပြီး ပြောနေတာ။ လူငယ်တွေက တချို့က ကွပ်ပျစ်ပေါ်မှာ၊ တချို့က မြေကြီးပေါ်မှာ ထိုင်လို့ဗျ။ စိတ်ပါလက်ပါကို နားထောင်နေကြတာဗျို့။ ကိုသင်ကတော့ ထွက်မလာဘူး။ သူ့ကြက်ကို ဆေးကုနေမှာပေါ့ဗျာ။ ဒါက ကြက်စွဲရဲ့ အလုပ်ပဲလေ။ ဝိုင်းပြီးရင် ကြက်ကို ချက်ချင်းကုကြရတာဗျ။ ဘိုးပုရဲ့ ပရိသတ်တွေကတော့ ငြိမ်လို့ ပေါ့ဗျာ။ ဒီအထဲမှာ ကျုပ်နဲ့ ကျောက်ခဲလည်း ပါတာပေါ့ဗျာ။

"ကိုယုံကြက်က အတက်က တော်တော်ရှည်တာ၊ လက်နှစ်ဆစ်လောက်ရှိတယ်၊ ဂေါ်ရခါးတွေကိုင်တဲ့ဓားလို အပေါ်ကို ကော့ကော့ကြီးကွ၊ ဝိုင်းထဲရောက်တာနဲ့ တန်းပစ်တာ။ ငါ့ကြက်ကလည်း ဆီးဆိုင်တာပဲကွာ။ ငါ သေသေချာချာကြည့်တော့ ငါ့အကောင်ဖြာကြီးက ခြေထွက် နည်းနည်းပိုမြန်တာ တွေ့ရတယ်။ ဒီတော့ သူ့ကြက်ရဲ့ ဂေါ်ရခါးဓားလို အတက်ကြီးကို ဆီးပြီးကာထားနိုင်တာပေါ့ကွာ။ ပွဲက ချက်ချင်းမပြတ်တော့ ရှေရှည်လာတာပေါ့ကွာ။ ငါ့ကြက်ဖြာကြီးကလည်း မြန်ခွပ်၊ ကိုယုံကြက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခွပ်နဲ့၊ နောက်တော့ ဒီကောင်နှစ်ကောင်မှာ ပုံမှန်ခွပ်လုံး မဲ့
တော့ဘဲ ခွပ်လမ်းမျိုးစုံ ခွပ်နေကြတာကွ။ ဒီတော့မှ ဒီကြ
နှစ်ကောင်စလုံးဟာ ဝါရင့်ပညာသည်တွေမှန်း သိကြတော့တာ
ကိုး။ ရေရှည်မှာ ငါ့ရဲ့အညာကြက်က ခြေမကျဘူးကွ၊ ကိုယ
အောက်ကြက်က ခြေကျလာရောဟေ့။ ဒီတော့ ငါ့ဖြာကြီးက
ချည်း လိမ့်ခွပ်တော့တာပေါ့ကွာ။ ဒါပေမဲ့ ထူးဆန်းတာက ကြ
တစ်ခါကောက်ပြီးတိုင်း ကိုယ့်က သူ့ကြက်ကိုသူကူပြီး ပြန်ချလိုက
တယ်။ ကြက်က သွေးတစ်စက်မှ မထွက်ဘူးကွ၊ ပြီးတော့ သူ့
ကြက်က ငါ့ဖြာကြီး ဘယ်လောက်ခွပ်ခွပ် ဘာမှဖြစ်တဲ့ပုံ မပေ
ဘူးကွ၊ ဒါပေမဲ့ သူ့ကြက်က ခွပ်ကို မခွပ်နိုင်တော့ဘူးဟေ့၊ နှု
သီးကို မြေကြီးမှာထောက်ပြီး ငြိမ်နေရောဟေ့၊ ငါ့အကောင်ဖြ
ကြီးက ဖြောင်းဆိုပြီး ပြေးခွပ်လိုက်၊ ရပ်နေလိုက်နဲ့ ဒီကောင်လည
တော်တော်ကိုမောနေပြီပေါ့။ နောက်တော့ ကိုယ့်ရဲ့ကြက်က
လည်ပင်းက အမွေးတွေကိုဖွပြီး လည်ပင်းကြီးစင်းပြီး ငါ့ဖြာကြ
ကို စိုက်ကြည့်နေတယ်ဟေ့။ ဒီမှာတင် ငါ့ကောင်ဖြာကြီးက
နောက်ကိုဆုတ်ပြီး ပွဲသိမ်း ပြေးခွပ်တော့မလို လုပ်လိုက်တယ
ကိုယ့်ကြက်ကတော့ ဘာမှကို မလုပ်ဘဲ ခုနကအတိုင်းပဲငြိမ်ပြ
လည်ဆံမွေးပွပွကြီးနဲ့ စိုက်ကြည့်နေတာကွ။ ဒီမှာတင် ငါ့ကြက်
ဘာဖြစ်သွားတယ် မသိပါဘူးကွာ၊ ကရော့ ကရော့နဲ့ အော်ပြ
ဝိုင်းထဲက ထွက်ပြေးတော့တာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆို ဘိုး ရှုံးသွားတာပေါ့ ဟုတ်လား"

"အို ရှုံးလိုက်တာမှ ခွက်ခွက်ကိုလန်တော့တာပေါ့ကွာ"

"အဲဒါ ဘယ်လိုဖြစ်တာတုံးဗျ၊ တစ်ချိန်လုံး ဘိုးကြက်က ချည်း ခွပ်နေပြီးတော့၊ ဟိုကြက်ကလည်း လှုပ်နိုင်တော့တာမှ မဟုတ်တာ၊ ဘာဖြစ်လို့ ဘိုးကြက်က ကြောက်ပြီး ထွက်ပြေးသွားရတာတုံးဗျ"

"မင်းတို့ မသိဘူးကွ၊ ငါလည်း ဒါကို အစက ယုံတာ မဟုတ်ဘူး၊ ခံရတာများလာတော့မှ ယုံသွားတာ"

"ဟင်. . . ဘာကိုတုံး ဘိုးရဲ့"

"ကြက်ရှုံးရင် သရဲနဲ့ တိုက်တာကွ"

"ဗျာ. . သရဲနဲ့ တိုက်တယ် ဟုတ်လား ဘိုး"

"အေး ဟုတ်တယ်ကွ၊ အဲဒီကြက်မှာ သရဲဝင်စီးလိုက်တော့ တစ်ဖက်က ကြက်က လန့်ပြီးပြေးတော့တာပေါ့ကွာ"

"ဟင် ကြက်က သရဲကြောက်တတ်လို့လား ဘိုးရဲ့၊ ပြီးတော့ သရဲက အကြီးကြီးလေ၊ ဒီကြက်သေးသေးလေးကို ဝင်ပူးလို့ ရပါ့မလားဗျ"

"သရဲဆိုတာကို လူရော၊ ခွေးရော၊ ကြက်တွေ၊ ငှက်တွေရော အကုန်ကြောက်ကြတာကွ၊ ပြီးတော့ သရဲဆိုတာလည်း အစွမ်းအစရှိတဲ့အကောင် မွေးရတာပေါ့ကွ၊ အဲဒါမျိုးကို ခွေးထားရင် ကြက်ကို ဝင်ပူးလို့ ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ဘိုးပြောတဲ့ ကြက်စွဲကိုယ်ဟုံ ဆိုတဲ့လူကြီးက သရဲမွေးပြီး ကြက်တိုက်စားတာပေါ့ ဟုတ်လား ဘိုး"

"အေး ဟုတ်တာပေါ့ကွာ"

ကျုပ်လည်း ခုမှ ကြားဖူးတာဗျို့။ ကြက်သမားလည်း သရဲမွေးတယ်ဆိုတာ ကျုပ်လည်း ကြားလိုက်ရပေမယ့် ယုံတောင် သိပ်မယုံချင်ဘူးဗျာ။ ဒါပေမဲ့ ဘိုးပုလို ကြက်သမားအိုကြီး တစ်ယောက်က ပြောလို့သာ ကျုပ် ယုံသွားရတာဗျို့။

ကြက်ကို သရဲပူးနိုင်တယ်ဆိုတာ တော်တော်တော့ အံ့သြစရာကောင်းသားဗျ။ ဒါပေမဲ့ ခွေးကို ဝင်ပူးတာတို့ ကျွဲတွေ နွားတွေကို ဝင်ပူးတာတို့တော့ ကျုပ် ကြားဖူးတယ်ဗျ။

ညနေဘက် ကြက်ဝိုင်းက ပြန်လာတော့ ကျုပ် ဒီအကြောင်းကို နှစ်ခါ သုံးခါလောက် တွေးမိတယ်ဗျို့။ ကျောက်ခဲကတောင် သူ့အိမ်ကို မပြန်ခင်မှာ ကျုပ်ကို ပြောသွားသေးတယ်ဗျ။

"သရဲက ကြက်ကို ဝင်ပူးလို့ရတယ်ဆိုတာကို ကျုပ် တော်တော်အံ့သြတာဗျ။ ဒါပေမဲ့ ဘိုးပုက ကြက်သမားကြီး ဆိုပေမယ့် မဟုတ်တာ ဘယ်တုံးကမှ ပြောတဲ့လူ မဟုတ်ဘူးဗျ၊ ကြက်သမားဆိုပေမယ့် ရပ်ရေးရွာရေးဆိုရင် ဘိုးပု မပါဘဲ ဘယ်တော့မှ ပြီးတာမဟုတ်ဘူးလေဗျာ"

ကျုပ်လည်း ကျောက်ခဲခေါ်လို့ ကြက်ဝိုင်းလိုက်သွားပြီးတော့မှ ဗဟုသုတတွေ တော်တော်တိုးလာတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆိုတာကတော့ အမြဲပြောင်းလွဲနေတာပေါ့ဗျာ။ ဆောင်းရာသီကုန်ရင် နွေရာသီရောက်မှာပဲပေါ့။ နွေရာသီကုန်တော့လည်း မိုးရာသီပေါ့ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်က နွားစာစဉ်းနေတာဗျ။ အိမ်ဘေးက ပြောင်းရိုးစဉ်းတဲ့ခုံမှာ။ ကျောက်ခဲဗျ၊ ဒီကောင် ဘာဖြစ်လာပြန်ပြီလည်း မသိပါဘူးဗျာ။ အချိန်က ညနေစောင်း ငါးနာရီလောက်ရှိပြီဗျ။ ကျုပ်ကလည်း ပြောင်းရိုးစဉ်းလက်စကြီးဆိုတော့. . .

"ကျောက်ခဲရေ လာဟေ့၊ ငါ ဒီမှာ စဉ်းခုံမှာဟေ့"

ကျုပ်ဆီကို ကျောက်ခဲ ရောက်လာတယ်။ ကျုပ်က ပြောင်းရိုးတွေကို လက်နှစ်ဖက်နဲ့ဆုပ်ပြီး ဓားအောက်ကို ထိုးထည့်တယ်။ ခြေထောက်ကလည်း နင်းပြားကို နင်းတယ်။

"ဖြို၊ ဖြို၊ ဖြို၊ ဖြို"

ဆိုတဲ့အသံနဲ့ လက်နှစ်ဆစ် သုံးဆစ်အရှည် ပြောင်းရိုးလေးတွေ တောင်းထဲကို ကျလာတယ်။

"ကိုကြီးတာတေရေ ကိုသင်ကြီးတော့ သေပြီဗျ"

"ဟေ ကြက်စွဲကိုသင်လားကွ၊ ဘာဖြစ်လို့တုံး"

"ဘန့်ဘွေးကုန်းက ကြက်သမားတွေနဲ့ ကြက်တိုက်တာ ရန်ဖြစ်ကြလို့တဲ့ဗျို့၊ ဘန့်ဘွေးကုန်းက ကြက်စွဲတွေနက ဓားနဲ့ ထိုးတာတဲ့ဗျာ၊ ကိုသင်လို ကြက်သမားတွေပဲလေဗျာ၊ ကိုတွေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲနေတဲ့ ကိုဘမောင်နဲ့ ကိုထော်ကြီးတို့က ဝိုင်းချုပ်ပေးတာဆိုပဲ၊ အခုတော့ ဘန့်ဘွေးကုန်းသူကြီးက သုံးယောက်လုံး ဖမ်းပြီး ထိတ်တုံးခတ်ထားလိုက်ပြီတဲ့ဗျ၊ ရဲတွေလည်း သွားခေါ် နေပြီပြော တယ်"

"ဟာ ဒါဆို ကိုသင့်အလောင်းက ဘန့်ဘွေးကုန်းမှာပေါ့"

"ဟုတ်တယ် ကိုကြီးတာတေ၊ သူ့အိမ်ကလူတွေရော ဘိုး ကြီးရော လိုက်သွားကြတယ်၊ အလောင်းကတော့ မြို့ကို သယ် သွားမှာတဲ့ဗျ၊ ဟိုမှာ ရင်ခွဲပြီး စစ်ရဦးမှာဆိုပဲ"

"အင်း ဒါဆိုရင်တော့ မြို့မှာပဲ သင်္ဂြိုဟ်ရမှာကွ၊ ဒီမှာက ဆွမ်းသွတ်ဖို့ပဲရမှာ၊ ဘယ်လိုဖြစ်ကြတာတုံးကွ၊ ကိုသင်နဲ့ အဲဒီလူ တွေနဲ့က ကြက်တိုက်ဘက်တွေပဲ ကျော်ခဲရ"

"မသိပါဘူး ကိုကြီးတာတေရာ၊ ကြက်ဝိုင်းဆိုတာကလည်း ငြင်းကြခုန်ကြ၊ မူးကြရူးကြတဲ့နေရာမို့လားဗျာ၊ အရက်တွေဘာ တွေ မူးနေလို့ရှိမှာပေါ့"

ကျော်ခဲပြောတာလည်း ဟုတ်တာပဲဗျ။ ထူးဆန်းတာက ကိုသင့်အသုဘ ရက်လည်တဲ့နေ့ဗျ။ အလောင်းကတော့ မြို့မှာပဲ သင်္ဂြိုဟ်လိုက်တယ်။ ရက်လည်ဆွမ်းကတော့ သူ့အိမ်မှာပဲ သွတ် တာပေါ့ဗျာ။ ပြောရဦးမယ်ဗျ၊ ကိုသင်ဆိုတာက အသက်သုံးဆယ် ကျော်ပြီ။ အရပ်ပုပြတ်ပြတ်၊ ဗလကောင်းကောင်း လူက ကြည့် လိုက်ရင် အမြဲတမ်း မှုန်တေတေနဲ့ဗျ။ သူ့မိဘတွေက ကျုပ်မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေလိုပဲ တောင်သူတွေပါဗျာ။ ကိုသင့်ကျမှ ဘယ်လိုဖြစ်ပြီး ကြက်သမားဖြစ်တယ် မသိပါဘူးဗျာ။ ရွာထဲကလူကြီးတွေက ပြောတယ်ဗျ။ ငယ်ငယ်တည်းက ကြက်တိုက်တာ ဝါသနာပါလို့ မိဘတွေ မသိအောင် ကြက်ခိုးတိုက်တာဆိုပဲဗျ။ သူ့မိဘတွေ သိရင် ရိုက်ပုတ်ပြီး ဒီအကျင့်ဆိုးကို ဖျောက်ခိုင်းတာတဲ့ဗျ။ ဘယ်လို ပဲရိုက်ရိုက် ကိုသင်ကတော့ ကြက်တိုက်တာပဲတဲ့ဗျ။

နောက်ဆုံးတော့လည်း မိဘတွေက ကြည့်နေရတော့တာ တဲ့ဗျာ။ ကိုသင့်မှာ မဖြူဆိုတဲ့ ညီမတစ်ယောက်ရှိတယ်။ ကိုသင် က အိမ်ထောင်မကျပေမဲ့ မဖြူကတော့ ကျုပ်တို့ ထနောင်းကုန်း သားနဲ့ပဲ အိမ်ထောင်ကျတာပါ။ ကလေးတောင် နှစ်ယောက် ရနေပြီ။

ကိုသင် ရက်လည်တဲ့နေ့က ရွာထုံးစံအတိုင်း ဝက်သား ဟင်း အကောင်းစားချက်ပြီး ထမင်းကျွေးတာပေါ့ဗျာ။ ကိုသင့် အတွက်လည်း ထမင်းပွဲပြင်ပြီး ဝိုင်းထဲမှာ ကျွေးထားတာဗျ။

ကျုပ်လည်း ထမင်းကျွေးတဲ့တာဝန်ယူပြီး ဧည့်သည်တွေ ကို ကျွေးမွေးနေတာဗျ။ ဒီတုန်း ကျောက်ခဲ ရောက်လာတာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ၊ ခဏ ခဏ"

ကျုပ်က ကျောက်ခဲနောက်ကို ခပ်သုတ်သုတ် လိုက်ခဲ့ တယ်။

"ဟိုမှာကြည့်စမ်း၊ ခွေးနက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်သားပဲကွ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးကွ"

"ကိုသင့်ကို ကျွေးထားတဲ့ ထမင်းကို စားနေတာ၊ ကျုပ်ထွက်ရိုက်လွှတ်လိုက်ရမလား"

"ဟကောင် မလုပ်နဲ့ ကျောက်ခဲ၊ အဲဒါ ကိုသင် ဖြစ်လိမ့်မယ်၊ မလုပ်နဲ့၊ မလုပ်နဲ့"

လူတွေကတော့ စားကြသောက်ကြနဲ့ ဒါကို ဘယ်သူမှ မမြင်လိုက်ကြဘူးဗျ။ ကျောက်ခဲနဲ့ ကျုပ်နဲ့ပဲ မြင်လိုက်တာ။

"ကျောက်ခဲ ဒီခွေးနက်ကြီးကို ရွာထဲမှာ မြင်ဖူးလား"

"မမြင်ဖူးပါဘူးဗျာ၊ ဒီခွေးက ရွာထဲကခွေး မဟုတ်ပါဘူး"

"ဒါဆိုရင်တော့ ကိုသင်ဖြစ်ဖို့ များတယ်ကွ၊ တစ်ခါတလေမှာ လူတွေက တစ္ဆေကိုမြင်ရင် ခွေးပုံစံနဲ့ မြင်ရတယ် ပြောတယ်"

ဟော ခွေးကြီး သွားပြီဗျ။ အောင်မာ အိမ်ထဲကို လှည့်ကြည့်နေတယ်ဗျို့၊ ဟာ ကျုပ်တို့နှစ်ယောက်ကိုလည်း လှည့်ကြည့်နေတယ်ဗျ၊ ဟော ထွက်သွားပြီ၊ ထွက်သွားပြီ။

ခွေးနက်ကြီး ဝိုင်းထဲကနေပြီး ပြေးထွက်သွားတော့မှ ကျောက်ခဲနဲ့ ကျုပ်နဲ့ အိမ်ထဲပြန်ဝင်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြတာဗျို့။

ကိုသင်ကို သတ်တဲ့ ကြက်စွဲငတွန် ဆိုတဲ့လူက ထောင်ခုနစ်နှစ် ကျတယ်။ ဘေးက ဝင်ပါတဲ့ ကိုထော်နဲ့ ကိုဟိမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



က ထောင်လေးနှစ်စီ ကျတယ်ဗျ။

သေတဲ့လူ ကြာရင်မေ့ဆိုတဲ့ စကားအတိုင်းပေါ့ဗျာ။ ကြာတော့လည်း သေသွားတဲ့ ကြက်စွဲကိုသင် ဆိုတဲ့လူကို မေ့သွားကြတာပါပဲ။

နှစ်နှစ်လောက်ကြာတော့ ကိုသင့်ကိုသတ်တဲ့ ဘန့်ဒွေးကုန်းသားတွေ ထောင်ကလွတ်လာကြတယ်ဗျို့။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာကြတာဗျ။ ကြက်သမားတွေပဲဗျာ၊ ထောင်ကလွတ်တာနဲ့ ကြက်ဝိုင်း ပြန်ရောက်တော့တာပေါ့။

ဒီနေ့တော့ ကျုပ် ဘယ်မှမသွားဘဲ အိမ်မှာ နားနေတာဗျ။ မနေ့ကပဲ ဆရာတော့်ကျောင်းက ကထိန်ပြီးသွားတာလေ။ ဆရာတော့်ကျောင်းကထိန်ဆိုရင် ကျုပ်က လွတ်ပင်ပန်းတာဗျို့။ ဆရာတော်ကလည်း ကျုပ်ကို လွတ်အားကိုးတာဗျ။

"တာတေရော ခေါ်လိုက်စမ်း"

"တာတေ၊ ရေစည်တွေ ပြည့်ရဲ့လား"

"ကထိန်ကြွမယ့် ဆရာတော်တွေကို ဂရုစိုက်၊ မလစ်စေနဲ့"

"တာတေ ကျောင်းကမိုက် မကောင်းရင် ဒကာကြီးဦးစီတို့ အိမ်ကမိုက်ကို ကြိုယူထား"

"တာတေ ထမင်းကျွေးရုံကို မဟာစေနဲ့၊ ဒီနှစ်ကထိန်လာတဲ့လူ ပိုများတယ်ကွ၊ လောက်လောက်ငငရှိရဲ့လား"

ဆရာတော်က ခဏခဏ ခေါ်နေတော့ ကျုပ်မှာ လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



-တွေ ပြေးလုပ်လိုက်ရ ဆရာတော် ခေါ်တယ်ဆို ပြေးလာလိုက်ရနဲ့ လူလည်း ဖတ်သီတိုက်နေတာဗျို့။

တကယ်တော့ သူ့အဖွဲ့နဲ့သူ၊ သူ့တာဝန်နဲ့သူ ခွဲပြီးသားပါဗျာ။ ဆရာတော်က ပူပန်တတ်လို့သာ မေးနေတာ ရှိမှာ။ လုပ်ထားကိုင်ထားလိုက်ကြတာ အားလုံးကို ထောင့်စေ့နေတာပါ။

ကျုပ်က နွှေရာသီမှာမှ မန်ကျည်းပင်ကြီးရဲ့အရိပ်ခိုတာဗျ။ ခုလိုဆောင်းဆိုရင် ထမင်းစားပြီးတဲ့အခါ အိမ်ပေါ်က တန်းလျားမှာပဲ တစ်ရေးအိပ်လိုက်တာ။ တန်းလျားမှာ ဝါးပိုးခြမ်းလေး ခေါင်းအုံးပြီး မှေးလိုက်တာပေါ့ဗျာ။ မအိပ်ခင်တော့ နဂါးဆေးပေါ့လိပ်ကလေး ဖွာရသေးသဗျ။

ဒါကတော့ အညာသား စည်းစိမ်ပေါ့ဗျာ။

ကျုပ် မှေးမှေးနဲ့ အိပ်ပျော်ကာစ ရှိပါသေးတယ်ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျောက်ခဲဗျ။ ကျုပ် ထကြည့်လိုက်တယ်။ အောင်မာသံမဏိပါ ပါလာတာဗျ။

ဒီကောင်နှစ်ကောင် ကျုပ်ဆီကို တန်းတက်လာတာဗျ။

"ဟေ့ကောင်တွေ လာကြ၊ မင်းတို့နှစ်ယောက်လည်း ဆရာတော့်ကထိန်မှာ ပင်ပန်းကြတာပဲ၊ နည်းနည်းမှ မနားကြဘူးလား"

"နားမလို့ပဲဗျ၊ ကြက်ဝိုင်းက သိပ်ကောင်းနေတော့ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ာတေကို လာခေါ်တာဗျ"

"ဟာ ငါမလိုက်တော့ဘူးကွာ၊ အိပ်ချင်နေလို့ကွ"

"လာပါဗျာ၊ အိပ်တာက ညရောက်မှ အိပ်လည်းရတာပဲ၊ ကြက်ဝိုင်းက တော်တော်ကောင်းတာဗျ၊ မြို့ကတရုတ်တွေ ဆင်း ာတာ၊ လောင်းကြေးလည်း တော်တော်များတယ်၊ သောင်းချီ ိုတယ်လို့ ပြောတယ်ဗျ"

"ဟေ ဟုတ်လား၊ ဘယ်မှာ တိုက်မှာတုံး"

"ရွာမြောက်ပိုင်းက ကိုသက်တင်ကြီးတို့ဝိုင်းမှာဗျ၊ အဲဒီဝိုင်း ြီးက ကျယ်တယ်လေဗျာ၊ ပြီးတော့ သူကြီးအိမ်နဲ့လည်း ဝေး ာယ်မို့လား၊ တော်ရုံတန်ရုံအသံလောက်တော့ သူကြီး မကြား ူးပေါ့ဗျာ"

ကျုပ်တို့ရောက်တော့ ကြက်ဝိုင်းက စတောင် စတော့မယ် ျ၊ လောင်းကြေးတောင် ထပ်ပြီးပြီ။ ကြက်အခြေအနေကြည့်ပြီး ာက်ဖျားဆွဲမယ့် လူတွေက ပြူတစ်၊ ပြူတစ် လုပ်နေကြတာပေါ့ ား။

ဒိုင်က ဘိုးပု မဟုတ်ဘူးဗျ။ ဘယ်ကလူလည်း မသိဘူး။ ျုပ်တို့ရွာသားတော့ မဟုတ်ဘူးဗျ။

ပွဲစပြီဆိုကတည်းက ကြက်နှစ်ကောင်က တစ်ကောင်နဲ့ ာစ်ကောင်ပတ်ပြီး ချောင်းနေတာဗျ။

ကြက်ကြီးတွေက ဒေါင်မြင့်ကြီးတွေဗျ။ နှစ်ကောင်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ပြားလောက်ရှိတဲ့ အကောင်ကြီးတွေ။ မြို့ကကြက်က ဖိမ်းဗျ။ ကျုပ်တို့ထနောင်းကုန်းကြက်က ဖောင်းကြီးဗျ။ ဘယ်သူ့ကြက်မှန်းတော့ မသိဘူး။ အမောက်ကြီးတွေကလည်း နှစ်ကောင်လုံး မောက်ဒိုးတွေချည်းပဲဗျို့။ တစ်ခုထူးခြားတာက ထနောင်းကုန်းကြက်ဗျ။ ခြေထောက်က ချေကြေးတွေက နှစ်တန်း သုံးတန်း တန်းနေတာ မဟုတ်ဘူးဗျ။ ဟိုတစ်ကွက်၊ ဒီတစ်ကွက်နဲ့ ကျောက်ခဲတုံးလို မာနေတာ၊ အရောင်ကလည်း မည်းမည်းကြီးဗျ။

ကျုပ် သဘောပေါက်သွားပြီဗျို့။ ထနောင်းကုန်းကြက်က တောကြက်နဲ့ စပ်ထားတာဗျ။ ဒီကြက်မျိုးက အင်မတန် အခုန်အပျံကောင်းတာ၊ ပြိုင်ဘက်ကို အသေခွပ်တတ်တယ်။ တောကြက်ရဲ့သဘာဝက တစ်တောမှာ တစ်ဗိုလ်ပဲရှိတာလေဗျာ။ ဒါကြောင့်လည်း တစ်တော တစ်ကြက်ဖတွန်လို့ ပြောကြတာပေါ့။

နှစ်ကောင်လုံး တွေ့တာနဲ့ တစ်ချက်စီ ပစ်လိုက်ပြီးပြီဗျ။ နှစ်ကောင်လုံးက ကြက်ဆုတ် ကြက်လှန်တွေ မဟုတ်ဘူး၊ ကြက်လိမ္မာတွေဗျ။

တစ်ဘက်က ပစ်လိုက်ရင် ဆီးပြီးမဆိုင်ဘူးဗျ။ နောက်ကို နည်းနည်းလေးဆုတ်ပြီး ရှောင်တယ်။ ဟိုဘက်ကကြက် ပြန်အကျမှာ အောက်ကပင့်ပြီး ဖျန်းကနဲ ခွပ်တာဗျ။

နှစ်ကောင်လုံး ခွပ်လန်းက တူနေတယ်ဗျ။ ခွပ်လုံးကလည်း မတိမ်းမယိမ်းပဲ။ သိုင်းသမားတွေ၊ လက်ဝှေ့သမားတွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ဆရာတည်းထွက်လို့တောင် ပြောရင်ရမယ်ဗျာ။ ချွန် စိတ်ထင်တော့ ဒီကောင်ကြီးနှစ်ကောင် ပွဲက ရေရှည်မယ်ထင် တယ်။ နောက်ဆုံးတော့ အသည်းကောင်းတဲ့အကောင် နိုင်သွား ပေါ့ဗျာ။

ကြက်နှစ်ကောင် စည်းရောက်လိုက်၊ ကြက်ခွဲတွေက ကောက်လိုက်၊ ကုသပြီး ပြန်ချလိုက်နဲ့ သုံးခါတောင် တောက်ပြီး ပြီဗျ။ လက်ဖျားတွေလည်း လောင်းကြေးတွေ ခေါ်ကြပြီပေါ့ဗျာ။ ထနောင်းကုန်းကြက်က လက်ဖျားမှာ အပေါ်ကြေးဗျ။ မြို့က ကြက်က အောက်ကြေးပဲဆွဲတာ။

မြို့ကကြက်ကို ကောက်တဲ့ ကြက်စွဲက မြို့ကပါလာတဲ့ တရုတ်ကပြားတစ်ယောက်ဗျ။ ကျုပ်တို့ ထနောင်းကုန်းကြက်ကို ကောက်တာက ဘန့်ဘွေးကုန်းက ကြက်စွဲကိုထော်ဗျ။

ကိုထော် ဆိုတာက ကိုသင့်ကို သတ်တုန်းက ပါတဲ့လူလေ ဗျာ။ သူလည်း ထောင်ထွက်ပဲပေါ့။ ကိုထော်လို့ ခေါ်တာက ဒီလူ က နှုတ်ခမ်းထော်ကြီးနဲ့ဗျ။ အပေါ်နှုတ်ခမ်းက ထော်ထော်ကြီး။

ကြက်ကို ခွပ်စေချင်ရင် ကြက်စွဲက အမြီးကို မှုတ်ပေးရ တယ်ဗျ။ မြို့ကတရုတ်ကလည်း သူ့ကြက်ကို အမြီးကို ကုန်းပြီး မှုတ်တယ်။ ကိုထော်ကလည်း သူ့ကြက်ကို ကုန်းပြီးမှုတ်တာပေါ့ ဗျာ။

ကြည့်နေတဲ့ ကြက်ဝါသနာအိုးတွေကလည်း အသက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရှုရဲ့လား မသိပါဘူးဗျာ။ ငြိမ်နေကြတာဗျ။ ကြက်နှစ်ကောင်ကလည်း ဝိုင်းထဲမှာ တစ်ပတ်ပတ်ပြီး တစ်ကောင်နဲ့တစ်ကောင် ချောင်းနေတယ်။

ဟော ထနောင်းကုန်းကြက်က ခြေထောက်ကို ကွေးပြီး ခုန်ပြီဗျို့။ ဟာ အမြင့်ကြီးဗျ။ ကြက်တစ်ရပ်ကျော်သွားတယ်။ ကြက်စွဲကိုထော်က သူ့ကြက်ကို အံ့ဩပြီး မော့ကြည့်တယ်။

"ဖုန်း"

"အား"

"ဟာ"

"ဟ သွေးတွေ၊ သွေးတွေ ဟာ ကိုထော် ဘာဖြစ်တာတုံး"

ကြက်က တအားခုန်လိုက်ပြီး တစ်ဖက်ကကြက်ကို ခွပ်တာမဟုတ်ဘူးဗျ။ ကြက်စွဲကိုထော်ရဲ့မျက်နှာကို ခွပ်လိုက်တာ၊ ကျုပ် သေသေချာချာ မြင်လိုက်တာဗျ။ ငါးရခါးမားကောက်ကြီးလို ကော့နေတဲ့ အတက်ကြီးနှစ်ချောင်းက ကြက်စွဲကိုထော်ရဲ့ မော့ကြည့်နေတဲ့ မျက်လုံးနှစ်လုံးထဲကို တန်းဝင်သွားတာဗျ။

'ဖုန်း'ကနဲ မျက်နှာကို ထိသွားချိန်မှာ အတက်ကြီးတွေက မျက်လုံးတွေကို ဖောက်ဝင်သွားတော့ ကိုထော်က 'အား'ကနဲ အော်လိုက်တာဗျ။ 'ဟာ'ဆိုတာက ကြက်ပွဲပရိသတ်က လန့်ပြီး အော်လိုက်တာပေါ့ဗျာ။ ဒီအထဲမှာ ကျုပ်ရဲ့အသံလည်း ပါမှာပေါ့။

လူတွေက ကိုထော့်ကို ပြေးပွေ့ကြတယ်။ မြို့ကတရုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြက်စွဲကလည်း သူ့ကြက်ကို ကောက်လိုက်တယ်။ ထနောင်း ကုန်းကြက်ကတော့ ဝိုင်းထဲမှာ ယောင်လည် ယောင်လည်နဲ့ဗျ။ သူ့ကိုကောက်မယ့်သူ မရှိဘူး။ အတက်တွေမှာလည်း သွေးတွေ ငိနေတာဗျို့။ နောက်တော့ ကြက်ဝိုင်းဒိုင်ကပဲ ထနောင်းကုန်း ကြက်ကို ဝင်ကောက်လိုက်တယ်။

ကြက်ပွဲ ပျက်သွားတာပေါ့ဗျာ။ အလျော်အစားလုပ်လို့ ရတော့ဘူးလေ။ အရှုံးအနိုင်မှ မပေါ်သေးတာ။ ဒီတော့ လောင်းကြေးငွေတွေ ပြန်ပေးလိုက်ကြတယ်။

ကိုထော်ကို လှည်းနဲ့ ဘန့်ဘွေးကုန်းကို လိုက်ပို့လိုက်ကြ တယ်။

ကျုပ်လည်း အိမ်ပြန်လာပြီး တန်းလျားပေါ်မှာ ပြန်ပြီးအိပ် နေလိုက်တယ်။

"ကိုကြီးတာတော၊ ကိုကြီးတာတော"

ဟင် ကျောက်ခဲ ရောက်လာပြန်ပြီဗျ။ ဒီကောင် အိမ်မပြန် ဘဲ ရွာထဲလျှောက်သွားနေတယ်ထင်တယ်။ ကျုပ်လည်း တန်း လျားမှာ ထထိုင်လိုက်တယ်။

"ဟေ့ကောင် ကျောက်ခဲ အိမ်မပြန်သေးဘူးလား၊ ကြက် ဝိုင်းလည်း ပျက်သွားပြီပဲ"

"ပြန်တယ်ဗျ၊ အခု အိမ်ကပြန်လာတာ၊ ကြက်စွဲကိုသော် ကြီးသတင်း ကြားပြီးပြီလား"

www.burmeseclassic.com



"ဟော့အေး သူ့ကို လှည်းနဲ့လိုက်ပို့ကြတယ်လေ၊ သူတို့ ဘန့်ဘွေးကုန်းက ကြက်သမားတွေ ပွဲခေါ်သွားတာပဲလေကွာ"

"ကိုကြီးတာတေ၊ ကိုထော်ကြီး ဆုံးသွားပြီ"

"ဟော. . . ဟုတ်လား"

"လှည်းရွာထဲဝင်ရုံပဲရှိသေးတယ်၊ လှည်းပေါ်မှာတင် ဆုံးသွားတာတဲ့ဗျ"

"ဟေ ဘယ်လိုဖြစ်တာတုံးကွ၊ မျက်စိထိတာ မျက်စိကန်းရုံ ပဲရှိရမှာပေ့ါ၊ ဘာဖြစ်လို့ လူပါသေရတာတုံး"

"ရွာထဲက လူတွေကတော့ ပြောနေတာက ထနောင်းကုန်း ကြက်ရဲ့အတက်မှာ အဆိပ်လူးထားသလို ဘာလိုပြောကြတာပဲဗျ"

"ဟာ မဟုတ်နိုင်တာကွာ၊ ကြက်သမားတွေ ဒါမျိုးလုပ် တယ် မကြားပါဘူးကွာ၊ နို့ နေပါဦး၊ တို့ရွာက ကြက်က ဘယ်သူ့ ကြက်တုံး"

"အရှေ့ပိုင်းက ကိုဖိုးမောင်ဆိုတဲ့လူရဲ့ ကြက်တဲ့ဗျ"

"ကိုဖိုးမောင် ဆိုတာ ဘယ်သူပါလိမ့်"

"ကိုကြီးတာတေ သိပ်မရင်းနှီးဘူးဗျ၊ ဆရာတော်ကျောင်း သွားတဲ့လမ်းရဲ့ တောင်ဘက်က ဝိုင်းကဗျ"

"အေးကွာ၊ အလမ္မာယ်ဆရာ မြွေနဲ့သေတယ်ပဲ ကြားဖူး တယ်၊ ကြက်သမား ကြက်နဲ့သေတယ်ဆိုတာတော့ တစ်ခါမှလည်း မကြားဖူးပါဘူးကွာ၊ ပြောရရင်တော့ ကိုသင့်ကို သတိတော့ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးသွားတာပဲ နေမှာပေါ့ကွာ"

"ဟုတ်တယ် ကိုကြီးတာတေရဲ့၊ ကျုပ်အဘကလည်း ဒီအတိုင်းပဲ ပြောတယ်ဗျ"

ကျုပ်မျက်စိထဲမှာတော့ ဒေါသတကြီးနဲ့ ခုန်လိုက်တဲ့ ကြက်ဖ တစ်ကောင်ရဲ့ အတက်ချွန်ချွန်ကြီးနှစ်ခု ကြက်စွဲကိုထော်ရဲ့ မျက်လုံးထဲကို ဖောက်ဝင်သွားတာကိုပဲ မြင်နေတော့တာပေါ့ဗျာ။

ကြက်သမားအသုဘမှာ ကြက်သမားတွေ စုံတာပေါ့ဗျာ။ ကြက်သမားစုံတော့လည်း ကြက်အကြောင်းတွေ ပြောကြဆိုပဲ။ ဘယ်တုန်းက ဘယ်ဝိုင်းမှာ၊ ဘယ်ကြက်က ဘယ်လိုခွပ်တာပေါ့ ဗျာ။ ကြက်စွဲက ဘယ်လိုတော်တာပေါ့၊ ကြက်က ရှုံးမလိုဖြစ်နေ တာကို ကြက်စွဲကောင်းလို့ နိုင်ခဲ့တဲ့အကြောင်းတွေ မနားတမ်း ပြောကြတာတဲ့ဗျာ။

နောက်တော့ ကိုထော်ကို ခွပ်လိုက်တဲ့ ကျုပ်တို့ထနောင်း တုန်းကြက်ကို စိတ်ဝင်စားသွားကြရောတဲ့ဗျာ။ အဲဒီကြက်နဲ့ ငွေ ဘွင်းကုန်းက ကိုရှိန်းမောင်ရဲ့ကြက် 'ဗန္ဓုလ'နဲ့ တိုက်လိုက်ရရင် တော်တော်ကြည့်ကောင်းမယ့်ပွဲလို့ ပြောကြသတဲ့ဗျို့။

ဒါနဲ့ နောက်ဆုံးတော့ ကိုထော်ရက်လည်ပြီး နောက် တစ်နေ့မှာ ကြက်တိုက်ဖို့ ချိန်းကြတယ်ဆိုပဲ။ နေရာကတော့ ဟိုနေ့က ဝိုင်းပဲတဲ့ဗျ။ ရွာမြောက်ပိုင်းက ကိုသက်တင်တို့ဝိုင်းပဲတဲ့ ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခဲ့ လာခေါ်တာနဲ့ ကျုပ်လိုက်သွားတယ်။ လူမှုဘ
ဝိုင်းထဲပြည့်နေရောဗျို့။ လောင်းကြေးလည်း တော်တော်များ
တယ်တဲ့ဗျ။

ဗန္ဓုလက ဖြာမဝိုင်းကြီးဗျ။ ထနောင်းကုန်းကတော့ ဖော
ကြီးပေါ့ဗျာ။ ဗန္ဓုလဆိုတဲ့ကောင်ကြီးကလည်း ဘယ်တုန်းကမှ
မရှုံးဘူးတဲ့ဗျ။ ပွဲတိုင်းနိုင်တဲ့ အကောင်ဆိုပဲ။

ပွဲကြီးပွဲကောင်းဆိုပြီး ကြိတ်ကြိတ်တိုးနေတော့တာပေ
ဗျာ။ ဒိုင်က ဒီတစ်ခါ ဘိုးပုကြီးဗျ။ ထနောင်းကုန်းကြက်စွဲက
ကြက်ပိုင်ရှင် ကိုဖိုးမောင် ကိုယ်တိုင်ပဲဗျ။ ဗန္ဓုလရဲ့ကြက်စွဲက
ကိုသင်ကိုသတ်ပြီး ထောင်ကျသွားတဲ့ ကြက်စွဲကိုတွန်ဗျ။ ထနောင်း
ကုန်းသားတွေကတော့ ဒီလူကို သိပ်အကဲမရဘူးဗျ။ ကိုယ့်ရွာ
သားကို သတ်တဲ့ကောင်ကိုးဗျ။

ဒါပေမဲ့ ထောင်ထွက်ကိုတွန်ကတော့ ဘာမှမဖြစ်တဲ့ပုံပဲဗျ
ကြက်ကလွဲရင် ဘာကိုမှ မသိတဲ့လူပါဗျာ။

ဝိုင်းစပြီဆိုကတည်းက နှစ်ကောင်ဆိုင်ပြီး ပစ်တော့တာဗျ

"ဗျန်း" "ဗျန်း" နဲ့ကိုနေတာ။ အတက်တွေလည်း စူးတာ
ဗျာ။ နှစ်ကောင်လုံး စူးတာဗျ။ ဒါပေမဲ့ တကယ်ကြက်မိုက်ခဲကြ
တွေနဲ့ တူပါတယ်ဗျာ။ နည်းနည်းမှကို တုန့်မသွားဘူးဗျ
နှစ်ကောင်ဆိုင်ပြီး မနားတမ်းခွပ်နေတော့တာဗျ။

တစ်ချက်မှာတော့ ကျုပ်တို့ထနောင်းကုန်းကြက်က အမေ



www.burmeseclassic.com

www.burmeseclassic.com



ကို ထပဲ့တယ်။ ခုန်တာမဟုတ်ဘူးဗျ၊ ပျံတာ။ ပြန်အကျမှာ ဟိုဘက်ကြက်ကို အပေါ်စီးကနေ ဘယ်ညာ ဆင့်ခုတ်တာဗျို့။

ဒါပေမဲ့ ဗန္ဓုလ ဆိုတဲ့ကောင်ကလည်း ပွဲတိုင်းကျော်တဲ့ အကောင်ပဲဗျာ။ ခေါင်းကို လွတ်အောင် ရှောင်လိုက်ရောဗျ။ ဒီမှာတင် ထနောင်းကုန်းက ကြက်ရဲ့ခေါင်းက ဗန္ဓုလရဲ့ ခြေကြားကို ဝင်သွားတာဗျို့။

"ဖျန်း"

ကဲ တွယ်ပြီဗျာ။ ဒီတစ်ခါတော့ မိမိရရကို တွယ်တာဗျို့။ ကျုပ်တို့ကြက် မျက်နှာတောင် နောက်ကိုလန်ထွက်သွားတယ်ဗျို့။ လက်ဖျားတွေ ဆွဲလိုက်ကြတာဗျာ ကျွက်ကျွက်ကိုညံသွားတာဗျို့။

ကိုဖိုးမောင်က သူ့ကြက်ကို ထူပေးပြီး အမြီးကို မှုတ်ပေးတယ်ဗျ။ ကျုပ်တို့ရွာက ကြက်က တော်တော်လေး နာသွားတော့ ဒေါသထွက်နေပုံပဲဗျ။ လည်ဆံမွေးတွေဖွားပြီး လည်ဆံကမ်းထား တယ်။ တစ်ဖက်ကကြက်ကို စိုက်ကြည့်နေတာဗျို့။

ဒီတစ်ချီမှာ သူသေကိုယ်သေ တွယ်တော့မယ့်ပုံပဲဗျ။ ဗန္ဓုလဆိုတဲ့ကောင်ကလည်း ဇက်ကိုစောင်းပြီး ခွပ်လမ်းရှာနေ တယ်ဗျ။ ကိုဖိုးမောင်ကလည်း သူ့ကြက်ကို အမြီးမှုတ်ပေး။ ဟို ဘက်က ကြက်စွဲကိုတွန်ကလည်း ကုန်းပြီး ဗန္ဓုလကို အမြီးမှုတ် ပေးတာပေါ့ဗျာ။ အဲဒီအချိန်မှာ အံ့ဩစရာဖြစ်တော့တာပါပဲဗျာ။

ဗန္ဓုလဆိုတဲ့ ဗြာမဝိုင်းကြီးက ဘာကိုလန့်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဗျ။

"ကရော့၊ ကရော့၊ ကရော့"

ဆိုပြီး ဝိုင်းပြင်ကို ထွက်ပြေးတော့တာဗျ။

ဒီမှာတင် ဗန္ဓုလကြက်စွဲ ကိုတွန်လည်း ပါးစပ်ကြီးဟောင်းလောင်းနဲ့ မြေကြီးမှာ ကုန်းကုန်းကြီး ကျန်နေတော့တာပေါ့ဗျား။

"ဝေး နိုင်ပြီဟေ့၊ နိုင်ပြီ၊ ထနောင်းကုန်းကြက်ကွ"

"ဖျန်း"

"ဖုန်း"

"အောင်မယ်လေးဗျ"

"ဖျန်း"

"ဖုန်း"

"အား"

"ဟာ ကြက်ကောက်၊ ကြက်ကောက်"

ဘိုးပုကြီးအသံဗျ။ ဒီတော့မှ ကြက်စွဲကိုဖိုးမောင်က သူ့ကြက်ကို ပြေးကောက်တယ်။ သူလည်း ကြောင်ပြီးကြည့်နေတာပေါ့ဗျာ။

ဗန္ဓုလဆိုတဲ့ကြက်က 'ကရော့၊ ကရော့'ဆိုပြီး အော်ပြေးတော့ ရှုံးပြီပေါ့ဗျာ။ ဗန္ဓုလက အရှုံးပေးတာပေါ့ဗျာ။ ဒီတော့ ထနောင်းကုန်းက ဖောင်းကြီးကိုလောင်းတဲ့လူတွေ ဝမ်းသာအားရနဲ့ အော်ကြတော့တာဗျို့။ အဲဒီအော်သံလည်းကြားရော



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီးဖြစ်နေတဲ့ ဖောင်းကြီးက ကြက်စွဲကိုတွန်ကို ပြေးခွပ်တော့တာဗျို့။ ကြက်လန့်ပြီး ခွပ်တာလားတော့ မသိဘူးဗျ။

ကျုပ်သေသေချာချာ မြင်လိုက်တာပဲဗျာ။ ပထမတစ်ချီက ကုန်းကုန်းကြီးလုပ်နေတဲ့ ကြက်စွဲကိုတွန်ရဲ့ မျက်လုံးနှစ်လုံးထဲကို ဂေါ် ရခါးမားကြီးလို ကော့နေတဲ့ အတက်ကြီးနှစ်ခု အရင်းအထိ ဝင်သွားတာဗျ။ အဲဒီမှာ ကိုတွန်က 'အောင်မယ်လေး' အော်ရင်းနဲ့ ဖင်ထိုင်ရက်ကျသွားတဲ့အချိန်မှာ ဖောင်းကြီးက ဒေါသတကြီးနဲ့ နောက်တစ်ချက် ထပ်ပစ်လိုက်တာ။ ကိုတွန်ရဲ့လည်ပင်းကို အတက်နှစ်ချောင်းလုံး ထိုးဝင်သွားလိုက်တာဗျာ။ မားမြှောင်နဲ့ ထိုးသွင်းလိုက်သလိုပါပဲဗျာ။

ကိုတွန်က 'အား'ကနဲ အော်လိုက်တာနဲ့ တစ်ပြိုင်တည်းမှာပဲ လည်ပင်းက သွေးတွေပန်းထွက်လာတယ်ဗျ။ ကိုတွန် လက်နှစ်ဖက်နဲ့ အုပ်ထားတဲ့မျက်စိတွေကလည်း သွေးတွေစီးကျလို့ဗျာ။

မြင်လို့ကို မကောင်းတော့ပါဘူးဗျာ။ ဒီလူ့တစ်ကိုယ်လုံး သွေးတွေရဲပဒေါင်းခတ်သွားတာဗျို့။

"နိုင်တဲ့လူတွေ ငွေအတွက် စိတ်မပူနဲ့၊ ခဏနေမှ အလျော်အစားလုပ်မယ်"

လို့ ဘိုးပုကပြောပြီး ကိုတွန်ကို မြို့ဆေးရုံပို့ဖို့ လှည်းနွားစီးကောက်ခိုင်းလိုက်တယ်။

လှည်းတွေ ရွာကထွက်သွားတော့မှ လောင်းကြေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အာလျော်အစား လုပ်တာပေါ့ဗျာ။ ငွေတွင်းကုန်းက လူတွေက တော့ သူတို့ကြက်ဖစ္စလကိုခေါ်ပြီး သူတို့ရွာကို ပြန်ကြတယ်။

တစ်သက်နဲ့တစ်ကိုယ် ကြက်က လူကို ဒီလိုဖြစ်အောင် ခွပ်တာကို တစ်ခါမှ မမြင်ဘူးတော့ တော်တော်ကိုအံ့ဩသွားကြ တာပေါ့ဗျာ။

ကျုပ်လည်း ဒီမြင်ကွင်းမျိုးကို ဒီတစ်ခါပါနဲ့ဆိုရင် နှစ်ခါ မြင်ရပြီဆိုတော့ စိတ်ထဲမှာ တော်တော်လေး တုန်လှုပ်သွားတယ် ဗျ။ ကျုပ်အိမ်ပြန်ရောက်ပေမယ့် ဒီအကြောင်းကို တွေးနေတာဗျ။

"ကိုကြီးတာတေရေ"

ဟော ကျောက်ခဲ လိုက်လာတယ်ဗျ။ သံမဏိလည်း ပါလာ တယ်။ ဒီကောင်တွေ ကျုပ်ပြန်သွားတာ မသိလိုက်ဘူးဗျ။ လူက များနေတော့ ကျုပ်လည်း သူတို့နှစ်ယောက်ကို မပြောခဲ့တော့ဘူး ပေါ့ဗျာ။

"ကိုကြီးတာတေရေ ကိုတွန် ဆုံးသွားပြီတဲ့ဗျို့၊ ကျုပ်တို့ရွာ ကထွက်ပြီး သိပ်မကြာဘူး ဆုံးသွားတာတဲ့ဗျို့။ လှည်းကို ဘန့် ဘွေးကုန်းကိုပဲ မောင်းသွားကြတယ်တဲ့ဗျ"

"ဟာ ဆုံးသွားပြီ ဟုတ်လား၊ ဟေ့ ဒါဆိုရင် ဒီကြက် လူ သတ်တာ နှစ်ယောက်ရှိပြီကွ၊ တိုက်ဆိုင်တာတော့ မဟုတ်လောက် ဘူးထင်တယ် ကျောက်ခဲရေ"

"ကျုပ်လည်း ဒီအကြောင်းတွေ ပြောချင်လို့ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တာတေနောက်ကို လိုက်ခဲ့တာဗျ၊ ဘိုးပုကတော့ တစ်ထစ်ချပြောပြီဗျ၊ ပထမတစ်ခါဖြစ်တုန်းကတော့ တိုက်ဆိုင်တာလို့ ထင်တယ်တဲ့၊ ဒီတစ်ခါဖြစ်တာကတော့ တော်တော်ကို ရှင်းတယ်တဲ့ဗျ၊ ကိုသင်က ကြက်ဖကို ဝင်စီးပြီး သူ့ကိုသတ်တဲ့လူတွေကို ပြန်ပြီးလက်စားချေတာတဲ့ဗျို့"

"ဟင် ဘိုးပုက အဲဒီလိုပြောသလား၊ ကြက်ကို သရဲစီးတယ်ဆိုတာလည်း ဘိုးပုပြောတာပဲလေကွာ၊ တော်တော်တော့စဉ်းစားရခက်နေပြီကွ"

"ကျုပ်မျက်စိထဲမှာတော့ဗျာ ကိုတွန်တို့ ကိုထော်တို့မျက်လုံးတွေထဲကို ကြက်အတက်ကြီးနှစ်ချောင်း ဝင်သွားတာပဲ မြင်နေတော့တာပဲဗျာ"

ကျောက်ခဲက ကျုပ်ကိုပြောတယ်။

"အေး ငါလည်း အဲဒီလိုပဲဟေ့၊ တော်တော်ကို ကြောက်စရာကောင်းတဲ့ မြင်ကွင်းကြီးပါကွာ"

ဒီကောင်နှစ်ကောင်လည်း ကျုပ်နဲ့ စကားပြောနေကြတာ ညနေစောင်းမှ ပြန်သွားတာဗျ။ အဘနဲ့ အမေလည်း ဒီအဖြစ်အပျက်တွေကို အံ့ဩနေကြတော့တာပေါ့ဗျာ။

ကျုပ် အဲဒီည မဖဲဝါကို မေးတယ်။ မဖဲဝါက ကျုပ်ကို ခါတိုင်းလိုပဲ အိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ မဖဲဝါက ပြောတယ်ဗျ။

"တာတေ အဲဒါ ကြက်သမားငသင် သတ်တာပဲ၊ ကြက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝင်စီးပြီးသတ်တာ၊ နင်တို့ သေင်ကို ကျွတ်အောင်လုပ်ဖို့ မလွယ်ဘူး၊ ဒီကောင်က အပြုံးအတေးအားကြီးကြီးတဲ့အကောင်၊ ကျန်တဲ့တစ်ယောက် သေပြီးမှ နင်တို့ သူ့ကို ကျွတ်အောင် လုပ်လို့ ရမယ်"

အိပ်ရာကနိုးတော့ ကျုပ်လည်း ဘာလုပ်ရမှန်းမသိတော့ဘူးပေါ့ဗျာ။ ဘန့်ဘွေးကုန်းက ကိုဘမောင်အတွက် ကျုပ်စိတ်မကောင်းဖြစ်ရတာပေါ့လေ။ ကိုသင်ကို သတ်တုန်းက သူလည်း ပါတာမို့လား။

ဒါပေမဲ့ ကိုဘမောင်က လူပါးဗျို့။ ရှေ့ကနှစ်ယောက်ကို ကြက်ခွပ်သတ်လို့ သေပြီဆိုတော့ ကိုဘမောင်က ကြက်တိုက်တာကို အပြီးစွန့်လိုက်တယ်ဗျ။ သူ့အိမ်မှာတောင် ကြက်မမွေးတော့ဘူးဆိုပဲ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ကိုဘမောင်ကြီး ကြက်သားတောင် မစားတော့ဘူးဆိုပဲဗျ။ ကျုပ်လည်း ဝမ်းသာသွားတယ်။ ဒီလူတော့ အန္တရာယ်ကင်းသွားပြီလို့ တွေးမိတာပေါ့ဗျာ။

ဒါပေမဲ့ ကျုပ် ဝမ်းသာတာ မကြာလိုက်ဘူးဗျ။ ကိုထော်တို့ ကိုတွန်တို့ သေပြီး ခြောက်လလောက်ကြာတော့ ဘန့်ဘွေးကုန်းမှာဗျ သူ့သူငယ်ချင်း ကိုကြီးမောင်စိန်တို့အိမ်ကို သွားလည်တာတဲ့ ဗျို့။ ကိုမောင်စိန်ရဲ့ တိုက်ကြက်ကြီးက ကြိုးပြေနေတာ၊ ဘယ်သူမှ မသိဘူးဆိုပဲ။ ကိုဘမောင်က လက်ထဲမှာ ဆုပ်ထားတဲ့ငါးမူးစေ့လေး လွတ်ကျသွားလို့ အမှတ်တမဲ့ ကုန်းကောက်လိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်း 'ဖျန်း' ဆိုတဲ့ အသံကြီး ကြားလိုက်ရတာတဲ့ ဗျို့။ ကိုမောင်စိန်ရဲ့ တိုက်ကြက်ကြီးက ကိုဘမောင်မျက်နှာကို ထခွပ်လိုက်တာဆိုပဲ။ ဒီတော့မှ ကြက်ဖကြီးလွှတ်နေတာကို သိတာတဲ့ဗျာ့။

"အား. . . အောင်မယ်လေးဗျ"

လို့ ကိုဘမောင်ကြီးက အသံနက်ကြီးနဲ့အော်ပြီး ဖင်ထိုင် ရက်ကျသွားရောတဲ့ဗျို့။ မျက်စိတွေကိုလည်း သူ့လက်နှစ်ဖက်နဲ့ အုပ်လို့တဲ့ဗျာ။

ဒီတော့မှ ကိုမောင်စိန်က ဘာဖြစ်လို့တုံးဆိုပြီး ငုံ့ကြည့် တော့ ကိုဘမောင်ရဲ့မျက်လုံးနှစ်ဖက်က သွေးတွေစီးကျလာတာ ဆိုပဲ။ ဒီတော့မှ ကိုဘမောင်ရဲ့ မျက်လုံးထဲကို ကြက်တက်စူးသွား ပြီဆိုတာ သိတာတဲ့ဗျာ။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

"အောက် အီး အီး အွတ်"

ကိုမောင်စိန်ရဲ့ ကြက်ဖကြီးက အတောင်ကို တဖျန်းဖျန်း ခတ်ရင်း တွန်လိုက်တယ်တဲ့ဗျာ။ ကိုကြီးမောင်စိန် ပြောတာက တော့ သူ့ကြက်တွန်တဲ့အသံကြီးက တစ်မျိုးကြီးပဲတဲ့ဗျာ။ ကြက်သံ နဲ့ သိပ်မတူဘဲ လူသံလိုလို ဖြစ်နေတာတဲ့။

ဒါနဲ့ပဲ ကိုမောင်စိန်က ကိုဘမောင်ကြီးကိုတွဲပြီး သူ့အိမ် ရောက်အောင် လိုက်ပို့တယ်တဲ့။ သွေးတွေကတော့ ရှေ့ဘက်ပေါ်

www.burmeseclassic.com



မှာ စီးကျနေတာ ရွှဲနစ်နေတာတဲ့ဗျာ။

သူ့အိမ်ရောက်ပြီး မြို့က ဆေးရုံကိုသွားဖို့ ပြင်တုန်းဆင်တုန်းပဲ ရှိသေးတယ်၊ ကိုဘမောင်က ထိုင်နေရင်းနဲ့ ဇက်ကြီးကျိုးကျပြီး သေသွားတာတဲ့ဗျို့။

ကျုပ်လည်း မဖဲဝါပြောတဲ့အတိုင်း ကိုသင့်မိဘတွေကို အကြိုးအကြောင်းပြောပြီး ကိုသင့်အတွက် တိုးတိုးတိတ်တိတ် ဆွမ်းသွတ်ဖို့ ပြောလိုက်တယ်။ ကိုသင့်ကို သေသေချာချာခေါ်ပြီး သူ့မိဘတွေက အမျှဝေလိုက်ကြတယ်ဗျို့။

ကျုပ်တစ်သက်မှာတော့ "ကြက်စွဲသင်"လို့ ခေါ်ကြတဲ့ ကိုသင်လောက် ရန်ငြိုးကြီးတဲ့သူမျိုး တစ်ခါမှ မတွေ့ဖူးသေးပါဘူးဗျာ။

တာတေ

□□□



www.burmeseclassic.com